# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ ပြာသိုလဆန်း (၃) ရက် ၊ စနေနေ့ ၊ (13-1-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၂၅၈)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Songwit Noonpackdee တို့ Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Songwit Noonpackdee တို့ Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Songwit Noonpackdeeနှင့် ယနေ့ညနေပိုင်းတွင် Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ထိုင်းဘုရင့်တပ်မတော်မှ Air Chief Marshal Chakorn Tawanjang နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံနှင့်နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊

**စာမျက်နှာ ၁၇ ကော်လံ ၄ သို့**




ရတနာပုံ
၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၃ ရက်
အယ်ဒီတာ့အာဘော်

# ကလေးအလုပ်သမားပပျောက်ရေး

လူငယ်နှင့် ကလေးသူငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုအခန်းကဏ္ဍသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ပုံရိပ်ကို ဖန်တီးရာတွင် အလွန်အရေးကြီးသည်။ လူငယ်နှင့် ကလေးသူငယ်များသည် နိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သော အရင်းအမြစ်များဖြစ်သည့်အတွက် လူငယ်နှင့် ကလေးသူငယ်များကို ထူးချွန်ထက်မြက်သူများဖြစ်စေရန် မဖြစ်မနေ ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ပြီး အရွယ်မတိုင်မီ လုပ်ငန်းခွင်သို့ရောက်ရှိခြင်းမရှိစေရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ၏ ၂၀၁၇ ခုနှစ် စစ်တမ်းများအရ ကမ္ဘာပေါ်တွင် အသက် ငါးနှစ်မှ ၁၇ နှစ်ကြား ကလေးသူငယ် ၂၁၈ သန်း အလုပ်လုပ်ကိုင်လျက်ရှိရာ အမျိုးသား ၈၈ သန်းနှင့် အမျိုးသမီး ၆၄ သန်း စုစုပေါင်း ၁၅၂ သန်းခန့်သည် အလုပ်သမားများဖြစ်နေသည်ကိုတွေ့ရပြီး ထိုအထဲတွင် ၇၃ သန်းခန့်သည် အန္တရာယ်ရှိသော လုပ်ငန်းခွင်များတွင် အလုပ်လုပ်ကိုင်နေရသည့် ကလေးအလုပ်သမားများဖြစ်နေသည်။

ယနေ့ ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပေါ်ပြောင်းလဲနေသော ရာသီဥတုဆိုင်ရာ **Global Climate Change** ၏ အကျိုးဆက်များဖြစ်သည့် မုန်တိုင်းဖြစ်ပေါ်ခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ တောမီးလောင်ခြင်း၊ ငလျင်လှုပ်ခြင်း စသည့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကြောင့် စားနပ်ရိက္ခာဖူလုံမှုမရှိခြင်း၊ ပြည်တွင်းပဋိပက္ခတချို့ကြောင့် ဆင်းရဲနွမ်းပါးမှုများနှင့် ရွှေ့ပြောင်းနေထိုင်ရမှုများတွင် ကလေးအလုပ်သမားအသုံးပြုရခြင်းနှင့် ဆက်စပ်နေသည်။ လူမှုစီးပွားဘဝအကျပ်အတည်းများမှ တစ်ဆင့် ကလေးအလုပ်သမား လူငယ်၊ လူရွယ်အလုပ်သမားများသည် ပညာရေးကို ဆုံးခန်းတိုင်အောင် သင်ကြားနိုင်မည့်အခွင့်အလမ်းများ ရွေးချယ်နိုင်မှုမရှိဘဲ ကလေးအလုပ်သမားအဖြစ် အသုံးပြုခံရမှုများကို ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် ဝမ်းနည်းဖွယ်တွေ့ရသည်။

ကလေးအလုပ်သမားလျှော့ချရေးလုပ်ဆောင်ရာတွင် ကလေးများကို လုပ်ငန်းခွင်မှ ရှာဖွေဖော်ထုတ်ဖယ်ရှားပစ်ရုံဖြင့် ကလေးအလုပ်သမားများ ပပျောက်ရန် မဖြစ်နိုင်ပေ။ ကလေးအလုပ်သမားလျှော့နည်းပပျောက်စေရေးအတွက် အကောင်အထည်ဖော်ရာတွင် ကျောင်းနေအရွယ်ကလေးအားလုံး အခမဲ့ကျောင်းတက်နိုင်ရေး၊ ကလေးသူငယ်များကို ကူညီစောင့်ရှောက်ပေးမည့် အရပ်ဘက်လူ့အဖွဲ့အစည်းများ ပိုမိုအားကောင်းလာစေရေး၊ မိသားစုအလိုက် ဝင်ငွေတိုးတက်ရရှိခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့ကို ဟန်ချက်ညီညီလုပ်ဆောင်နိုင်မှသာ အရွယ်မရောက်သေးသည့် ကလေးသူငယ်များ လုပ်ငန်းခွင်အတွင်းမှ လျော့ပါးသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို ၂၀၁၉ ခုနှစ်မှ ၂၀၃၃ ခုနှစ်ထိ သတ်မှတ်ကာ ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်ကို ပထမကာလ၊ ၂၀၂၄ ခုနှစ်မှ ၂၀၂၈ ခုနှစ်ကို ဒုတိယကာလ၊ ၂၀၂၉ ခုနှစ်မှ ၂၀၃၃ ခုနှစ်ကို တတိယ ကာလအဖြစ် စီမံချက်ချမှတ်လုပ်ဆောင်ခဲ့ရာ ပထမကာလစီမံချက်ပြီးမြောက်ခဲ့ပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် လူ့စွမ်းအားအရင်းအမြစ်များမဆုံးရှုံးစေရန် ကလေးအလုပ်သမားပပျောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လူမှုမိတ်ဖက်အဖွဲ့အစည်းများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# တောင်သမန်တံတားနှင့်အင်းသို့ လာရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေ များပြားလျက်ရှိ



**မန္တလေး ဇန်နဝါရီ ၁၂**

တောင်သမန်တံတားနှင့် အင်းသို့ လာရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေများပြားလျက်ရှိကြောင်း တောင်သမန်တံတား ပြုပြင်ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့ရှိအထင်ကရနေရာများထဲတွင် တောင်သမန်တံတားနှင့် အင်းမှာ ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်တစား လာရောက်လည်ပတ်ကြသည့် နေရာတစ်ခုဖြစ်ကြောင်း၊ ယခု ပွင့်လင်းရာသီကာလဖြစ်သည့်အတွက် တောင်သမန်တံတားနှင့် အင်းသို့ ဇန်နဝါရီလ ဒုတိယပတ်မှစ၍ ပြည်တွင်း၊ပြည်ပခရီးသွားများ လာရောက်လည်ပတ်မှုများပြားလျက်ရှိကြောင်း သိရသည်။

"အခု တောင်သမန်တံတားနဲ့ အင်းကို ပြည်တွင်းခရီးသွားတွေအပြင် ပြည်ပနိုင်ငံက ခရီးသွားတွေလဲ လာရောက်လည်ပတ်မှု များပြားလာတယ်။ အခုလတ်တလော တောင်သမန်တံတားနဲ့အင်းအတွင်း ငှက်လှေစီးရင်း လည်ပတ်ကြတဲ့ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနဲ့ ရုရှားနိုင်ငံက ခရီးသည်တွေ လာရောက်လည်ပတ်မှု တော်တော်လေးများလာပါတယ်"ဟု ဦးစိုးဝင်းက ပြောပြသည်။

တောင်သမန်တံတားနှင့်အင်းသို့ ဇန်နဝါရီလ ပထမပတ်က လာရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပ ခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၇၀၀ ကျော်သာရှိခဲ့သော်လည်း ဇန်နဝါရီလ ဒုတိယပတ်မှစ၍ လာရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၁၀၀၀ ကျော်ထိ လာရောက်လည်ပတ်လျက်ရှိကြောင်းသိရသည်။

တောင်သမန်အင်းအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားများ နေဝင်ဆည်းဆာအလှကို ငှက်လှေများဖြင့် ကြည့်ရှုနိုင်ရန် ငှက်လှေအစီးရေ ၅၀ ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ (၁၈၄)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး ဇန်နဝါရီ ၁၂**

မန္တလေး အိမ်ခြံမြေဈေးကွက်တွင် လက်ရှိအနေအထားအရ ရောင်းချလိုသူများနေခြင်းကြောင့် အရောင်းအဝယ်ဖြစ်မှု နည်းနေဆဲဖြစ်ကြောင်း အိမ်ခြံမြေဈေးကွက်အတွင်းမှ သိရသည်။

ထိုသို့ အရောင်းအဝယ်ဖြစ်မှု နည်းနေသော်လည်း ချမ်းမြသာစည်၊ ပုသိမ်ကြီး၊ ပြည်ကြီးတံခွန်မြို့နယ်တို့ရှိ ငွေကျပ်သိန်း ၁၀၀၀ အောက်ဈေးတန်း မြေကွက်များကို တစ်နိုင်တစ်ပိုင် ရင်းနှီးမြှုပ်နှံလိုသူများက ဝယ်ယူမှုရှိနေကြောင်း သိရသည်။

"အရောင်းအဝယ်က မျှော်မှန်းထားသလောက်တော့ ဖြစ်မလာသေးပါဘူး။ ရောင်းချင်တာတွေများနေပြီး အဝယ်ကတော့ နည်းနေတာပေါ့။ ပြီးတော့ တန်ဖိုးနည်းအကွက်ရိုက် မြေကွက်တွေလဲ အရောင်းအဝယ်ရှိတယ်။ မြို့တွင်းပိုင်းတွေကတော့ အရောင်းအဝယ်မဖြစ်သလောက်ပါပဲ"ဟု အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေးက ပြောပြသည်။

ငွေ ကျပ်သိန်း ၁၀၀၀ အောက်မြေကွက်များကို ဝယ်ယူနေကြခြင်းမှာ ငွေသားကိုင်ဆောင်မထားလိုကြသူများ၊ တစ်နိုင်တစ်ပိုင် ရင်းနှီးမြှုပ်နှံလိုသူများက ခိုင်မာမှုရှိသည့် အိမ်ခြံမြေဈေးကွက်သို့ ဦးလှည့်လာကြခြင်းကြောင့်ဖြစ်ကြောင်း၊ ထို့အတူ လက်ရှိအချိန်ထိ ဈေးကွက်အတွင်းသို့ လုပ်ငန်းကြီးသမားများ၏ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်မှု နည်းနေဆဲဖြစ်သောကြောင့် အရောင်းအဝယ် အေးနေရခြင်းဖြစ်ကြောင်း သိရသည်။

ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်မှု သိသိသာသာ မြင့်တက်လာမှု မရှိသေးသော်လည်း အကွက်ရိုက် ရောင်းချမှုများကို စိတ်ဝင်စားမှုမြင့်တက်နေပြီး ချမ်းမြသာစည်မြို့နယ် အရှေ့ခြမ်းရှိ အကွက်ရိုက်မြေကွက်များ၊ အမရပူရမြို့နယ်မှ အကွက်ရိုက်မြေကွက်များ၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်ရှိ ကျေးရွာမြေများ အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း (မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ်သိန်း ၂၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၅၀၀ မှ သိန်း ၂၀၀၀ ခန့်၊ စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့်ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း ဦးဌေးဌေးထံမှ သိရသည်။ (၁၇၃)

# မန္တလေးမြို့၌ လူငယ်ရေးရာစုံညီပွဲတော် ကျင်းပပြုလုပ်သွားမည်

**မန္တလေး ဇန်နဝါရီ ၁၂**

မန္တလေးမြို့၌ အခြေခံပညာကျောင်းသား၊ ကျောင်းသူလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် လူငယ်ရေးရာ စုံညီပွဲတော်ကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး (ပညာ) ဒေါ်မြင့်မြင့်ခိုင်က ပြောပြ၍ သိရသည်။

လူငယ်ရေးရာစုံညီပွဲတော်ကို မန္တလေးမြို့ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း၌ ဇန်နဝါရီ ၁၈ ရက်တွင် အခြေခံပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ၎င်းပွဲတော်တွင် ပညာရေးဌာနအနေဖြင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက ကျပန်းစကားပြောပြိုင်ပွဲ၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက ပုံပြောပြိုင်ပွဲတို့ဖြင့် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

"လူငယ်ရေးရာစုံညီပွဲတော် ကျင်းပရတဲ့ရည်ရွယ်ချက်ကတော့ ကျောင်းသား၊ ကျောင်းသူတွေ ကျောင်းသားဘဝကအစပြုပြီးတော့ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလတို့နဲ့ ပြည့်စုံကုံလုံဖွံ့ဖြိုးလာအောင်ဖြစ်ပါတယ်။ ပါဝင်တဲ့အစီအစဉ်ကတော့ အခြေခံပညာဦးစီးဌာနအနေနဲ့ဆိုရင် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲတို့ ပါဝင်မှာဖြစ်ပါတယ်။ အားကစားနှင့် ကာယပညာဦးစီးဌာနအနေနဲ့ဆိုရင် ကျောင်းသား၊ ကျောင်းသူတွေရဲ့ အားကစားနည်းမျိုးစုံကို သရုပ်ပြမှာဖြစ်ပါတယ်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေနဲ့ကတော့ ကျောင်းသား၊ ကျောင်းသူတွေရဲ့ တီထွင်ဖန်တီးမှုပြသနိုင်တဲ့ အရုပ်ခေါက်ပြိုင်ပွဲ၊ စကားပုံစပ်ပြိုင်ပွဲ၊ ဆေးရောင်စုံခြယ်ပြိုင်ပွဲတွေကို ပါဝင်သွားပါမယ်။ ပြိုင်ပွဲပြီးသွားတာနဲ့ ဆုတွေကို ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမှာဖြစ်ပါတယ်" ဟု ဒေါ်မြင့်မြင့်ခိုင်က ပြောပြသည်။

လူငယ်ရေးရာစုံညီပွဲတော်ကို မန္တလေးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ဦးရေ ၁၀၀၀၀ ခန့်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ (၁၉၄)

ကြည်လွင်မြင့်(မုံရွာ)

**မေး ။ ။ ဆရာကြီးခင်ဗျာ ကျွန်တော်က မနက်စောစောထပြီး အသီးအရွက်ကုန်စိမ်း ဈေးတန်းမှာ ဈေးသွားရောင်းရပါတယ်။ အခုလို ဆောင်းရာသီမှာ အအေးမိ၊ နှာစေး၊ ခေါင်းကိုက်၊ နှာရည်ယို မကြာခဏဖြစ်ပါတယ်။ အအေးမိကာကွယ်ဆေး၊ အဖျားဆေးတွေသောက်ရင် သက်သာသွားပါတယ်။ ဒါပေမဲ့ ဆောင်းလယ်ကာလရောက်ရင် နှာခေါင်းတစ်ဖက်က ပိတ်ပြီး အနံ့တွေမရဘူး ဖြစ်နေပါတယ်။ တစ်ခါတစ်ရံ ရေချိုးပြီး နှာရည်ယိုတဲ့အခါ နပ်ပုပ်ရည်လိုအရည်မျိုးကျလာပါတယ်။ သူများတွေက ထိပ်ကပ်နာဖြစ်နေပြီလို့ ပြောပါတယ်။ ထိပ်ကပ်နာဆိုတာ ဘယ်လိုရောဂါမျိုးပါလဲ။ သက်သာပျောက်ကင်းအောင် ဆေးနည်းတွေရှိရင် ညွှန်ပြပေးပါ။**

ဖြေ ။ ။ ထိပ်ကပ်နာဆိုတာ အအေးမိနှာစေးတာကို သေချာမကုသခဲ့ရင် ကြာတော့ နှာခေါင်းပိတ်ဆို့ပြီး အသက်ရှူမဝတဲ့ရောဂါ၊ နပ်ပုပ်ရည်ကျတဲ့ရောဂါ။ နှာခေါင်းအတွင်းက အနံ့ဆိုးထွက်တဲ့ရောဂါမျိုးဖြစ်ပြီး နှာခေါင်းအတွင်းက အာရုံခံအကြောတွေ ပျက်စီးသွားတဲ့အခါ အနံ့ကောင်းစွာမရတော့တဲ့ နှာခေါင်း အသက်ရှူလမ်းကြောင်းနဲ့ဆိုင်တဲ့ရောဂါမျိုးဖြစ်ပါတယ်။ ထိပ်ကပ်နာရောဂါဖြစ်လာပြီဆိုရင် အောက်ပါဆေးနည်းတိုတွေကို အသုံးပြုပါ။

၁။ ပရုတ်၊ လေးညှင်းပွင့်၊ ဇာတိပ္ဖိုလ်ပွင့်၊ ငရုတ်ကောင်းစေ့၊ ငရုတ်ကောင်းဆီ (ပါပါမင့်)၊ ဖုံးမသိန်ခဲ၊ ဇဝက်သာခဲတို့ကို အငွေ့လုံတဲ့ပုလင်းမှာထည့်ပြီး ရှူပေးပါ။ (ရှူဆေးဘူးပြုလုပ်ပါ။)

၂။ ငပြူကြီးပင်(မုရိုးပင်)အရွက်ခြောက်ကို မီးကျီးခဲပေါ် ဖြူးပြီး အငွေ့ရှူပေးပါ။ အပင်အရိုးနဲ့အရွက်ကိုပြုတ်ပြီး ရေနွေးငွေ့ကိုရှူပေးရင် နပ်ပုပ်တွေကျပြီး ထိပ်ကပ်နာရောဂါကို သက်သာစေပါတယ်။

၃။ သပွတ်သီးခြောက်အူတိုင်က ထွက်တဲ့ အမှုန့်ကိုယူပြီး နှာခေါင်းအတွင်းကို နှာမှုတ်ပေးရင် ထိပ်ကပ်နာကြောင့်ဖြစ်တဲ့ နှာခေါင်းပိတ်တာကို သက်သာစေပါတယ်။

၄။ ကျားမနိုင်မြစ်ကိုသွေးပြီး နှာခေါင်းပေါ်မှာလိမ်းပေးရင် နှာခေါင်းပိတ်တာကို သက်သာစေနိုင်ပါတယ်။

၅။ မနက်အိပ်ရာထ မျက်နှာသစ်တဲ့အခါတိုင်း ရေကို လက်ခုပ်နဲ့ယူပြီး ရှူသွင်းပေးရင် ထိပ်ကပ်နာသက်သာစေပါတယ်။

၆။ သံပရာသီးအရည်ကို နှာခေါင်းအတွင်း ညှစ်ထည့်ပေးရင် ထိပ်ကပ်နာကြောင့်ဖြစ်တဲ့ အသက်ရှူကျပ်တာကို သက်သာစေပါတယ်။

၇။ ငှက်ခါးရဲ့အတောင်ကို မီးရှို့ပြီး အငွေ့ရှူပေးရင် ထိပ်ကပ်နာပျောက်စေပါတယ်။ (ရှေးလောကျွမ်းပါနည်း)

၈။ ထန်းနို့ခြောက်ကို မီးရှို့ပြီး အငွေ့ကို ရှူပေးရင် နပ်ပုပ်တွေကျပြီး ထိပ်ကပ်နာကို သက်သာစေပါတယ်။

၉။ ပိစပ်ရွက်ကိုအရည်ညှစ်ပြီး ပိတ်နေတဲ့ နှာခေါင်းအတွင်းကို ထည့်ပေးရင် နပ်ပုပ်ရည်တွေကျလာပြီး ထိပ်ကပ်နာကို သက်သာစေပါတယ်။

၁၀။ ပဒိုင်းရွက်ခြောက်ကို အမှုန့်ပြုလုပ်ပြီး နှာမှုတ်ပေးရင် နပ်အပုပ်အခဲတွေ ကျလာပြီး ထိပ်ကပ်နာကို သက်သာစေပါတယ်။

၁၁။ နလင်ကျော်အခေါက်ကို အမှုန့်ပြုလုပ် မီးကျီးခဲပေါ် ဖြူးပြီး မှိုင်းရှူပေးရင် နှာခေါင်းပိတ်၊ နပ်ပုပ်၊ ထိပ်ကပ်နာ သက်သာစေပါတယ်။

**မေး ။ ။ ဆရာကြီးရှင့် ပြီးခဲ့တဲ့လက ကျွန်မသားဆိုင်ကယ်လဲပြီး ဦးခေါင်း၊ ရင်ဘတ်၊ တံတောင်ဆစ်တွေမှာ ဒဏ်ရာတွေရခဲ့ပါတယ်။ ဆေးကုသပြီးလို့ အနာတွေက သက်သာသွားပါပြီ။ ပွန်းပဲ့ရာတွေလဲ ပျောက်ကင်းသွားပါပြီ။ ဒါပေမဲ့ရင်ဘတ်နဲ့ နံရိုးနေရာက အညိုအမည်းစွဲတာတွေမပျောက်ဘဲ အေးတဲ့အခါ ကိုက်ပါတယ်။ အသက်ရှူရင်လဲ အောင့်တယ်လို့ပြောပါတယ်။ တချို့က အတွင်းဒဏ်ဖြစ်သွားတာလို့ ပြောပါတယ်။ ဒဏ်ကျေဖို့ ဘယ်လိုပြုလုပ်ရမယ်ဆိုတာ ညွှန်ကြားပေးပါရှင့်။**

ဖြေ ။ ။ အပြင်ဒဏ်၊ အတွင်းဒဏ်တွေကျေစေဖို့အတွက် အောက်ပါဒဏ်ကျေစေတဲ့နည်းတွေကို အသုံးပြုပါ။

**အပြင်ဒဏ်တွေကျေဖို့အတွက်**

၁။ နနွင်းနဲ့မိဿလင်ကို ရောထုပ်ပြီး ဆေးစည်းပေးပါ။ ကြပ်ထုပ်ထိုးပေးပါ။

၂။ နနွင်းနဲ့ထုံးကို ရေဖျော်ပြီးလိမ်းပေးရင် ဒဏ်ကျေစေပါတယ်။

၃။ အုတ်နီခဲကိုမီးဖုတ် ရေစိမ်ပြီးအငွေ့ကပ်ပေးရင် ဖူးရောင်တဲ့ဒဏ်တွေ ကျေစေနိုင်ပါတယ်။

၄။ ဆားကို အဝတ်နဲ့ထုပ်ပြီး ရေနွေးငွေ့ခံ ကြပ်ထုပ်ထိုးပေးရင် ဖူးရောင်တဲ့ဒဏ်တွေကို သက်သာစေပါတယ်။

၅။ ကွမ်းရွက်ကိုမီးကင် နှမ်းဆီသုတ်ပြီး ရောင်နေတဲ့နေရာမှာ ကပ်ပေးရင် ဒဏ်ကျေစေပါတယ်။

၆။ ပရုတ်မြစ်၊ နလင်ကျော်ခေါက်တို့ကို သွေးပြီး အရက်နဲ့လိမ်းပေးရင် အပြင်ဒဏ်ကျေစေပါတယ်။

၇။ ကြက်သွန်နီဥကြီးကို မီးအုံးပြီး ဒဏ်ကြောင့်ရောင်နေတဲ့ နေရာမှာ အုံပြီး ခပ်နွေးနွေးစည်းပေးရင် ဒဏ်ကျေစေပါတယ်။

**ဒဏ်ကျေဖို့(အတွင်းဒဏ်)**

၁။ ကြက်ခြေထောက်ရိုးကို မီးဖုတ် ခွေးတောက်ရွက်နဲ့ရောပြီး ဟင်းချိုချက်သောက်ရင် ထိုးအောင့်တဲ့အတွင်းဒဏ်ကို ကျေစေပါတယ်။

၂။ ကုန်းကန်စွန်းရိုးနီကို ထောင်းပြီး အရည်ညှစ်သောက်ရင် အသက်ရှူမရတဲ့ အတွင်းဒဏ်ကို သက်သာစေပါတယ်။



ဆေးဖက်ဝင် ပဒိုင်းပင်ကို တွေ့ရစဉ်။

၃။ ဥသျှစ်ရွက်ကို ဟင်းချိုချက်သောက်ရင် နှစ်ကြာကဖြစ်ခဲ့တဲ့ အတွင်းဒဏ်ကို သက်သာစေပါတယ်။

၄။ ဆေးခါးကြီးပင်ကို ထန်းလျက်နဲ့ ကျိုသောက်ရင် ဒဏ်ကြောင့်ဖြစ်တဲ့ အကိုက်အခဲမှန်သမျှ ပျောက်စေပါတယ်။

၅။ ကြောင်လျှာပွင့်အခြောက်ကို ပြုတ်ပြီး အသုပ်ပြုလုပ်စားရင် ဒဏ်ကြောင့် ကိုက်ခဲတာ၊ ညအိပ်မပျော်တာတွေကို သက်သာစေပါတယ်။

**မေး ။ ။ ဆရာကြီးရှင့် သမီးမှာ လစဉ်ဓမ္မတာလာတဲ့အချိန်တိုင်း ကိုက်ခဲပြီး နေထိုင်မကောင်းအမြဲဖြစ်ပါတယ်။ လစဉ်ကိုက်ခဲတာအတွက် သက်သာစေမဲ့ဆေးနည်းတွေ သိလိုပါတယ်ရှင့်။**

ဖြေ ။ ။ ဓမ္မတာလာချိန်ကိုက်ခဲတာကို သက်သာစေဖို့အတွက် မလာခင် နှစ်ရက်၊ သုံးရက်ကြိုတင်ပြီး ချင်းတက်နဲ့ ထန်းလျက်ပြုတ်ရည်မှာ ဆားလှော်အနည်းငယ်ထည့်သောက်ပေးပါ။ ကော်ဖီခွက်တစ်ခွက်စာ ရေချိုးပြီးချိန် သောက်ပေးရင် ဓမ္မတာမှန်ပြီး ဓမ္မတာလာရင်လဲ ကိုက်ခဲတာ၊ ထိမ်ကျန်တာ သက်သာစေပါတယ်။ ဇာတိပ္ဖိုလ်သီးကိုသွေးပြီး ချက်တိုင်ကနေ ဆီးစပ်တစ်ဝိုက်ထိ လိမ်းပေးရင် ဓမ္မတာလာချိန်ကောင်းစွာမဆင်းဘဲ ကိုက်ခဲတာကို သက်သာစေပါတယ်။ ကွမ်းရွက်ကို လေးညှင်းပွင့်အနည်းငယ်နဲ့ ရောပြုတ်သောက်ရင် ဓမ္မတာလာချိန်ကိုက်ခဲတာကို သက်သာပြီး သွေးသန့်စေပါတယ်။

ကြိတ်မှန်ရွက်ကို ထန်းလျက်နဲ့ရောကျိုသောက်ရင် ဓမ္မတာများစေပြီး ကိုက်ခဲတာကို သက်သာစေပါတယ်။

ဓမ္မတာသွေးချုပ်ရင်၊ သွေးရပ်သွားပြီး ကိုက်ခဲနေရင် အောက်ပါနည်းတွေကို အသုံးပြုပါ။

၁။ ဒန့်သလွန်ရွက်ကို ကြက်သွန်ဖြူနိုင်နိုင်နဲ့ ဟင်းချိုချက် ပတဲကောအမှုန့် အနည်းငယ်ခတ်ပြီး သောက်ပါက ရက်လွန် ဓမ္မတာထိမ်တာအတွက် ကောင်းမွန်စေပါတယ်။


၂။ ကြိတ်မှန်ရွက်၊ မန်ကျည်းမှည့်၊ ထန်းလျက်၊ ဆားလှော်အနည်းငယ်ရောကျိုပြီး ဟင်းစားဇွန်း သုံးဇွန်း တစ်နေ့နှစ်ကြိမ် သောက်ပေးပါ။ ဓမ္မတာထိမ်တာ၊ ကျန်တာ၊ ရက်ကျော်တာတွေပျောက်ကင်းပြီး ဓမ္မတာသွေးပေါ် စေနိုင်ပါတယ်။

၃။ သွေးဆုံးခါနီး နှစ်လတစ်ကြိမ်၊ သုံးလတစ်ကြိမ် ဓမ္မတာပျောက်ရင် သွေးသန့်စေဖို့၊ သွေးလုံးအကျိတ်အခဲမဖြစ်စေဖို့အတွက် ရဲယိုသီးအမှည့်ကို ထန်းလျက်နဲ့ရောခေါက်ပြီး စားပေးပါ၊

**မေး ။ ။ ဆရာကြီးခင်ဗျာ ကျွန်တော့်အသက် ၆၀ ကျော် အငြိမ်းစားတစ်ယောက်ပါ။ တစ်ခါတစ်ရံမောပြီး အသက်ရှူမဝဖြစ်တတ်ပါတယ်။ မနက်စောစော ကျန်းမာရေးအတွက် လမ်းလျှောက်လေ့ရှိနေ့စဉ်ပြုလုပ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်နေတဲ့တိုက်ခန်းက သုံးထပ်တက်ရတာမို့ လှေကားထစ်များများတက်ရင် မောပြီး ရင်ဘတ်အနည်းငယ် အောင့်ပါတယ်။ တချို့က နှလုံးသွေးကြောကျဉ်းရောဂါဖြစ်ရင် မောပြီးရင်ဘတ်အောင့်တယ် ပြောလို့ ကြိုတင်ကာကွယ်နိုင်မဲ့ နည်းလမ်းတွေ သိလိုပါတယ်။**

ဖြေ ။ ။ နှလုံးသွေးကြောကျဉ်းရောဂါ ကာကွယ်ဖို့အတွက် ချင်းစိမ်းကိုထောင်းပြီး အရည်ညှစ်ယူပါ။ အဲဒီအရည်ကို ဟင်းစားဇွန်းတစ်ဇွန်း၊ ပျားရည်ဟင်းစားဇွန်းတစ်ဇွန်း စပ်ပြီး ထမင်းစားပြီးတိုင်း သောက်ပါ။ နနွင်းမှုန့်စစ်စစ်ကို ပျားရည်နဲ့နယ်ရွှေးစေ့လောက်လုံးပြီး နေလှန်းထားပါ၊ မနက်၊ ည သုံးလုံးစီစားပေးပါ။ နေ့စဉ် ထမင်းစားတဲ့အခါတိုင်း ကြက်သွန်ဖြူဥသေး အခွံနွှာထားပြီး သုံးမြွှာကနေ ငါးမြွှာထိ စားပေးပါ။ ကြက်သွန်ဖြူဥကြီးကို အခွံနွှာပြီး ပျားရည်စစ်စစ်နဲ့ စိမ်ထားပါ။ ညအိပ်ရာဝင်ခါနီး နှစ်မြွှာစားပေးပါ။ သံပရာသီး၊ သံပရိုသီးကို ရေဆေးပြီး ထက်ခြမ်းခြမ်းအခွံပါ ရေနွေးမတ်ခွက်ထဲမှာစိမ်ထားပြီး သောက်ပေးပါ။ ဆင်တုံးမနွယ်အမှုန့်၊ မြင်းခွာရွက်ခြောက်အမှုန့်၊ ကြက်သွန်ဖြူခြောက်အမှုန့် သုံးမျိုးကို ဆတူစပ်ပြီး ပျားရည်နဲ့စိမ်ထားပါ။ ဟင်းစားဇွန်းတစ်ဇွန်း ညအိပ်ရာဝင်စားပေးပါ။ ဆီးဖြူသီးခြောက် အမှုန့် ထောင်းနှစ်ဆ၊ ငရုတ်ကောင်းမှုန့်တစ်ဆ ရောပြီး ဖန်ပုလင်းထဲ ပျားရည်နဲ့စိမ်ထားပြီး နေ့စဉ်နေရောင်ခြည်ပြပေးပါ။ အဲဒီဆေးကို ဟင်းစားဇွန်းတစ်ဇွန်း ထမင်းစားပြီးချိန် စားသုံးပါ။

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိ အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေ တစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကို ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

## တွဲလက်မြဲခိုင် အားသစ်မြိုင်

\- လမ်းဖြောင့် လျှောက်နိုင်ဖို့
လမ်းကောက်တွေ လမ်းညှိရင်း
လမ်းရှင်းမှ သာယာမည်။

\- ခယောင်းတွေ ဘယ်လိုကြမ်းကြမ်း
ဆူးခင်းတွေ ဘယ်လောက်လွှမ်းစေပေါ့
လမ်းထွင်ကာ ကျော်ဖြတ်သန်း
လှမ်းဖို့လိုသည်။

\- လမ်းကြောင်းဖော် ကိုယ့်ခရီးလမ်းတွက်
မညည်းတမ်း အားသစ်တည်ရင်း
တူယှဉ်ညီ ခရီးသွားတို့
စည်းမခြားဘဲ ရှေ့ဦးတည်
ယုံကြည်စွာ အားသွန်ရော့။

\- အကြောင်းမထူး အကန့်ခြားသလို
ခယောင်းဆူး အဟန့်အတားတွေ
ပြန့်ပွားရာ ရှင်းဖယ်ရှားလို့
နင်းပယ်သွား လမ်းကြောင်းထွင်ရင်း
ပန်းပေါင်းလွင် ဝေစည်မဲ့လမ်းမှာ
ငှက်သာရကာ သံချိုမွှမ်းပါလို့
မြင်အာရုံ သစ်လွင်ဆန်းကာဖြင့်
အေးချမ်းစွာ ဘေးမသန်းပါဘဲ
သွားလမ်းသာ လာလမ်းဖြောင့်ရအောင်
တောင့်တရာ အားသစ်မြိုင်မြိုင်နဲ့
တွဲလက်ခိုင် ပုံဖော်လှမ်းကြချိန်
(ခရီးဖော်တို့ရေ. . .)
စွမ်းပြည့်လော့။ ။

**မင်းသွေးနွယ်(ဇီးကုန်း)**

# ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံမြေပဲ ဧက ၂၇၂၀ စိုက်ပျိုးပြီးစီး

**ပုသိမ် ဇန်နဝါရီ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံမြေပဲ ဧက ၂၇၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံမြေပဲ ၃၀၆၂ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် ဒီဇင်ဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဆီထွက်သီးနှံမြေပဲဧက ၂၇၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံမြေပဲများ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဆက်စပ်သည့်ဌာနများ၊ ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဟိုင်းကြီးကျွန်းမြို့အတွင်းမှာ ဆီထွက်သီးနှံမြေပဲ ၃၀၆၂ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဆီထွက်သီးနှံမြေပဲဧက ၂၇၂၀ စိုက်ပျိုးပြီးပါပြီ။ ကျန်တဲ့ဧကတွေကိုလဲ ဆက်လက်စိုက်ပျိုးနေပါတယ်။ မြေပဲလျာထားဧကအားလုံး စိုက်ပျိုးနိုင်ဖို့ ဒေသခံတွေနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဆောင်းမြေပဲတွေ အပါအဝင် ဆောင်းသီးနှံတွေ အထွက်နှုန်းကောင်းမွန်စေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ အရည်အသွေးကောင်းတဲ့သီးနှံတွေ ထွက်ရှိလာဖို့ တောင်သူအသိပညာပေး လုပ်ငန်းတွေကိုလဲ ဆောင်ရွက်ပေးနေပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲလျာထားဧကအားလုံး စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး လုပ်ငန်းများကို သီးနှံမစိုက်မီ ကြိုတင်ဆောင်ရွက်ပေးထားကြောင်း၊ မြေပဲတစ်ဧကလျှင် ပျမ်းမျှတင်း ၅၀ မှ ၆၅ တင်းထိ ထွက်ရှိစေရန် လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်ထံမှ သိရသည်။

**ကျော်ကျော်လင်း**

# စလင်းမြို့နယ် ဝန်ရကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း ဇန်နဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ဝန်ရကျေးရွာအုပ်စု ဝန်ရကျေးရွာတွင် ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်က အမှာစကားပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းလည်ပတ်ဆောင်ရွက်ပုံအဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ မတည်ရန်ပုံငွေအရင်း၊ အတိုးပေးဆပ်ရမည့်ကာလများနှင့် ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ဝန်ရကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၄ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ဝန်ရကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်ကြသော အသင်းသား၊ အသင်းသူ ၁၅၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၄ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းသန်းရီး**

# မိုးနဲမြို့နယ် မယ်ဇလီမြိုင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မိုးနဲ ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လယ်ယာများမှထွက်ရှိသည့် စပါးနှင့် အခြားသောစိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်ရန်ရည်ရွယ်၍ မိုက်ဟိုင်းကျေးရွာအုပ်စု မယ်ဇလီမြိုင်ကျေးရွာ၌ လယ်ယာဧကများစွာကို အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခွန်မြင့်သောင်း၊ မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးအာကာဖြိုးနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် မယ်ဇလီမြိုင်ကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ် ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားကြရန် မှာကြားသည်။

မယ်ဇလီမြိုင်ကျေးရွာတွင် အရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေကျပ် ၁၀၁ ဒသမ ၀၈၉ သန်းဖြင့် တင်ဒါအောင်မြင်သည့် Ability First၊ ပြည်ချစ်အောင်မြင်၊ ZNH ကုမ္ပဏီတို့က ၂၀၂၃ ခုနှစ် ဩဂုတ်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၂၄၁ အိမ်၊ လူ ၁၀၇၇ ဦးတို့၏ လယ်ယာဧက ၁၀၇၀ ကို အကျိုးပြုမည်ဖြစ်ကြောင်း မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအာကာဖြိုးထံမှ သိရသည်။

**မောင်ရိုင်**

# နိုင်ငံတကာ သတင်းများ

## ဗီယက်နမ်ကွန်မြူနစ်ပါတီအကြီးအကဲ ငုယင်ဖူထရွန်း အင်ဒိုနီးရှားသမ္မတနှင့်တွေ့ဆုံရေး လွဲချော်

**ဟနွိုင်း ဇန်နဝါရီ ၁၂**

ဗီယက်နမ် ကွန်မြူနစ်ပါတီ အကြီးအကဲ ငုယင်ဖူထရွန်းသည် ဗီယက်နမ်သို့ ရောက်ရှိနေသည့် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုနှင့် တွေ့ဆုံဆွေးနွေးရေးအစီအစဉ်ကို လွဲချော်နိုင်ဖွယ်ရှိကြောင်း ယနေ့ သတင်းများအရ သိရသည်။

ကွန်မြူနစ်ပါတီ အကြီးအကဲ ငုယင်ဖူထရွန်းသည် ယနေ့တွင် ဧည့်သည်တော်အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုနှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားခြင်းမရှိကြောင်း ဗီယက်နမ်နှင့်အင်ဒိုနီးရှားတာဝန်ရှိသူများ၏ အဆိုအရသိရသည်။

ထို့ပြင် ပြီးခဲ့သည့်ရက်သတ္တပတ်ကုန်ကလည်း ဗီယက်နမ်သို့ရောက်ရှိနေသည့် လာအိုဝန်ကြီးချုပ်ဆိုနီ ဆေးသီဖန်ဒန်းနှင့်တွေ့ဆုံဆွေးနွေးခဲ့သော ဗီယက်နမ်ခေါင်းဆောင်များစာရင်းတွင်လည်း ငုယင်ဖူထရွန်း ပါဝင်မှုမရှိခဲ့ကြောင်း သိရသည်။

ကွန်မြူနစ်ပါတီအကြီးအကဲ ငုယင်ဖူထရွန်းအနေဖြင့် ၎င်း၏ကျန်းမာရေး အခြေအနေနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများပေါ်ထွက်နေချိန်တွင် ရက်သတ္တပတ်မပြည့်မီကာလအတွင်း ပြည်ပခေါင်းဆောင်များနှင့် တွေ့ဆုံရေးအစီအစဉ်ကို နှစ်ကြိမ်တိုင်တိုင် လွဲချော်ခဲ့ခြင်းဖြစ်သည်။

အသက် ၇၉ နှစ်အရွယ် ငုယင်ဖူထရွန်းသည် ကွန်မြူနစ်ပါတီ အကြီးအကဲရာထူးကို ၂၀၁၁ ခုနှစ်တွင် ရယူခဲ့ပြီးနောက် ဗီယက်နမ်၏ သြဇာအကြီးဆုံးခေါင်းဆောင် ဖြစ်လာခဲ့သည်။

ဗီယက်နမ် ကွန်မြူနစ်ပါတီ ခေါင်းဆောင် ငုယင်ဖူထရွန်းသည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၂၆ ရက်မှစ၍ အများမြင်ကွင်းမှပျောက်ကွယ်လျက်ရှိကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## အမေရိကန်နှင့်ဗြိတိန် ဟူသီသူပုန်အုပ်စုကိုတိုက်ခိုက်မှု စစ်ဆန့်ကျင်ရေးတက်ကြွလှုပ်ရှားသူများ ဆန္ဒပြကန့်ကွက်

**နယူးယောက် ဇန်နဝါရီ ၁၂**

ယီမင်နိုင်ငံတွင်းရှိ ဟူသီသူပုန်ပစ်မှတ်များကို အမေရိကန်နှင့်ဗြိတိန်တို့က တိုက်ခိုက်ခဲ့မှုကို အမေရိကန်စစ်ဆန့်ကျင်ရေးတက်ကြွလှုပ်ရှားသူများက ဇန်နဝါရီ ၁၁ ရက်ညပိုင်းတွင် ဆန္ဒပြခဲ့ကြကြောင်း သိရသည်။

စစ်ဆန့်ကျင်ရေးတက်ကြွလှုပ်ရှားသူများသည် နယူးယောက်မြို့ တိုင်းမ်စကွဲရင်ပြင်နှင့်ဝါရှင်တန်မြို့ အိမ်ဖြူတော်ပြင်ပတို့၌စုရုံး၍ ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။

ယီမင်အခြေစိုက် အီရန်ကျောထောက်နောက်ခံပြု ဟူသီသူပုန်အုပ်စုကို အမေရိကန်နှင့်ဗြိတိန်တို့က တိုက်ခိုက်ခဲ့ခြင်းဖြင့် အစ္စရေးနှင့် ဟားမတ်စ်တို့အကြား ဂါဇာစစ်ပွဲ ကျယ်ပြန့်လာနိုင်ကြောင်း စစ်ဆန့်ကျင်ရေးဆန္ဒပြသမားများက ပြောကြားခဲ့သည်။

ပင်လယ်နီ နိုင်ငံတကာရေလမ်းကြောင်းများ တိုက်ခိုက်ခံနေရမှုကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန်နှင့်ဗြိတိန်နိုင်ငံတို့က ဟူသီပစ်မှတ်များကို ဇန်နဝါရီ ၁၁ ရက်က လေယာဉ်နှင့်ရေပြင်မှတစ်ဆင့် တိုက်ခိုက်ခဲ့သည်။

လက်ရှိဖြစ်ပွားဆဲ အစ္စရေးနှင့် ဟားမတ်စ်စစ်ပွဲကြောင့်လည်း ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်း အမေရိကန်နိုင်ငံတစ်ဝန်း၌စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲများဖြစ်ပွားခဲ့သည်။

အဆိုပါစစ်ဆန့်ကျင်ရေးဆန္ဒပြပွဲများအတွင်း ဆန္ဒပြသမားများသည် နယူးယောက်နှင့်လော့စ်အိန်ဂျလိစ်မြို့တို့ရှိ လေဆိပ်များ၊တံတားများကို ပိတ်ဆို့ဆန္ဒပြခဲ့ကြကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**




## မြောက်ကိုရီးယားနိုင်ငံက ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပြည်ပခရီးသွားများကို ဝင်ရောက်ခွင့်ပြု



**မော်စကို ဇန်နဝါရီ ၁၂**

မြောက်ကိုရီးယားနိုင်ငံသည် ၂၀၂၀ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် နိုင်ငံခြားသားခရီးသည်များကို ပြည်ဝင်ခွင့်ပေးထားကြောင်း ဇန်နဝါရီ ၁၁ ရက်သတင်းများအရ သိရသည်။

မြောက်ကိုရီးယား နိုင်ငံက ပြည်ဝင်ခွင့်ပေးထားသည့် ပထမဆုံး နိုင်ငံခြားခရီးသွားများမှာ ရုရှားခရီးသွားများဖြစ်ကြောင်း ရုရှားပြည်တွင်း မီဒီယာများ၏အဆိုအရ သိရသည်။

မြောက်ကိုရီးယားနိုင်ငံသည် ကိုဗစ်-၁၉ ကပ်ဘေးရောဂါစတင်ခဲ့သည့် ၂၀၂၀ ပြည့်နှစ်အစောပိုင်းမှစတင်၍ ကမ္ဘာပေါ်တွင် အတင်းကျပ်ဆုံးနယ်စပ်လူဝင်မှုပိတ်ပင်ရေး စည်းမျဉ်းများကို ကျင့်သုံးခဲ့သည်။

လက်ရှိအချိန်ထိလည်း မြောက်ကိုရီးယားနိုင်ငံသည် ပြည်ပခရီးသည်များအတွက် နယ်စပ်ဝင်ပေါက်များဖွင့်ပေးထားခြင်းမရှိသေးကြောင်း သိရသည်။

သို့ရာတွင် လာမည့်ဖေဖော်ဝါရီလတွင် ရုရှားနိုင်ငံသားခရီးသည်များသည် မြောက်ကိုရီးယားသို့ဝင်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

ရုရှားခရီးသည်များ၏ လေးရက်ကြာခရီးစဉ်သည် ဖေဖော်ဝါရီ ၉ ရက်တွင်စတင်မည်ဖြစ်ပြီး ခရီးသည်များအနေဖြင့် ပြုံယမ်းမြို့တော်၏ အထင်ကရနေရာများနှင့် နှင်းလျှောစီး အပန်းဖြေစခန်းတစ်ခုသို့ သွားရောက်လည်ပတ်နိုင်မည်ဖြစ်သည်။

**Ref : Xinhua**
**Trs : KKO**

## ယခုနှစ် နှစ်စပိုင်းတွင် စူးအက်တူးမြောင်းသို့ သင်္ဘောများဖြတ်သန်းမှုနှုန်း ယခင်နှစ်ကထက်ကျဆင်းလာ

**ကိုင်ရို ဇန်နဝါရီ ၁၂**

အီဂျစ်နိုင်ငံ စူးအက်တူးမြောင်း၏ ယခုနှစ် နှစ်စပိုင်း ဝင်ငွေသည် ၂၀၂၃ ခုနှစ် နှစ်စပိုင်းဝင်ငွေနှင့် နှိုင်းယှဉ်ကြည့်ပါက ၃၀ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း စူးအက်တူးမြောင်း အာဏာပိုင်အဖွဲ့က ဇန်နဝါရီ ၁၁ ရက်က သတင်းထုတ်ပြန်ထားသည်။



ယီမင်အခြေစိုက် ဟူသီသူပုန်များက ပင်လယ်နီရေလမ်းကြောင်းများကို တိုက်ခိုက်နေချိန်တွင် စူးအက်တူးမြောင်း၏ ယခုနှစ်စပိုင်းဝင်ငွေ ကျဆင်းခဲ့ရခြင်းဖြစ်သည်။

ဇန်နဝါရီ ၁ ရက်နှင့် ၁၁ ရက်ကြားကာလအတွင်း စူးအက်တူးမြောင်းရေလမ်းကြောင်းများ၌ သင်္ဘောများဖြတ်သန်းမှုနှုန်းမှာ ၂၀၂၃ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၃၀ ရာခိုင်နှုန်းကျဆင်းသွားကြောင်း စူးအက်တူးမြောင်းအာဏာပိုင်အဖွဲ့ ကြေညာချက်အရ သိရသည်။

ထို့ပြင်၂၀၂၃ခုနှစ် ဇန်နဝါရီ ၁ ရက်နှင့် ၁၁ ရက်ကြားတွင် သင်္ဘောအစီးရေ ၇၇၇ စီးထိ စူးအက်တူးမြောင်းကို ဖြတ်သန်းခဲ့သော်လည်း ယခုနှစ်၏ အလားတူကာလတွင် သင်္ဘော ၅၄၄ စီးသာ ဖြတ်သန်းခဲ့ကြကြောင်း စူးအက်တူးမြောင်း အာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပင်လယ်နီရေကြောင်းလမ်းများကို ဟူသီသူပုန်အုပ်စုက တိုက်ခိုက်နေမှုကြောင့် နိုင်ငံတကာ ကုန်တင်သင်္ဘောများမှာ ပင်လယ်နီရေကြောင်းကို ဖြတ်သန်းရမည့် စူးအက်တူးမြောင်းကို ရှောင်ရှား၍ အာဖရိကတိုက်ကို ကွေ့ပတ်သွားလာရသည့် ရေလမ်းကြောင်းများကို ပြောင်းလဲအသုံးပြုနေရသည်။

စူးအက်တူးမြောင်းသည် အီဂျစ်နိုင်ငံအတွက် အဓိက နိုင်ငံခြားငွေ အရင်းအမြစ် တစ်ခုဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ကူရိုင်းကျွန်းစုသို့သွားမည်ဟု ရုရှားသမ္မတပူတင် ပြောကြား

**မော်စကို ဇန်နဝါရီ ၁၂**

တောင်ပိုင်း ကူရိုင်းကျွန်းစုဒေသသို့ တစ်နေ့နေ့တွင် မရောက်ရောက်အောင်သွားမည်ဖြစ်ကြောင်း ရုရှားသမ္မတပူတင်က ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ကူရိုင်းကျွန်းစုသည် ဒုတိယကမ္ဘာစစ်ပြီးဆုံးချိန်မှစ၍ ရုရှားနှင့်ဂျပန်တို့အကြား ပိုင်ဆိုင်ခွင့်အငြင်းပွားနေသော ကျွန်းစုဒေသဖြစ်သည်။

ဒုတိယကမ္ဘာစစ်ပြီးဆုံးချိန်တွင် ဆိုဗီယက်တပ်များသည် ဂျပန်နိုင်ငံ ဟော့ကိုင်ဒိုးကျွန်းကမ်းလွန်ရှိ ကူရိုင်းကျွန်းစုကို သိမ်းပိုက်ခဲ့ကြောင်း သိရသည်။

ထိုအချိန်မှစ၍ ကူရိုင်းကျွန်းစု ပိုင်ဆိုင်ခွင့်အတွက် ဂျပန်နှင့်ရုရှားတို့အကြား အငြင်းပွားမှုစတင်ခဲ့ပြီး ယင်းအငြင်းပွားမှုများကြောင့်ပင် ဒုတိယကမ္ဘာစစ်ပြီးဆုံးခဲ့သည်တိုင် နှစ်နိုင်ငံ ငြိမ်းချမ်းရေးစာချုပ် လက်မှတ်ရေးထိုးနိုင်မှု မရှိသေးကြောင်း သိရသည်။

သို့ရာတွင်မိမိအနေဖြင့် ကူရိုင်းကျွန်းစုသို့ရောက်ဖူးခြင်းမရှိကြောင်း၊ သို့ဖြစ်ရာ တစ်နေ့နေ့တွင် ယင်းကျွန်းစုသို့ သွားရောက်မည်ဖြစ်ကြောင်း ရုရှားသမ္မတပူတင်က ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ရုရှားနိုင်ငံအနေဖြင့် ကူရိုင်းကျွန်းစုဒေသ၌ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးဆောင်ရွက်သင့်ကြောင်း သမ္မတပူတင်ကပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## ချန်အာ-၆ လဆင်းယာဉ်မစ်ရှင် လွှတ်တင်ရေးအတွက် တရုတ်အမျိုးသားအာကာသအေဂျင်စီ ပြင်ဆင်မှုများပြုလုပ်နေ



**ပေကျင်း ဇန်နဝါရီ ၁၂**

တရုတ်အမျိုးသား အာကာသ အေဂျင်စီသည် ချန်အာ-၆ လဆင်းယာဉ်မစ်ရှင်ကို လွှတ်တင်ရေးအတွက် ပြင်ဆင်မှုများပြုလုပ်နေပြီဖြစ်ကြောင်း ဇန်နဝါရီ ၁၁ ရက် သတင်းများအရ သိရသည်။

လွှတ်တင်ရေးအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် တရုတ်အမျိုးသား အာကာသအေဂျင်စီသည် ချန်အာ-၆ အာကာသယာဉ် အစိတ်အပိုင်းများကို တရုတ်နိုင်ငံ တောင်ပိုင်း ဟိုင်နန်ကျွန်းရှိ ဝင်ချန်အာကာသစခန်းသို့ ပို့ဆောင်ထားသည်ဟု တရုတ်ပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ချန်အာ-၆ အာကာသယာဉ် အစိတ်အပိုင်းများကို အင်တိုနော့ဗ် အေအင်န်-၁၂၄ လေယာဉ်၊ ရီအန်းဝိုင်-၂၀ သယ်ယူပို့ဆောင်ရေးလေယာဉ်များဖြင့် ဝင်ချန်အာကာသစခန်းသို့ ပို့ဆောင်ခဲ့ခြင်းဖြစ်သည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ချန်အာ-၆ အာကာသယာဉ်ဖြင့် လကမ္ဘာအမှောင်ဘက်ခြမ်းမှ ကျောက်သားနမူနာများကိုရယူ၍ ကမ္ဘာပေါ်သို့ပြန်လည်ပို့ဆောင်ရန် စီစဉ်ထားကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ချန်အာ-၆ အာကာသယာဉ်ကို ယခုနှစ် ပထမခြောက်လအတွင်း လွှတ်တင်ရန် စီစဉ်ထားသည်။

တရုတ်နိုင်ငံသည် ချန်အာ-၅ မစ်ရှင်ဖြင့် လကမ္ဘာကျောက်သားနမူနာများကို ၂၀၂၀ ပြည့်နှစ်အတွင်း ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## တရုတ်နိုင်ငံမှ အိုရီယန်စပေ့စ်ကုမ္ပဏီက ဂရာဗတီ-၁ ဒုံးပျံကို ပထမဆုံးအကြိမ်အဖြစ် အောင်မြင်စွာလွှတ်တင်နိုင်

**ပေကျင်း ဇန်နဝါရီ ၁၂**

တရုတ်နိုင်ငံအခြေစိုက် အာကာသနည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် အိုရီယန်စပေ့စ်ကုမ္ပဏီသည် ဂရာဗတီ-၁ အမည်ရှိဒုံးပျံကို ပထမဆုံးအကြိမ်အဖြစ် ဇန်နဝါရီ ၁၁ ရက်က အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ကြောင်း သိရသည်။

အိုရီယန်စပေ့စ်ကုမ္ပဏီသည် ဂြိုဟ်တုသုံးစင်း သယ်ဆောင်ထားသည့် ဂရာဗတီ-၁ ဒုံးပျံကို ပင်လယ်ဝါဒေသ၌ရပ်ထားသော သင်္ဘောတစ်စီးပေါ်မှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် ဂရာဗတီ-၁ ဒုံးပျံသည် ယွန်ယောင်း-၁ အုပ်စုဝင် ပုဂ္ဂလိကရာသီဥတုလေ့လာရေး ဂြိုဟ်တုသုံးစင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။



ဂရာဗတီ-၁ ဒုံးပျံသည် အလေးချိန် ကီလိုဂရမ် ၆၅၀၀ ရှိသည့် ဂြိုဟ်တုနှင့် အာကာသယာဉ်များကို ကမ္ဘာပတ် လမ်းကြောင်းပေါ်သို့ ပို့ဆောင်ပေးနိုင်သည်။

အိုရီယန်စပေ့စ် ကုမ္ပဏီသည် ဂရာဗတီ-၂ အမည်ရှိ ဒုံးပျံသစ်ကိုလည်း တည်ဆောက်လျက်ရှိသည်။

အလေးချိန် ၂၅ ဒသမ ၆ တန်ရှိ အာကာသယာဉ်နှင့်ဂြိုဟ်တုများကို ကမ္ဘာပတ်လမ်းကြောင်းအနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ဖွယ်ရှိသည့် ဂရာဗတီ-၂ ဒုံးပျံကို ၂၀၂၅ ခုနှစ်တွင် ပထမဆုံးအကြိမ် လွှတ်တင်နိုင်ရန် အိုရီယန်စပေ့စ်ကုမ္ပဏီက ရည်ရွယ်ထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## ကမ္ဘာပေါ်တွင် ဒိုင်နိုဆောများမပေါ်မီက ရှင်သန်ခဲ့သည့် တွားသွားသတ္တဝါတစ်မျိုး၏ အရေပြားကျောက်ဖြစ်ရုပ်ကြွင်းကို ရှာဖွေတွေ့ရှိထား

**အော့တဝါ ဇန်နဝါရီ ၁၂**

ကမ္ဘာပေါ်တွင် ဒိုင်နိုဆောများ မပေါ်မီက ရှင်သန်ခဲ့သည့် တွားသွားသတ္တဝါတစ်မျိုး၏ အရေပြားကျောက်ဖြစ်ရုပ်ကြွင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဇန်နဝါရီ ၁၁ ရက် သတင်းများအရ သိရသည်။

အဆိုပါအရေပြားကျောက်ဖြစ်ရုပ်ကြွင်းသည် ရှာဖွေတွေ့ရှိခဲ့ဖူးသမျှ ကမ္ဘာဦးသက်ရှိအရေပြားကျောက်ဖြစ်ရုပ်ကြွင်းများအနက် ရှေးအကျဆုံးဖြစ်ပြီး သက်တမ်းအားဖြင့် နှစ်ပေါင်း ၂၈၉ သန်းခန့်ရှိပြီဖြစ်ကြောင်း ကနေဒါနိုင်ငံ တိုရွန်တိုတက္ကသိုလ်မှသိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါတွားသွားသတ္တဝါအရေပြားကျောက်ဖြစ်ရုပ်ကြွင်းများကို အမေရိကန်နိုင်ငံ အိုကလာဟိုးမားပြည်နယ် ကျောက်ဂူတစ်ခုအတွင်း တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မိကျောင်းအရေပြားနှင့် ပုံစံချင်းတူသည့် အထက်ပါအရေပြားကျောက်ဖြစ်ရုပ်ကြွင်းသည် ယခင်ရှေးအကျဆုံးအဖြစ် သတ်မှတ်ထားသည့် အရေပြားကျောက်ဖြစ်ရုပ်ကြွင်းထက် နှစ်ပေါင်း သန်း ၁၃၀ ပိုရှေးကျကြောင်း ကနေဒါသိပ္ပံပညာရှင်များက ပြောကြားသည်။

၎င်းအရေပြားကျောက်ဖြစ်ရုပ်ကြွင်းကို Captorhinus ခေါ် တွားသွားသတ္တဝါတစ်မျိုး၏ အရေပြားဖြစ်နိုင်သည်ဟု ကနေဒါသိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

ကမ္ဘာ့ရှေးအကျဆုံးအရေပြားကျောက်ဖြစ်ရုပ်ကြွင်းများတွေ့ရှိရာ လိုဏ်ဂူထဲတွင် Captorhinus များ၏ ကျောက်ဖြစ်ရုပ်ကြွင်းများလည်း ရှိနေကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## ဇီကာပိုင်းရပ်က အသက်အန္တရာယ်ကြီးမားသော ကလေးကင်ဆာတစ်မျိုးအတွက် ကုထုံးဖြစ်လာနိုင်

**နယူးယောက် ဇန်နဝါရီ ၁၂**

ဇီကာဗိုင်းရပ် ခေါ် ဗိုင်းရပ်တစ်မျိုးသည် အသက်အန္တရာယ်ကြီးမားသော ကလေးကင်ဆာရောဂါတစ်မျိုးအတွက် ကုထုံးဖြစ်လာနိုင်ကြောင်း ဇန်နဝါရီ ၁၁ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏အဆိုအရ ခြင်မှတစ်ဆင့်ကူးစက်တတ်သော ဇီကာဗိုင်းရပ်သည် ကင်ဆာရောဂါပုံစံတချို့ခံစားနေရသည့် လူနာများတွင် အလွန်အကျွံ မြင့်တက်နေတတ်သော ပရိုတင်းများကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

ကြွက်များဖြင့် ပြုလုပ်ခဲ့သည့် လက်တွေ့စမ်းသပ်မှုမှ ထွက်ပေါ်လာသည့် ရလဒ်များအရ ဇီကာဗိုင်းရပ်သည် နျူရိုဘလပ်စတိုးမား (Neuroblastoma) ဦးနှောက်ကင်ဆာဆဲလ်များကို ရှင်းလင်းပေးနိုင်သည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

နျူရိုဘလပ်စတိုးမား ဦးနှောက်ကင်ဆာရောဂါသည် ကလေးဘဝတွင်ဖြစ်ပွားတတ်သည့် ဦးနှောက်ကင်ဆာရောဂါတစ်မျိုးဖြစ်သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ဇီကာဗိုင်းရပ်သည် နျူရိုဘလပ်စတိုးမားဦးနှောက်ကင်ဆာအတွက် ကုထုံးဖြစ်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

နျူရိုဘလပ်စတိုးမားကင်ဆာလူနာများတွင် CD24 ခေါ် ပရိုတင်းတစ်မျိုးပေါ်ထွက်မှုအဆင့်မြင့်တက်လာတတ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## အာဟာရနည်းပါးသောအသင့်စားသရေစာများကို အစားများသည့်ကလေးများ သွေးကြောများမာကျစ်မှု ရင်ဆိုင်ရနိုင်

**လန်ဒန် ဇန်နဝါရီ ၁၂**

အာဟာရတန်ဖိုးနည်းပါးသော အသင့်စားသရေစာများကို အစားများသည့်ကလေးများသည် အသက် ၁၇ နှစ်ပြည့်ပြီးချိန်တွင် သွေးကြောများမာကျစ်မှုပြဿနာဖြင့် ရင်ဆိုင်ရနိုင်ကြောင်း ဇန်နဝါရီ ၁၁ ရက် သတင်းများအရ သိရသည်။

ဗြိတိန်သုတေသနပညာရှင်များသည် အသင့်စားသရေစာများ၏ ကျန်းမာရေး အကျိုးဆက်များကို နားလည်နိုင်ရေးအတွက် ကလေး ၅၀၀၀ ခန့်ကို စောင့်ကြည့်လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ ဟင်းသီးဟင်းရွက်နှင့် ပဲအမျိုးမျိုး အခြေခံ မြေထဲပင်လယ်ဒေသ ဓာတ်စာပုံစံကို စားသုံးသူများသည် အသင့်စား သရေစာအစားများသူများထက် နှလုံးသွေးကြောများ မာကျစ်နိုင်ခြေ ပိုနည်းပါးသည်ကို တွေ့ရကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

မိမိတို့၏တွေ့ရှိချက်အရအသင့်စားသရေစာ အစားများခဲ့သည့် ကလေးများသည် မြေထဲပင်လယ်ဓာတ်စာပုံစံကို စားသုံးသူကလေးများထက် အသက် ၁၇ နှစ်ပြည့်ပြီးချိန်တွင် သွေးကြောများမာကျစ်လာနိုင်ခြေ ပိုမြင့်မားသည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

သွေးကြောများ မာကျစ်မှုပြဿနာကြောင့် ကလေးများ၌ သွေးဖိအားပုံမှန်ထက် မြင့်တက်လာနိုင်ခြေ၊ လေဖြတ်နိုင်ခြေနှင့် နှလုံးရောဂါဖြစ်နိုင်ခြေများ မြင့်မားလာတတ်သည်။

ကလေးများ၏ စားသောက်ပုံအလေ့အထကို ပြုပြင်ပေးခြင်းဖြင့် အနာဂတ်၌ နှလုံးပြဿနာများပေါ်လာနိုင်ခြေကို တားဆီးနိုင်သည်ဟု သုတေသနပညာရှင်များက သတိပေးထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

## ပရီးမီးယားလိဂ် ပွဲစဉ် (၂၁) ပွဲကြိုသုံးသပ်ချက်

ML

**အဲဗာတန် Vs အေဗီလာ**

**ကစားမည့်ရက်/အချိန် ၁၄-၁-၂၀၂၄ (ည ၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အေဗီလာ ၁ - ၂ အဲဗာတန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အဲဗာတန်** | – | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** | **ဝေး(သရေ)** |
| **အေဗီလာ** | – | **ဝေး(ရှုံး)** | **အိမ်(နိုင်)** | **ဝေး(နိုင်)** |

အဲဗာတန်အသင်းဟာ ပြိုင်ပွဲစုံကိုအနိုင်ရဖို့ကြိုးပမ်းခဲ့ပေမဲ့ တိုက်စစ်ပိုင်းက ဒိုကိုရေးဒဏ်ရာရချိန်မှာ ရလဒ်ကျဆင်းခဲ့ပြီး လက်ရှိမှာလဲ ကယ်ဘက်လေဝင် အနီကတ်ကြောင့် ပါဝင်နိုင်မှာမဟုတ်ပါဘူး။ အေဗီလာအသင်းကတော့ အသင်းလိုက်ကစားအားကောင်းနေပြီး အဓိက ကစားသမားစုံလင်နေတာကြောင့် ဒဏ်ရာရ ပွဲပယ်များနေတဲ့ အဲဗာတန်အသင်းကို ဖိအားပေးနိုင်မှာသေချာပါတယ်။

**အင်တာနက်ခန့်မှန်း – အဲဗာတန် ၁ – ၂ အေဗီလာ**

## အီတလီစီးရီးအေ ပွဲစဉ် (၂၀) ပွဲကြိုသုံးသပ်ချက်များ

ML

**ကက်ဂလီယာရီ Vs ဘိုလော့နာ**

**ကစားမည့်ရက်/အချိန် ၁၄-၁-၂၀၂၄ (ည ၀း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘိုလော့နာ ၂ – ၁ ကက်ဂလီယာရီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ကက်ဂလီယာရီ** | – | **အိမ်(သရေ)** | **ဝေး(ရှုံး)** | **ဝေး(သရေ)** |
| **ဘိုလော့နာ** | – | **ဝေး(ရှုံး)** | **အိမ်(သရေ)** | **ဝေး(သရေ)** |

ကက်ဂလီယာရီအသင်းဟာ နောက်ဆုံးငါးပွဲမှာ ရလဒ်မကောင်းခဲ့ပေမဲ့ အိမ်ကွင်းပွဲစဉ်တွေမှာတော့ အနိမ့်ဆုံး သရေရလဒ်ကစားနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဘိုလော့နာအသင်းကတော့ ကြားရက်က ဖလားပြိုင်ပွဲမှာ ရှုံးနိမ့်ခဲ့သလို တိုက်စစ်ပိုင်းက ဇက်ခ်ဇီး အနီကတ်ပြသခံရတာကြောင့် အခုပွဲစဉ်မှာ တိုက်စစ်ပိုင်းကျဆင်းသွားနိုင်ပါတယ်။ ဒါကြောင့် အိမ်ကွင်းမှာ သရေရလဒ်ကစားဖို့ကြိုးစားလာမဲ့ ကက်ဂလီယာရီကို ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – ကက်ဂလီယာရီ ၁ – ၀ ဘိုလော့နာ**

**ဖီအိုရင်တီးနား Vs အူဒီးနီးစ်**

**ကစားမည့်ရက်/အချိန် ၁၄-၁-၂၀၂၄ (ည ၁၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အူဒီးနီးစ် ၀ – ၂ ဖီအိုရင်တီးနား**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဖီအိုရင်တီးနား** | – | **အိမ်(နိုင်)** | **ဝေး(ရှုံး)** | **အိမ်(သရေ)** |
| **အူဒီးနီးစ်** | – | **ဝေး(သရေ)** | **အိမ်(နိုင်)** | **အိမ်(ရှုံး)** |

ဖီအိုရင်တီးနားအသင်းဟာ ကစားပုံတည်ငြိမ်မှုရှိပေမဲ့ တိုက်စစ်ပိုင်းက ဂိုးရဖို့ရုန်းကန်နေရပြီး နောက်ဆုံးငါးပွဲမှာ သုံးဂိုးသာသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။အူဒီးနီးစ်ကတော့ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိပေမဲ့ တိုက်စစ်ကစားပုံထက်မြက်တဲ့ အသင်းဖြစ်တာကြောင့် ဖီအိုရင်တီးနားကို ပြန်လည်တုံ့ပြန်နိုင်စွမ်းရှိနေပါတယ်။ ဒါကြောင့် အဝေးကွင်းမှာ ဂိုးပြတ်မရှုံးနိုင်တဲ့ အူဒီးနီးစ်နဲ့ပဲ လက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း – ဖီအိုရင်တီးနား ၁ – ၁ အူဒီးနီးစ်**

### အားကစားသတင်း အတိုအထွာများ

- စပိန်စူပါဖလား ဆီမီးဖိုင်နယ်အဆင့်တွင် ဒဏ်ရာရရှိခဲ့သည့် ဘာစီလိုနာအသင်းကစားသမား ရာဖင်ဟာအနေဖြင့် လာမည့် ဇန်နဝါရီ ၁၅ ရက်တွင်ကစားရမည့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဗိုလ်လုပွဲစဉ်ကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။
- ကမ္ဘာ့ဘောလုံးလောကရှိ အကျိုးအမြတ်အများဆုံးရရှိထားသည့် လူငယ်အကယ်ဒမီမှာ ပေါ်တူဂီကလပ် ဘင်ဖီကာ လူငယ်အကယ်ဒမီဖြစ်ပြီး စတာလင်ပေါင် ၄၄၄ သန်းထိရရှိခဲ့ကြောင်း သိရသည်။ ML

## စပိန်စူပါဖလားဗိုလ်လုပွဲတွင် ဘာစီလိုနာနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့တွေ့ဆုံ



**ရီယာ့ဒ် ဇန်နဝါရီ ၁၂**

ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့တွင်ကျင်းပနေသည့် စပိန်စူပါဖလားဆီမီးဖိုင်နယ်အဆင့်တွင် ဘာစီလိုနာအသင်းက အိုဆာဆူနာအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့သောကြောင့် ဗိုလ်လုပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့်တွေ့ဆုံခဲ့သည်။

ဘာစီလိုနာအသင်းသည် အိုဆာဆူနာအသင်းနှင့်ပွဲစဉ်တွင် တိုက်စစ်ပိုင်းတွင် လီဝမ်ဒေါ်စကီး၊ ရာဖင်ဟာ၊ ဖာရန်တောရက်စ်တို့နှင့်ပွဲထွက်လာခဲ့ရာ ပွဲစကတည်းကဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဖိအားပေးနိုင်ခဲ့သော်လည်း အိုဆာဆူနာအသင်း၏ ခံစစ်ကစားပုံကောင်းမွန်မှုကြောင့် ပထမပိုင်းတွင် ဂိုးမရှိသရေရလဒ်သာထွက်ပေါ်ခဲ့သည်။

ဒုတိယပိုင်းတွင် ဘာစီလိုနာအသင်းက ခြေစွမ်းပိုင်းကျဆင်းသွားခြင်းမရှိဘဲ တိုက်စစ်ကစားအားမြှင့်တင်လာခဲ့ရာ ပွဲချိန် ၅၉ မိနစ်တွင် လီဝမ်ဒေါ်စကီးကဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် တိုက်စစ်ပိုင်းအပြောင်းအလဲ ထပ်မံပြုလုပ်ခဲ့ရာ အိုဆာဆူနာအသင်း ချေပဂိုးရရှိရန်ခက်ခဲခဲ့ပြီး ပွဲကစားချိန် မိနစ် ၉၀ ပြီးဆုံးပြီး နာကျင်အချိန်ပို သုံးမိနစ်အရောက်တွင် လူငယ်တိုက်စစ်မှူး ယာမယ်က ဂျာအိုဖီးလစ်၏ဖန်တီးပေးမှုမှ ဦးဆောင်ဂိုးထပ်မံသွင်းယူနိုင်ခဲ့သောကြောင့် နှစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲသို့တက်ရောက်ခဲ့သည်။

ဗိုလ်လုပွဲစဉ်တွင် အေတီကိုအသင်းကိုအနိုင်ရခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ကစားရမည်ဖြစ်ပြီး ၎င်းတို့နှစ်သင်းအနေဖြင့် ပြီးခဲ့သည့် ဘောလုံးရာသီကလည်း ဗိုလ်လုပွဲတွင်တွေ့ဆုံခဲ့ရာ ဘာစီလိုနာအသင်းက ရီးရဲလ်မက်ဒရစ်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့သဖြင့် လက်ရှိတွင် ဘာစီလိုနာအသင်းက အဆိုပါရလဒ်ကောင်းကို ထပ်မံထိန်းသိမ်းရန် မျှော်လင့်ထားကြောင်း သိရသည်။ **Ref : RT**

**Trs : ML**

## ချဲလ်ဆီးအသင်းတိုက်စစ်မှူး ဒက်ထရိုဖိုဖန်နာ ဘန်လေအသင်းသို့ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိ

**လန်ဒန် ဇန်နဝါရီ ၁၂**

ချဲလ်ဆီးအသင်းသည် ယူနီယံဘာလင်အသင်းသို့ အငှားစေလွှတ်ထားသည့် တိုက်စစ်မှူးဒက်ထရိုဖိုဖန်နာကို ပြန်လည်ခေါ်ယူခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ဘက် ဘန်လေအသင်းသို့ အငှားထပ်မံစေလွှတ်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အသက် ၂၂ နှစ်ရှိ တိုက်စစ်မှူးဒက်ထရိုဖိုဖန်နာကို ဆီဗီလာအသင်းကလည်း ခေါ်ယူရန်ကြိုးပမ်းခဲ့သော်လည်း ချဲလ်ဆီးအသင်းကပယ်ချခဲ့ပြီး ဘန်လေအသင်းသို့သာ ဘောလုံးရာသီအကုန်ထိ အငှားစေလွှတ်ခဲ့ခြင်းဖြစ်သည်။

ဒက်ထရိုဖိုဖန်နာသည် ယနေ့တွင် အင်္ဂလန်သို့ရောက်ရှိမည်ဖြစ်ပြီး လာမည့် ၄၈ နာရီအတွင်း ဘန်လေအသင်းနှင့် ဆေးစစ်မှုခံယူသွားမည်ဖြစ်သောကြောင့် ယခုတစ်ပတ်အတွင်းကစားရမည့် လူတန်အသင်းနှင့် အမှတ်ပေးပွဲစဉ်တွင် ၎င်းအနေဖြင့် ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း သိရသည်။

ဘန်လေအသင်းသည် ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲ ၂၀ ကစားခဲ့ရာ တိုက်စစ်ပိုင်းက သွင်းဂိုး ၂၀သာ သွင်းယူနိုင်ခဲ့သဖြင့် ပရီးမီးယားလိဂ်တွင် ၎င်းထက်သွင်းဂိုးနည်းသည့် အသင်းမှာ ရှက်ဖီးလ်(ဗ) တစ်သင်းသာရှိခဲ့ပြီး လက်ရှိတွင် အမှတ်ပေးဇယားအဆင့်(၁၉)တွင်ရောက်ရှိနေသောကြောင့် အသင်းတိုက်စစ်ပိုင်းကို မြှင့်တင်၍ တန်းဆင်းဇုန်မှ လွတ်မြောက်ရန် ကစားသမားဖြည့်တင်းမှုများ ပြုလုပ်လျက်ရှိသည်။

ဒက်ထရိုဖိုဖန်နာသည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလက မိုဒီအသင်းမှ ချဲလ်ဆီးအသင်းသို့ ရောက်ရှိခဲ့ပြီးနောက် အသင်းနှင့်ပြိုင်ပွဲစုံလေးပွဲသာ ပါဝင်ခဲ့ရကာ ယခုနှစ်ဘောလုံးရာသီတွင် ယူနီယံဘာလင်အသင်းသို့ အငှားသွားရောက်ကစားခဲ့ရာ ပြိုင်ပွဲစုံ ၁၇ ပွဲတွင် သွင်းဂိုး နှစ်ဂိုးသွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : ML**

## Sony Open တင်းနစ်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဩစတြေးလျဂေါက်သီးရိုက်ကစားသမား ကင်မရွန်းဒါဗစ် ဦးဆောင်



**ဝါရှင်တန် ဇန်နဝါရီ ၁၂**

အမေရိကန်နိုင်ငံ ဟာဝိုင်ယီပြည်နယ်တွင် ကျင်းပနေသည့် Sony Open တင်းနစ်ပြိုင်ပွဲ ပထမနေ့အပြီးတွင် ဩစတြေးလျဂေါက်သီးရိုက်ကစားသမား ကင်မရွန်းဒါဗစ်ကသတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား မောင့်ဂိုမာရီကစုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် အီခရော့၊ ဆင်ပဆန်၊ အင်္ဂလန်ဂေါက်သီးရိုက်ကစားသမားအာရွန်ရိုင်နှင့်ဂျာမနီဂေါက်သီးရိုက်ကစားသမားဂျက်ဂါတို့ကသတ်မှတ်ရိုက်ချက်ထက် ငါးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ကင်မရွန်းဒါဗစ်က "လေတိုက်နှုန်းမြင့်မားခဲ့တဲ့အတွက် ကြိုတင်ပြင်ဆင်ထားတဲ့အတိုင်း ကစားနိုင်ခဲ့ခြင်းမရှိပါဘူး။ ဒါပေမဲ့ ရလဒ်ပိုင်းအရမ်းကြီး မဆိုးသွားအောင်တော့ အတတ်နိုင်ဆုံးကြိုးစားကစားခဲ့တယ်။ ရိုက်ချက်တစ်ချို့ဟာဆိုရင် လုံးဝထင်မှတ်မထားလောက်အောင်ကောင်းမွန်ခဲ့ပါတယ်။ လေတိုက်နှုန်းမြင့်မားတဲ့အချိန် ရိုက်ချက်တစ်ချက်ချင်းစီတိုင်းကို သေသေချာချာသုံးသပ်ပြီးမှ ရိုက်ရတယ်။ လေတိုက်နှုန်းအပေါ် မူတည်ပြီး စဉ်းစားရတဲ့ အတွက်ကြောင့် တော်တော်လဲ ပင်ပန်းခဲ့ပါတယ်။ ပထမနေ့မှာခက်ခဲပေမဲ့လဲ ရလဒ်ကောင်းခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ နောက်ဆုံးနေ့ထိ ဒီပုံစံကောင်းကိုဆက်ထိန်းသိမ်းနိုင်အောင်တော့ ကြိုးစားသွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များ၊ တတိယလုပွဲနှင့်ဗိုလ်လုပွဲ ပွဲစဉ်များဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၂**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များ၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။




ယနေ့ ဂျူဒိုပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီးအသင်းလိုက် ရှုံးထွက်ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ကြရာ ကချင်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီး အသင်းကို လေးပွဲပြတ်ဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို လေးပွဲပြတ်ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကို လေးပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို လေးပွဲ တစ်ပွဲဖြင့် လည်းကောင်း၊ ကချင်ပြည်နယ် အသင်းက ချင်းပြည်နယ်အသင်းကို လေးပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို လေးပွဲ သုံးပွဲဖြင့်လည်းကောင်း၊ ချင်းပြည်နယ်အသင်းက ရှမ်းပြည်နယ် အသင်းကို လေးပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အသင်းက ရန်ကုန်တိုင်းဒေသကြီး အသင်းကို လေးပွဲ နှစ်ပွဲဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို လေးပွဲ တစ်ပွဲဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ အမျိုးသား၊အမျိုးသမီးဂျူဒိုပြိုင်ပွဲ အသင်းလိုက် တတိယလုပွဲ ပွဲစဉ်များကိုယှဉ်ပြိုင်ကစားခဲ့ကြရာ ချင်းပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို လေးပွဲ သုံးပွဲဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို လေးပွဲ သုံးပွဲဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲစဉ်တွင် ကချင်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို လေးပွဲ နှစ်ပွဲဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# ၂၀၂၄-၂၀၂၅ မြန်မာနေရှင်နယ်လိဂ်-၁ ပြိုင်ပွဲကို ဇူလိုင် ၆ ရက်မှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလထိကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပမည့် ၂၀၂၄-၂၀၂၅ မြန်မာနေရှင်နယ်လိဂ်-၁ ပြိုင်ပွဲကို လာမည့် ဇူလိုင် ၆ ရက်မှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလကုန်ထိကျင်းပသွားမည်ကြောင်း သိရသည်။

အဆိုပါ ၂၀၂၄-၂၀၂၅ မြန်မာနေရှင်နယ်လိဂ်-၁ ပြိုင်ပွဲအပါအဝင် အခြားပြိုင်ပွဲများအတွက် ကလပ်အသင်းများနှင့် ပြိုင်ပွဲဆိုင်ရာ အကြိုညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက သုဝဏ္ဏကွင်း အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်မှ တာဝန်ရှိသူများ၊ မြန်မာနေရှင်နယ်လိဂ် - ၁ နှင့် မြန်မာနေရှင်နယ်လိဂ်-၂ မှ အသင်းစီအီးအိုများ၊ အထွေထွေမန်နေဂျာများ၊ အသင်းနည်းပြများ၊ MNL-II Promotion Amateur Club Tournament 2023 ချန်ပီယံနှင့် ဒုတိယရရှိထားသည့် အသင်းတို့မှအသင်းတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် မြန်မာနေရှင်နယ်လိဂ်အမှုဆောင်အရာရှိချုပ်က ရာသီသစ်တွင် ကျင်းပသွားမည့်ပြိုင်ပွဲကျင်းပမည့်ပုံစံများ၊ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များ၊ နိုင်ငံခြားကစားသမားများ ခေါ်ယူရာတွင် ပြင်ဆင်ဆောင်ရွက်ထားရှိရမည့် အခြေအနေများ၊ ပြိုင်ပွဲဝင်အသင်းအရေအတွက်နှင့် အုပ်စုမခွဲသွားရန် စီစဉ်ထားသည့် အခြေအနေများကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

မြန်မာနေရှင်နယ်လိဂ်ကော်မတီ အနေဖြင့် မြန်မာနေရှင်နယ်လိဂ်-၁ အမှတ်ပေးဘောလုံးပြိုင်ပွဲကို ဇူလိုင် ၆ ရက်မှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလကုန်ထိလည်းကောင်း၊ မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲကို ဇူလိုင် ၁၆ ရက်မှ ဒီဇင်ဘာလကုန်ထိ လည်းကောင်း၊ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို ဧပြီ ၂၃ ရက်မှ အောက်တိုဘာလထိလည်းကောင်း၊ MNL U-20 Youth League 2024 ပြိုင်ပွဲကို မေ ၅ ရက်မှ ဒီဇင်ဘာလကုန်ထိ လည်းကောင်း ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

STA

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ ဇုန်အလိုက်အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်ဆက်လက်ယှဉ်ပြိုင်ကစား




**နေပြည်တော် ဇန်နဝါရီ ၁၂**

ပညာရေးဝန်ကြီးဌာနကကြီးမှူး၍ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ ဇုန်အလိုက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လေ့ကျင့်ရေးကွင်း အမှတ်(၃)၌ ကျင်းပခဲ့ကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်၊ဒီဂရီကောလိပ်ပေါင်းစုံ ဇုန်အလိုက် အမျိုးသားဘောလုံး ပြိုင်ပွဲအုပ်စုပွဲစဉ်အဖြစ် ဒဂုံဇုန်အသင်းနှင့် မော်လမြိုင်ဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မော်လမြိုင်ဇုန်အသင်းက ဒဂုံဇုန်အသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ ဇုန်အလိုက် အမျိုးသားဘောလုံး ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ဇန်နဝါရီ ၁၃ ရက် နံနက် ၇ နာရီခွဲတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ ပုသိမ်ဇုန်အသင်းနှင့်မန္တလေးဇုန်အသင်း၊ ညနေ ၃ နာရီခွဲတွင် လေ့ကျင့်ရေးကွင်း အမှတ်(၃)၌ မြစ်ကြီးနားဇုန်အသင်းနှင့် မကွေးဇုန်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်သည်။

ယနေ့ကစားခဲ့သည့် ဒဂုံဇုန်အသင်းနှင့် မော်လမြိုင်ဇုန်အသင်းတို့ပွဲစဉ်ကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ STA

# ABS Classic တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ တိုရိုဒန်နီရယ် တက်ရောက်

**အော့ကလန် ဇန်နဝါရီ ၁၂**

နယူးဇီလန်နိုင်ငံ အော့ကလန်မြို့တွင်ကျင်းပနေသည့် ABS Classic တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် အမေရိကန်တင်းနစ်ကစားသမား ဘင်ရှယ်တန်နှင့် ဂျပန်တင်းနစ်ကစားသမား တိုရိုဒန်နီရယ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ တိုရိုဒန်နီရယ်က (၇-၅ ၊ ၇-၆)ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၁ အရွယ်ရှိ ဘင်ရှယ်တန်သည် ပြိုင်ပွဲတွင်နိုင်ငံခြေအဆင့် (၁)အဖြစ် သတ်မှတ်ခံထားရသူဖြစ်သလို ကွာတားဖိုင်နယ်အဆင့်ထိ အကောင်းဆုံးပုံစံရရှိနေသည့်ကစားသမားတစ်ဦး ဖြစ်သော်လည်း ကွာတားဖိုင်နယ်အဆင့်တွင် တိုရိုဒန်နီရယ်ကို ထင်မှတ်မထားသည့် ရလဒ်ဖြင့်ရှုံးနိမ့်ခဲ့ရပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။

အသက် ၃၀ ရှိ တိုရိုဒန်နီရယ်သည် ၂၀၂၃ ခုနှစ် တင်းနစ်ရာသီတွင် ဘင်ရှယ်တန်နှင့်နှစ်ကြိမ် ထိပ်တိုက်တွေ့ဆုံခဲ့ဖူးပြီး နှစ်ကြိမ်စလုံးတွင် ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့သည်။ လက်ရှိကမ္ဘာ့အဆင့် ၇၄ နေရာတွင်ရပ်တည်နေသည့် တိုရိုဒန်နီရယ်သည် ၂၀၂၄ ခုနှစ် တင်းနစ်ရာသီအတွက် အကောင်းဆုံးပြင်ဆင်မှုများ ပြုလုပ်လာခဲ့ပြီးဘင်ရှယ်တန်အား မနှစ်ကနှင့်မတူသော စွမ်းဆောင်ရည်မျိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

တိုရိုဒန်နီရယ်က "ဘင်ရှယ်တန်နဲ့တွေ့ဆုံတိုင်း အမြဲအခက်တွေ့ခဲ့ရတယ်။ မနှစ်က နှစ်ကြိမ်တိုင်တိုင် ထိပ်တိုက်တွေ့ဆုံမှုရှိခဲ့တယ်။ နှစ်ကြိမ်စလုံးပြတ်သားတဲ့ရလဒ်နဲ့ ကျွန်တော်ရှုံးခဲ့တယ်။ ဒီတစ်ကြိမ်မှာ သူ့ကိုအနိုင်ရခဲ့တယ်။ အနိုင်လိုချင်တဲ့ စိတ်အပြည့်နဲ့ နောက်ဆုံးအချိန်ထိ ကျွန်တော့်ဘက်က အကောင်းဆုံးအာရုံစိုက်ကစားခဲ့တာကြောင့် အနိုင်ရလဒ်ကို စွမ်းဆောင်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူမိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# စပိန်လာလီဂါ ပွဲစဉ် (၂၀) ပွဲကြိုသုံးသပ်ချက်

STA

**အယ်မာရီယာ Vs ဂျီရိုနာ**

**ကစားမည့်ရက်/အချိန် ၁၄-၁-၂၀၂၄ (ည ၀၇း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဂျီရိုနာ ၅ – ၂ အယ်မာရီယာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အယ်မာရီယာ** | – | **အိမ်(သရေ)** | **ဝေး(ရှုံး)** | **ဝေး(ရှုံး)** |
| **ဂျီရိုနာ** | – | **ဝေး(သရေ)** | **အိမ်(နိုင်)** | **ဝေး(နိုင်)** |

ဒီနှစ်ဘောလုံးရာသီမှာအကောင်းဆုံးခြေစွမ်းရရှိနေတဲ့ ဂျီရိုနာအသင်းဟာ အဝေးကွင်းဆိုပေမဲ့ အယ်မာရီယာအသင်းကို ဖိအားပေးကစားနိုင်မှာပါ။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ နိုင်ပွဲပျောက်ဆုံးခဲ့ပြီး လေးပွဲရှုံး တစ်ပွဲသရေရလဒ်ရရှိထားတဲ့ အယ်မာရီယာအသင်းရဲ့ခြေစွမ်းပိုင်းက ဆိုးရွားနေလို့ ခြေစွမ်းပိုင်းကောင်းမွန်နေတဲ့ ဂျီရိုနာအသင်းပဲရလဒ်ကောင်းသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – အယ်မာရီယာ ၀ – ၂ ဂျီရိုနာ**

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၁၇) ပွဲကြိုသုံးသပ်ချက်

STA

**ဂလာဘတ် Vs စတုဂတ်**

**ကစားမည့်ရက်/အချိန် ၁၄-၁-၂၀၂၄ (ည ၁၁း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**စတုဂတ် ၂ – ၁ ဂလာဘတ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**


| | | | | |
|---|---|---|---|---|
| **ဂလာဘတ်** | – | **အိမ်(သရေ)** | **ဝေး(ရှုံး)** | **အိမ်(နိုင်)** |
| **စတုဂတ်** | – | **ဝေး(ရှုံး)** | **အိမ်(နိုင်)** | **အိမ်(နိုင်)** |

အမိကတိုက်စစ်မှူး ဂီရက်ဆီကိုလက်လွှတ်ထားရတဲ့ စတုဂတ်အသင်း တိုက်စစ်ပိုင်းက အခုပွဲစဉ်မှာရှုန်းကန်ရနိုင်ပြီး တိုက်စစ်ပိုင်းကျဆင်းသွားမှာပါ။ ဂလာဘတ်အသင်းကတော့ အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံကောင်းမွန်ပါတယ်။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ဖိအားပေးလာမဲ့ ဂလာဘတ်အသင်းနဲ့ပဲ လက်တွဲထားရမှာပါ။

**အင်တာနက်ခန့်မှန်း – ဂလာဘတ် ၂ – ၁ စတုဂတ်**

# အမျိုးသားစာပေတစ်သက်တာဆုရှင် ဆရာကြီးဒေါက်တာသန်းဦးနှင့် တွေ့ဆုံခြင်း

**၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် ၂၀၁၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားကို နေပြည်တော် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ တွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ စာပေဆုများပေးအပ်ချီးမြှင့်သည်။ အဆိုပါဆုပေးပွဲတွင် အမျိုးသားစာပေတစ်သက်တာဆုရှင် ဆရာကြီးဒေါက်တာသန်းဦးသည် ကျန်းမာရေးအခြေအနေကြောင့် ဆုတက်ရောက်လက်ခံရယူခြင်း မပြုနိုင်သည်ကို တွေ့ရှိရသည်။ ထို့ကြောင့် စာရေးသူသည် နေပြည်တော်မှရန်ကုန်မြို့သို့ပြန်ရောက်ပြီး နောက်တစ်နေ့တွင် ဆရာကြီးနေထိုင်ရာအိမ်သို့ သွားရောက်တွေ့ဆုံဂါရဝပြုကာ မိမိသိလိုသည်များကို မေးမြန်းခဲ့ပါသည်။**



စာရေးဆရာကြီး ဒေါက်တာသန်းဦး

**စာရေးသူ။** **မင်္ဂလာပါ ဆရာကြီးခင်ဗျာ။ ဆရာကြီးကို အခုလို ကျန်းကျန်းမာမာနဲ့ တွေ့ရတာ ဝမ်းသာပါတယ်။**

ဆရာကြီး။ ကျန်းမာတယ်လို့ မဆိုနိုင်ပါဘူးဗျာ။ အိပ်ရာထဲ လှဲနေရပါတယ်။ နှစ်ပတ်တစ်ခါလဲ သွေးသွင်းနေရပါတယ်။ ရိုးတွင်းခြင်ဆီ ခန်းခြောက်တယ်လို့ ဆရာဝန်တွေက ပြောပါတယ်။

**စာရေးသူ။** **ဟုတ်ကဲ့၊ ကျွန်တော် ဆရာကြီးသွေးသွင်းနေရတဲ့သတင်းကြားပါတယ်။ ဒါပေမဲ့ ဆရာကြီးရယ် ပညာတန်ဆောင်မဂ္ဂဇင်းတွေမှာ ဆရာကြီးအသက် ၉၅ နှစ်မှာ ရေးသားထုတ်ဝေတဲ့ ပညာရေးအတွေးအမြင်စာအုပ်နဲ့ အသက် ၉၆ နှစ်မှာ ရေးသားထုတ်ဝေတဲ့ ကြုံရဆုံရဘဝစာအုပ်တွေကြော်ငြာ တွေ့ရပါတယ်။**

ဆရာကြီး။ ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်က လမ်းမလျှောက်နိုင်လို့သာ အိပ်ရာပေါ်မှာ နေနေရတာ။ စာဖတ်နိုင်ပါတယ်။ နောက်ပြီး စာရေးနိုင်ပါတယ်။ ဒါမှမဟုတ်လဲ ကျွန်တော်က စိတ်ကူးပုံရိပ်တွေကို ပါးစပ်ကပြောပြတယ်။ ကျွန်တော့်သမီး ဒါမှမဟုတ် ကျွန်တော့်ကို အနီးကပ်ပြုစုတဲ့ သူနာပြုဆရာမလေးက ကွန်ပျူတာနဲ့ ရိုက်ပေးတော့ အဆင်ပြေတာပေါ့။

**စာရေးသူ။** **ဆရာကြီးက အသက် ၉၆ နှစ်သာဆိုတယ် အသံက တော်တော်မာပါသေးတယ်။ မျက်နှာကလဲ ကြည်လင်လန်းဆန်းနေပါတယ် ဆရာကြီး။**

ဆရာကြီး။ ဒါကတော့ဗျာ ဆရာဝန်ကြီးတွေ အနီးကပ် ပြုစုကုသမှု၊ မိသားစုက ဂရုစိုက်မှုနဲ့ အနီးကပ်ပြုစုပေးနေတဲ့ သူနာပြုဆရာမလေးရဲ့ ကျေးဇူးတွေပေါ့ဗျာ။

**စာရေးသူ။** **ဟုတ်ကဲ့ပါ ဆရာကြီး၊ ဆရာကြီးနဲ့တွေ့တုန်း ဆရာကြီးကို ကျွန်တော်သိချင်တဲ့ မေးခွန်းလေးတွေ မေးခွင့်ပြုပါနော်။**

ဆရာကြီး။ မေးပါဗျာ မေးပါ။ ကျွန်တော်သိသလောက် မှတ်မိသလောက် ဖြေပေးပါမယ်။

**စာရေးသူ။** **ဆရာကြီး အမျိုးသားစာပေဆုကို ရရှိခဲ့ဖူးတယ်လို့သိရပါတယ်။ မြန်မာနိုင်ငံပညာရေးဌာန သမိုင်းစာအုပ်နဲ့ပေါ့။ အဲဒီစာအုပ်ကို ဆရာကြီးဘယ်လိုရည်ရွယ်ချက်နဲ့ ပြုစုရေးသားခဲ့တယ်ဆိုတာ သိပါရစေ။**

ဆရာကြီး။ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံပညာရေးဌာန ပေါ်ပေါက်လာပုံနဲ့ ဆောင်ရွက်ပုံတို့ကို နောင်လာနောက်သားတွေ လေ့လာသိရှိနိုင်အောင် အကိုးအကား၊ အထောက်အထားတွေနဲ့ ရေးသားတာဖြစ်ပါတယ်။ မြန်မာနိုင်ငံ ပညာရေးဌာနအောက်မှာ ကျောင်းတွေရှိပါတယ်။ အခြေခံ ပညာသင်ကျောင်းတွေပေါ့။ ဒါ့ပြင် တက္ကသိုလ်တွေလဲရှိတယ်။ အဲဒီကျောင်းတွေကို နိုင်ငံသားတွေ တက်ရောက်ကြရတယ်။ မြန်မာနိုင်ငံသားတွေအဖို့ ပညာရေးနဲ့ ပြုစုပျိုးထောင်ပေးတဲ့ ပညာရေးဌာနဟာ အခြေခံပညာရေးကဏ္ဍအနေနဲ့ နိုင်ငံသားကောင်းဖြစ်အောင် ပြုစုပျိုးထောင်ပေးတယ်လို့ မြင်ပါတယ်။ ဒါကြောင့် အခြေခံပညာရေးကဏ္ဍမှာ နိုင်ငံသားကောင်းဖြစ်အောင် ပြုစုပျိုးထောင်ပေးခြင်းကို ခံယူရတယ်လို့ကျွန်တော် မြင်ပါတယ်။ နောင်လာနောက်သားတွေလဲ ဒီလိုပဲ သိစေချင်ပါတယ်။ ဒီလိုပဲ အခြေခံပညာပြီးဆုံးသွားရင် တက္ကသိုလ်ပညာဆိုတဲ့အဆင့်မြင့်ပညာကို ဆက်လက်ဆည်းပူးရတယ်။ ဒါကိုလဲ ပညာရေးဌာနကပဲ ပြုစုပျိုးထောင်ပေးရပါတယ်။ အဆင့်မြင့်ပညာက ဘာကိုပြုစုပျိုးထောင်ပေးသလဲဆိုရင် ကျွန်တော့်စိတ်ထဲမှာတော့ လူတစ်လုံးသူတစ်လုံးဖြစ်ဖို့ ပြုစုပေးပါတယ်။ အသိပညာရှင်၊ အတတ်ပညာရှင်ဖြစ်လာဖို့ ပြုစုပျိုးထောင်ပေးတယ်လို့ မြင်ပါတယ်။

**စာရေးသူ။** **ဆရာကြီးရဲ့စာပေဘဝကို ပြောပြပါအုံး။**

ဆရာကြီး။ ကျွန်တော် ကျောင်းသားဘဝကတည်းက ဝါသနာအရ စာပေနယ်ထဲရောက်ခဲ့ပါတယ်။ ကျောင်းသားစာစောင်တွေပုံနှိပ်ပြီး ထုတ်ရပါတယ်။ ကျောင်းသားတွေစုထုတ်တဲ့ စာစောင်တွေမှာ စရေးပါတယ်။ ၁၉၄၈ ခုနှစ်က မြစ်ဖျားခံတယ်လို့ ဆိုရမှာပါ။ ၁၉၅၂ ခုနှစ် ကျောင်းသားဘဝ၊ အဲဒီကစပြီး ဆောင်းပါးတွေ စရေးပါတယ်။ ကလောင်အမည်က ‘ပြည်စိုးမင်း’ပါ။ လူထုဂျာနယ်၊ လင်းယုန်ဂျာနယ်၊ ရန်ကျော်ဂျာနယ်တွေမှာ ရေးခဲ့ပါတယ်။ ၁၉၅၂ ခုနှစ်မှာ တွင်တွင်ကျယ်ကျယ် ရေးပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးစတဲ့ အကြောင်းအရာစုံ ရေးပါတယ်။ ဘွဲ့ရတာ ၁၉၅၄ ခုနှစ်မှာပါ။ ပုတီးကုန်း (အထက)မှာ ကျောင်းအုပ်ဘဝနဲ့ အလုပ်စဝင်ရပါတယ်။ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းဆရာများအသင်းချုပ်က ထုတ်တဲ့ ပညာတံခွန်၊ ၁၉၅၂ ခုနှစ်ကစထုတ်တဲ့ ပညာတန်ဆောင်မဂ္ဂဇင်း၊ မြန်မာနိုင်ငံ ပညာရေးသုတေသနကထုတ်တဲ့ ပညာလောကစာစောင်တွေမှာ ဆောင်းပါးတွေရေးပါတယ်။ သွေးသောက်မဂ္ဂဇင်းမှာလဲ ရေးပါတယ်။ သတင်းစာတွေမှာတော့ လုပ်သားပြည်သူ့နေ့စဉ်၊ ကြေးမုံ၊ မြန်မာ့အလင်းသတင်းစာတွေမှာ ရေးပါတယ်။ ကျောင်းမဂ္ဂဇင်းတွေ၊ တက္ကသိုလ်မဂ္ဂဇင်းတွေမှာလဲ ရေးပါတယ်။

**စာရေးသူ။** **ဆရာကြီးဆောင်းပါးတွေ ဖတ်ရပါတယ်။ ဆရာကြီးအနေနဲ့ သုတပဲ ရေးတာလား၊ ရသစာပေတွေကော ရေးပါသလား ဆရာကြီး။**

ဆရာကြီး။ မှတ်မိသလောက်တော့ ရန်ကျော်ဂျာနယ်မှာ ဝတ္ထုတစ်ပုဒ် ရေးခဲ့ပါတယ်။ နာမည်မမှတ်မိတော့ဘူး။ ဟိုတုန်းကတက္ကသိုလ်မဟာပညာရေးဌာနကထုတ်တဲ့ မဂ္ဂဇင်းတွေမှာ စာညွှန့်တွေလဲရေးပါတယ်။ ဆောင်းပါးမဟုတ်ပါဘူး။ ဒါပေမဲ့ ရသစာပေက နည်းပါတယ်။ သုတစာပေက များတယ်။

**စာရေးသူ။** **ဟုတ်ကဲ့ ဆရာကြီး၊ အမျိုးသားစာပေဆုရပြီး ၂၀၁၃ ခုနှစ်မှာ ဆရာကြီး အမျိုးသားစာပေတစ်သက်တာဆု ၂၀၁၂ ခုနှစ်အတွက် ရရှိခဲ့ပြီနော်။**

ဆရာကြီး။ ဟုတ်ပါတယ်။ ကျွန်တော့်အသက် ၉၆ နှစ်တင်းတင်းပြည့်တဲ့အချိန်မှာ စာပေဆုရတာပါ။ အခုစာပေဆုမှာ အမြင့်ဆုံးဖြစ်တဲ့ အမျိုးသားစာပေတစ်သက်တာဆု ချီးမြှင့်လိုက်တာလို့ မြင်ပါတယ်။ နောက်ပြီးအဲဒီဆုပေးပွဲကြီးကို နိုင်ငံတော်အဆင့်နဲ့ နေပြည်တော်မှာ ခမ်းခမ်းနားနားလုပ်ပေးခဲ့တယ်။ ဆရာကြီးတို့အနေနဲ့ဂုဏ်ယူလို့မဆုံး၊ ဝမ်းသာလို့မဆုံး၊ ပီတိဖုံးပြီးသာဓုခေါ်လို့မဆုံး ဖြစ်ရပါတယ်ဗျာ။ နောက်ပြီး ဆရာကြီးတို့ကို သေတစ်ပန်သက်ဆုံး အခမဲ့ဆေးကုသခွင့်ကို နိုင်ငံတော်က ပေးအပ်လိုက်ပါတယ်။

**စာရေးသူ။** **ကောဇာမပေါ်၊ ဆရာကြီး ‘အသုံးလုံးဆု’ မြန်မာနိုင်ငံကရခဲ့တဲ့ ‘မိုဟာမက်ရေဇာ ပလာဗီ’ဆုကို ဌာနကိုယ်စား၊ နိုင်ငံကိုယ်စား ပြင်သစ်နိုင်ငံ ပဲရစ်မြို့ ယူနက်စကို ဌာနချုပ်မှာ သွားယူရတယ်နော်။**

ဆရာကြီး။ ဟုတ်ပါတယ်ဗျာ။ ဒါလဲ နိုင်ငံတော်က ချီးမြှင့်တယ်လို့ ခံယူပါတယ်။ ၁၉၇၁ ခုနှစ်ကပါ။ အဲဒီအချိန်တုန်းက ကျွန်တော်က မြန်မာနိုင်ငံ စာတတ်မြောက်ရေးဗဟိုကော်မတီရဲ့ အတွင်းရေးမှူးပါ။ နိုင်ငံတော်က ဆုယူဖို့ ကျွန်တော့်ကို စေလွှတ်ပါတယ်။ ပဲရစ်ဆုပေးပွဲအခမ်းအနားမှာ ကျွန်တော်နဲ့ မြန်မာသံအမတ်ကြီးတို့က မြန်မာဝတ်စုံနဲ့ တက်ယူတာပါ။ ဘယ်လောက် ဂုဏ်ယူဖို့ကောင်းလိုက်သလဲ စဉ်းစားကြည့်ပါ။

**စာရေးသူ။** **စာတတ်မြောက်ရေးနဲ့ ပတ်သက်တဲ့ စာတွေ ဆရာကြီး အများကြီးရေးခဲ့မှာပေါ့နော်။**

ဆရာကြီး။ ရေးခဲ့တာပေါ့ဗျာ။ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ နှစ်စဉ် စက်တင်ဘာလ ၈ ရက်နေ့တိုင်း ရေးလာတာ နှစ်ပေါင်း ၅၀ ကျော်ပါပြီ။ ကမ္ဘာ့ဆရာများနေ့ဆိုလဲ နှစ်ပေါင်း ၂၀ ကျော်ပါပြီ။ ပညာတန်ဆောင်မှာ ဆရာကြီး ပညာရေးဆောင်းပါး ၃၇၄ ပုဒ်လောက် ရေးခဲ့ပါတယ်။ ပညာလောက စာစောင်မှာတော့ ဆောင်းပါး ၁၀၀ ကျော် ရေးခဲ့ပါတယ်။

**စာရေးသူ။** **ဆရာကြီးက ပညာရေးကိစ္စတွေနဲ့နိုင်ငံအတော်များများကို ရောက်ခဲ့ဖူးတယ်လို့ သိရပါတယ်။**

ဆရာကြီး။ ဟုတ်ပါတယ်။ ပညာရေးလေ့လာရေး၊ ဆွေးနွေးပွဲညီလာခံ၊ အစည်းအဝေးစသဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ရုရှားနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနဲ့ ဟန်ဂေရီနိုင်ငံတွေ ရောက်ခဲ့ပါတယ်။

**စာရေးသူ။** **ဆရာကြီးရဲ့ ဖြတ်သန်းခဲ့ရတဲ့ ပညာရေးဝန်ထမ်းဘဝကို ပြောပြပါအုံးဆရာကြီး။**

စာရေးကြီး။ ကျွန်တော် ၁၉၅၀ ပြည့်နှစ်မှာ ဘီအေ(အီးဒီ)ဘွဲ့ကို ဂုဏ်ထူးနှစ်ဘာသာနဲ့ အောင်ပါတယ်။ ၁၉၆၃ ခုနှစ်မှာ အမေရိကန်နိုင်ငံ ဟာဝိုင်ရီတက္ကသိုလ်က M.Ed ဘွဲ့ကို ဂုဏ်ထူးနဲ့အောင်ပါတယ်။ ၁၉၅၄ ခုနှစ်ကနေ ၁၉၆၃ ခုနှစ်ထိ ပုတီးကုန်း (အထက)နဲ့ အုတ်ဖို (အထက)တွေမှာ ကျောင်းအုပ်ကြီးလုပ်ခဲ့ပါတယ်။ ပုသိမ်ဆရာအတတ်သင် ကျောင်းအုပ်ကြီး၊ ၁၉၇၆-၁၉၇၇ ခုနှစ်မှာ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဥက္ကဋ္ဌ (ဌာနအကြီးအကဲ)၊ ၁၉၇၇-၁၉၈၅ ခုနှစ်မှာ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစားယူ)၊ ၁၉၈၉ ခုနှစ်မှာ ပညာရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်၊ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးအဖွဲ့ဝင်မှာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

**စာရေးသူ။** **အခြားတာဝန်တွေကိုလဲ ပြောပြပါအုံး ဆရာကြီး။**

ဆရာကြီး။ ကျွန်တော်က ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ရဲ့ ၁၀ ယောက်မြောက်ဥက္ကဋ္ဌပါ။ ၁၉၉၉ ခုနှစ်ကတည်းက အခုထိ ဥက္ကဋ္ဌပါ။ နောက်ပြီး မြန်မာနိုင်ငံ ဝိဇ္ဇာ၊ သိပ္ပံပညာရှင်များအဖွဲ့ဥက္ကဋ္ဌအဖြစ် ၁၉၉၉ ခုနှစ်ကနေ ၂၀၁၅ ခုနှစ်ထိ တာဝန်ယူခဲ့ပါတယ်။ မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြုပင်မဌာန (MLRC) ရဲ့ဥက္ကဋ္ဌက ၂၀၀၀ ပြည့်နှစ်ကနေ ဒီနေ့ထိပဲ ဖြစ်ပါတယ်။

**စာရေးသူ။** **ဆရာကြီး ဂုဏ်ထူးဆောင်ပါရဂူဘွဲ့တွေ ရတယ်နော်။**

ဆရာကြီး။ ဟုတ်ပါတယ်။ ၂၀၁၅ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ပေးပါတယ်။ အဲဒီနှစ် ၂၀၁၅ ခုနှစ်အတွင်းမှာပဲ ဆရာကြီး M.Ed ဘွဲ့ယူခဲ့တဲ့ အမေရိကန်နိုင်ငံ ဟာဝိုင်ရီတက္ကသိုလ်က ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ ပေးအပ်ချီးမြှင့်လို့ ကိုယ်တိုင်သွားရောက်ယူခဲ့ပါတယ်။

**စာရေးသူ။** **ကျွန်တော့်ကို အခုလို အချိန်ပေးပြီး ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ် ဆရာကြီး။**

တွေ့ဆုံမေးမြန်းသူ

**အောင်ကြည်ညွန့်(တက္ကသိုလ်)**

# ကချင်တိုင်းရင်းသားများ၏ အနုပညာဖန်တီးမှုများကို ရုပ်သံလိုင်းများမှထုတ်လွှင့်နိုင်ရေး စီစဉ်နေ



**မြစ်ကြီးနား ဇန်နဝါရီ ၁၂**

ကချင်တိုင်းရင်းသားများ၏ အနုပညာဖန်တီးမှုများကို ရုပ်သံလိုင်းများမှ ထုတ်လွှင့်နိုင်ရေးအတွက် စီစဉ်နေကြောင်း ကချင်အနုပညာရှင်များအသင်းချုပ်ဥက္ကဋ္ဌ JZ ဒေါင်လွမ်းက ပြောပြ၍ သိရသည်။

ကချင်တိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို အနုပညာလုပ်ငန်းများဖြင့် ပိုမိုထုတ်ဖော်ပြသနိုင်ရေးအတွက် ကချင်အနုပညာရှင်များအသင်းချုပ်နှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ပူးပေါင်းဆောင်ရွက်နိုင်ရန် ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး ကချင်တိုင်းရင်းသားများ၏ အနုပညာဖန်တီးမှုများကို ရုပ်သံလိုင်းများမှ ထုတ်လွှင့်နိုင်ရေးအတွက် စီစဉ်နေကြောင်း သိရသည်။

"ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှာပြုလုပ်တဲ့ ကချင်ပြည်နယ်နေ့ အခမ်းအနားအပြီးမှာ ကျွန်တော်တို့ကချင်အနုပညာရှင်များအသင်းချုပ်နဲ့ ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေ တွေ့ဆုံဆွေးနွေးမှုလုပ်ခဲ့ပါတယ်။ ဒီဆွေးနွေးမှုတွေအရ ရုပ်သံလိုင်းတွေမှာ ကျွန်တော်တို့ ကချင်တိုင်းရင်းသားတွေဖန်တီးထုတ်လုပ်ထားတဲ့ ကချင်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးစံတွေကို အခြေခံတဲ့အနုပညာထုတ်လုပ်မှုတွေ ပြသခွင့်ရဖို့ စီစဉ်နေပါတယ်"ဟု ကချင်အနုပညာရှင်များအသင်းချုပ်ဥက္ကဋ္ဌ JZ ဒေါင်လွမ်းက ပြောပြ၍ သိရသည်။ ASH

# 28 Days Later နောက်ဆက်တွဲဇာတ်ကား ရိုက်ကူးရေးအတွက် စီစဉ်နေပြီဖြစ်

**နယူးယောက် ဇန်နဝါရီ ၁၂**

28 Days Later ဇာတ်ကား၏ နောက်ဆက်တွဲ ဇာတ်ကားသစ်ကို ရိုက်ကူးရေးအတွက် ၂၀ ရာစု ရုပ်ရှင်ကုမ္ပဏီက စီစဉ်နေပြီဖြစ်ကြောင်း ဇန်နဝါရီ ၁၁ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားသစ်အတွက် မူလ 28 Days Later ဒါရိုက်တာ ဒန်နီယယ်ဘွိုင်းနှင့် ဇာတ်ညွှန်းရေးဆရာ အဲလက်ဂါးလန်းတို့ ပြန်လည်လက်တွဲပူးပေါင်းမည်ဖြစ်သည်။

28 Days Later နောက်ဆက်တွဲဇာတ်ကားသစ်တွင် မင်းသား စီလီယံမာဖီပြန်လည်ပါဝင်လာနိုင်ဖွယ်ရှိကြောင်း သိရသည်။

၎င်းဇာတ်ကားသစ်၌ ဆက်လက်ပါဝင်ရန်လည်း မိမိကိုယ်တိုင်စိတ်ဝင်စားကြောင်း မင်းသား စီလီယံမာဖီက ထုတ်ဖော်ပြောကြားထားပြီး မူလ 28 Days Later ဇာတ်ကားသည် လန်ဒန်မြို့၌ကြောက်မက်ဖွယ် ဗိုင်းရပ်စ်တစ်မျိုးကူးစက်မှုကြောင့် ဇွန်ဘီခေါ် ဖုတ်ကောင်များ ပေါ်ထွက်လာမှုအန္တရာယ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားခြင်းဖြစ်သည်။

အဆိုပါဇာတ်ကား၏ ရိုက်ကူးထုတ်လုပ်မှုစရိတ်မှာ အမေရိကန်ဒေါ်လာ ရှစ်သန်းသာရှိခဲ့သော်လည်း ကမ္ဘာ့တစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၈၄ ဒသမ ၆ သန်းထိ ရရှိခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**




# လာဘ်ကောင်း ရုပ်သံဇာတ်လမ်းတွဲ Press Conference Show & Fan Meeting ရန်ကုန်တိုင်းဒေသကြီးရှိ Time City Promotion Area တွင် ပြုလုပ်

**ရန်ကုန် ဇန်နဝါရီ ၁၂**

fortune tv ရုပ်သံလိုင်းနှင့် Mahar Application မှ ထုတ်လွှင့်နေသည့် လာဘ်ကောင်း ရုပ်သံဇာတ်လမ်းတွဲ Press Conference Show & Fan Meeting ရန်ကုန်တိုင်းဒေသကြီးရှိ Time City Promotion Area တွင် ဇန်နဝါရီ ၁၁ ရက် ညနေပိုင်းက ပြုလုပ်ခဲ့ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် လွှမ်းပိုင်က ပြောပြ၍ သိရသည်။

လာဘ်ကောင်း ရုပ်သံဇာတ်လမ်း၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒီဒီထက်အောင်က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာကိုဇော်(အရှဏ်ဦး)က ဘိုဘိုဖလင် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း၊ Mahar Application နှင့် fortune tv ရုပ်သံလိုင်းမှ ဇန်နဝါရီ ၁ ရက်နှင့် ဇန်နဝါရီ ၈ ရက်တို့တွင် စတင်ကာ ထုတ်လွှင့်ပေးလျက်ရှိကြောင်း သိရသည်။



"လာဘ်ကောင်း ဇာတ်လမ်းတွဲက ဟာသဇာတ်လမ်းတွဲပုံစံမျိုးပါ။ ဇာတ်လမ်းတွဲကောင်းတွေကို ရသစုံလင်စွာနဲ့ ချစ်တဲ့ပရိသတ်တွေအတွက် တင်ဆက်ပေးနေတဲ့ Mahar ကနေ အပိုင်း ၁ ကို အခမဲ့ကြည့်ရှုလို့ရအောင်တင်ပေးထားပါပြီ။ ကျွန်တော်ရယ်၊ ဦးခင်လှိုင်နဲ့ ကိုမြင့်မြတ်ရယ်ပါဝင်တဲ့ သရုပ်ဆောင်အားလုံး ရယ်မောစရာ ခံစားချက်ရသကို ရရှိမှာပါ။ ဒီဇာတ်ကားမှာ သင်ဇာနဲ့ဆုံခန်းတွေက ပိုများပါတယ်"ဟု သရုပ်ဆောင် လွှမ်းပိုင်က ပြောပြသည်။

အဆိုပါရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် မြင့်မြတ်၊ လွှမ်းပိုင်၊ ခင်လှိုင်၊ ထွန်းပုလဲရတနာ၊ နန်းခင်ဇေယျာ၊ သင်ဇာ၊ အံ့မင်းညို၊ ကိုကိုဦး၊ ဇင်မျိုး၊ ဇော်ဝင်းနိုင်၊ ညောင်ညောင်၊ မျိုးမျိုးခိုင်၊ အေဏီဇော်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# လင်ဒါရွန်းစတက်၏ အတ္ထုပ္ပတ္တိဇာတ်ကား၌ အဆိုတော် ဆီလီနာဂိုမက် ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဇန်နဝါရီ ၁၂**

ဂရမ်မီဆုရှင်အမေရိကန်အမျိုးသမီးကျေးလက်အဆိုတော်ကြီး လင်ဒါရွန်းစတက်၏ ဘဝအတ္ထုပ္ပတ္တိဇာတ်ကားတွင် အဆိုတော်ရုပ်ရှင်မင်းသမီး ဆီလီနာဂိုမက် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၁ ရက် သတင်းများအရ သိရသည်။

လင်ဒါရွန်းစတက်၏ဘဝအတ္ထုပ္ပတ္တိဇာတ်ကားတွင် ဆီလီနာဂိုမက်သည် လင်ဒါရွန်းစတက်၏ နေရာတွင် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် အစီအစဉ်ကို ဆီလီနာဂိုမက်က အင်စတာဂရမ်စာမျက်နှာပေါ်၌ အတည်ပြုကြေညာထားသည်။


လက်ရှိအချိန်တွင် လင်ဒါရွန်းစတက်၏ ဘဝအတ္ထုပ္ပတ္တိဇာတ်ကားကိုတာဝန်ယူရိုက်ကူးပေးမည့် ဒါရိုက်တာကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

လင်ဒါရွန်းစတက်သည် ၁၉၇၀ ပြည့်နှစ်များအတွင်း ထင်ရှားခဲ့ပြီး အမေရိကန် ဂီတလောကအပေါ် သြဇာကြီးမားခဲ့သည့် ဂရမ်မီဆုရှင်အမျိုးသမီးအဆိုတော်ဖြစ်သည်။

ရွန်းစတက်သည် အာရုံနာဗ်ဆဲလ်ပျက်စီးမှုပြဿနာကြောင့် ၂၀၀၉ ခုနှစ်တွင် အနုပညာလောကမှ အနားယူခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# သရက်မြို့နယ် ဘော်(မြောက်)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**သရက် ဇန်နဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဘော်(မြောက်)ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဘော်(မြောက်) ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ကြရန် မှာကြားပြီး ကျေးရွာ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဘော်(မြောက်) ကျေးရွာ၌ အရှည် ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းပံ့ပိုးငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၂၀ စုစုပေါင်းငွေကျပ် သိန်း ၁၇၀ အသုံးပြု၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇန်နဝါရီ ၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ဇင်မာ**

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing holds talks with Commander-in-Chief of Royal Thai Armed Forces General Songwit Noonpackdee

**Nay Pyi Taw January 12**

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing held talks with Commander-in-Chief of Royal Thai Armed Forces General Songwit Noonpackdee in the form of video conferencing this evening.

Also present together with the Senior General were Lt-Gen Ye Win Oo of Office of Commander-in-Chief and officials. The Commander-in-Chief of Royal Thai Armed Forces was accompanied by Air Chief Marshal Chakorn Tawanjang of Royal Thai Armed Forces and officials.

At the meeting views on promotion of bilateral relations between the two countries and armed forces, country-to-country political cooperation and military-to-military security cooperation for safety and facilitation of border trade, anti-drug and anti-terrorism operations, anti-illegal trade activities, information sharing, peace and stability of border areas, bilateral cooperation in combating online gambling and telecom frauds, especially the ones that were exposed near Myawady town at the common border, conducting ministry-to-ministry cooperation between the two countries in providing humanitarian assistance, apart from the ongoing military-to-military cooperation, collective prevention of forest fires and cross-border haze and air pollution at Myanmar-Lao-Thai border, continuation of cooperation between the governments and armed forces of the two countries in wide array of sectors were cordially exchanged. 100



Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing holds talks with Commander-in-Chief of Royal Thai Armed Forces General Songwit Noonpackdee through video conferencing.




Senior General Min Aung Hlaing




General Songwit Noonpackdee

# Locals from YeU District plant over 40,000 acres of chickpeas in this year

**YeU January 12**

More than 40,000 acres of chickpeas have been planted in YeU, Sagaing Region during this year's winter crop planting season, according to the Department of Agriculture for YeU District.

During the winter crop planting season of 2023-2024, 43,430 acres of chickpea crops have been earmarked for planting in YeU District, and since October 2023, 40,335 acres have been planted.

"We are working to meet the target of winter chickpeas this year. We are working to plant high-yielding varieties of chickpeas," said U Zaw Myint Tun, Head of the Department of Agriculture for YeU District.

In YeU District, 9,353 acres in YeU Township and 25,997 acres in Taze Township and 4,985 acres in Dabayin Township were planted.

During the winter crop planting season of 2023-2024, according to township allocation for chickpea cultivation in YeU District, 9,765 acres in YeU Township, 26,495 acres in Taze Township and 7,170 acres in Dabayin Township have been earmarked for planting. 206

# Blinken wraps up Mideast tour with talks in Egypt on Gaza crisis

**Cairo January 12**

U.S. Secretary of State Antony Blinken held talks on Thursday with Egyptian President Abdel-Fattah al-Sisi in the Egyptian capital of Cairo as he wraps up his Mideast tour over the ongoing Israeli escalation in the Gaza Strip.

During the talks, Sisi updated Blinken with "the Egyptian efforts to communicate with all parties to reach an immediate ceasefire in Gaza," as well as to ensure sufficient flow of humanitarian aid into the besieged enclave, said the Egyptian presidency in a statement.

The Egyptian president underlined the need to end "the humanitarian plight in Gaza," and the necessity of reaching a just and comprehensive settlement of the Palestinian issue, according to the statement.

The top U.S. diplomat expressed Washington's appreciation of Cairo's efforts to consolidate peace and stability in the region, while Sisi stressed Egypt's keenness to continue coordination with the United States to maintain regional security and stability. Xinhua

# France's new PM forms government

**Paris January 12**

French President Emmanuel Macron on Thursday nominated a list of ministers in the new government based on the proposition of the newly-appointed Prime Minister Gabriel Attal.

According to a press release of the presidential palace, the Elysee, the new government now consists of 11 ministers and three ministers delegate attached to the Prime Minister, down from 16 ministers and three ministers delegate in the previous government.

Among the new ministers in Attal's government is 38-year-old Stephane Sejourne, nominated as Minister for Europe and Foreign Affairs.

The labor ministry and the health ministry are now combined into Ministry of Labor, Health and Solidarities, which is led by Catherine Vautrin.

The new Minister of Culture is Rachida Dati, an experienced political veteran who served as justice minister under the presidency of Nicolas Sarkozy.

The two most senior members from the previous government, Bruno Le Maire and Gerald Darmanin keep their positions as Minister of Economy, Finances and Industrial and Digital Sovereignty, and Minister of the Interior and Overseas France, respectively. Xinhua

# $518 m earned from exporting marine products of 300 types to 45 countries in April-December this fiscal



Workers preparing fish at a fish processing plant.

**Nay Pyi Taw January 12**

From April to December of the 2023-2024 fiscal year, more than 300 types of marine products were exported to 45 countries, and the export income has reached more than US$518 million, according to U Nyunt Win, director of the Department of Fisheries (Nay Pyi Taw).

Myanmar's marine products regularly go to Japan, Middle East countries, European Union countries, Malaysia, Chinese Taipei and Australia. The department is closely cooperating with Myanmar Fisheries Federation to improve the export of marine products.

"From April to December 2023 -2024 fiscal year, we have exported more than 345,000 tons of marine products abroad by sea and by air and via border crossings, earning more than US$518 million. In terms of exports by type, there were 206,074 tons of fish worth US$262 million, more than 8,400 tons of prawn worth US$32 million and 130,526 tons of other marine products worth US$224 million," U Nyunt Win said.

Kyaw Kyaw Lin

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Locals from Kyonpyaw Township plant 5,366 acres of green beans as winter crops

**Kyonpyaw January 12**

A total of 5,366 acres of green beans will be planted as winter crops in Kyonpyaw Township, Kyonpyaw District, Ayeyawady Region, said U Kyaw Kyaw, head of the Department of Agriculture for Kyonpyaw Township.

In the winter crop planting season, 5366 acres of green beans will be planted in the second week of January this year. The Department of Agriculture is cooperating with local farmers in order to reach the target.

"In the cultivation of winter crops, we have provided the farmers with the necessary support to grow without difficulty. Our winter crops are start planting in December. To improve the quality of the cultivated crops, the Department of Agriculture is preparing the planting methods and other necessary things in advance of the planting season. Besides green beans, other crops are also being planted. By the end of January, all winter crops are planned to be planted. We are preparing and planting the crops in advance to increase the yield year after year." said U Kyaw Kyaw.



A green bean plantation.

KKL

# Locals from Wuntho Township plant 1,000 acres of maize in this year

**Wuntho January 12**

More than 1,000 acres of maize have been planted in Wuntho Township, Kawlin District, Sagaing Region during this year's winter crop planting season, according to the Department of Agriculture for Wuntho Township.

During the 2023-2024 winter crop planting season, 2,000 acres of maize have been earmarked for planting in Wuntho Township, and since October 2023, 1,097 acres have been planted.

"We are working to achieve the full amount of planted acres. This year, we planted maize for winter. However, more than 70 acres were planted without the seed production target. We are providing awareness for the success of the maize crop, and raising awareness to prevent the spread of the disease," said U Tint Swe, Head of Department of Agriculture for Wuntho Township.

During the last 2022-2023 winter crop planting season, the young maize crop was planted from October 2022 to December 2022, and 2,000 acres of maize crops were planted.

206



A maize plantation.

# More domestic tourists flock to Seinbangone than to any other village developing village-based tourism

**Mandalay January 12**

Among the villages that have developed village-based tourism, Seinbangone Village has seen a large number of domestic tourists, according to U Maung Maung Lay, the leader of the Irrawaddy Dolphin Conservation Group.

Currently, one of the villages that are developing tourism is Seinbangone Village in Mattaya Township, Mandalay Region. There are also interesting traditional Myanmar handicrafts, including weaving, pottery, bamboo hats, cheroots, and shoes.

"Since 2014, WCS, the Department of Fisheries, and the Irrawaddy Dolphin Conservation Group have been working together to develop village-based tourism," U Maung Maung Lay said.

He said similar projects had been implemented in several villages in Mandalay and Sagaing regions.

Among these villages, the number of domestic tourists visiting Seinbangone Village last week in December was only over 100 tourists per day, but since the first week of January, the number of domestic tourists has increased to over 200.

"It is now the open season, so there has been a significant increase in the number of domestic tourists visiting the villages that have developed village-based tourism. Recently, there has been a large number of tourists visiting Seinbangone Village," he continued.

184

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ရုရှားက လေဟုန်စီးဗုံးသစ်တစ်မျိုးကို ယခုနှစ်တွင် အမှတ်စဉ်လိုက် အမြောက်အမြားထုတ်လုပ်နိုင်တော့မည်



ရုရှားနိုင်ငံသည် နှစ်ပေါင်းများစွာက တီထွင်ဖန်တီးခဲ့သည့် လေဟုန်စီးဗုံးသစ်တစ်မျိုးကို ယခုနှစ်တွင် အမှတ်စဉ်လိုက် အမြောက်အမြား ထုတ်လုပ်နိုင်တော့မည်ဟု သတင်းများထွက်ပေါ်နေကြောင်း နိုင်ငံပိုင် RT သတင်းဌာနက ဇန်နဝါရီ ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ လေဟုန်စီးဗုံးသစ်သည် ယူကရိန်းပဋိပက္ခတွင် အောင်မြင်စွာ တိုက်ပွဲဝင်အသုံးပြုနိုင်ခဲ့ပြီး ရုရှားစစ်ဘက်သည် ဗုံးအဟောင်းများကို အဆင့်မြင့်ပစ္စည်းကိရိယာများဖြင့် ပြန်လည်ပြင်ဆင်ထားခဲ့ခြင်းလည်းဖြစ်သည်။

လေဟုန်စီးဗုံးသစ်အမည်မှာ ရုရှားဘာသာစကားဖြင့် PKB-500U Drel ဖြစ်ပြီး 'Drill' ဟု အဓိပ္ပာယ်ရသည်။ ဗုံးသစ်ကို စမ်းသပ်မှုများအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း ရုရှားနိုင်ငံပိုင် Rostec ကုမ္ပဏီကြီးက ဇန်နဝါရီ ၁၀ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အချို့သောစမ်းသပ်မှုများကို ယူကရိန်းပဋိပက္ခ၏ တိုက်ခိုက်ရေးဇုန်အတွင်းပြုလုပ်ခဲ့သော်လည်း အသေးစိတ်အချက်အလက်များကို လျှို့ဝှက်ထားကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

Drel လေဟုန်စီးဗုံး၏ ပထမဆုံးအသုတ် အမှတ်စဉ်လိုက် ထုတ်လုပ်မှုကို ၂၀၂၄ ခုနှစ်အတွင်း လုပ်ဆောင်သွားရန် စီစဉ်ထားသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

လေဟုန်စီးဗုံးများသည် ၎င်းတို့၏ အကွာအဝေးစွမ်းရည် ချဲ့ထွင်ရန်အတွက် ဆူးတောင်၊ တောင်ပံများကိုသာအသုံးပြုထားပြီး ဒုံးကျည်များကဲ့သို့ပင် တန်ဖိုးကြီးသည့်အင်ဂျင်များမရှိသောကြောင့် ဈေးပေါသော လက်နက်အမျိုးအစားတစ်ခုဖြစ်သည်။ ရန်သူ့တာတိုပစ် လေကြောင်းရန်ကာကွယ်ရေးစနစ်များ အကွာအဝေးအတွင်းသို့မဝင်ရောက်ဘဲ အမြင့်မှပျံသန်းနိုင်သော စစ်ဘက်သုံးလေယာဉ်များဖြင့် ကြဲချနိုင်သည်။ ခေတ်မီမျိုးကွဲများကို ပုံမှန်အားဖြင့် တိကျသေချာစေရန် လမ်းညွှန်စနစ်တစ်မျိုးလည်း တပ်ဆင်အသုံးပြုနိုင်ကြောင်း သိရသည်။

ယူကရိန်းနှင့် ပဋိပက္ခတွင် ရုရှားသည် လက်နက်တိုက်များ၌ သိုလှောင်ထားသော ဗုံးသီးအဟောင်းများကို လေဟုန်စီးဗုံးများအဖြစ် ပြောင်းလဲနိုင်သည့် အဆင့်မြင့်ပစ္စည်းကိရိယာများ အမြောက်အမြားထုတ်လုပ်နိုင်ခဲ့သည်။ အဆိုပါ အဆင့်မြင့်လေဟုန်စီးဗုံးများသည် ယူကရိန်းတို့၏ ရှေ့တန်းတပ်များအတွက် ကြီးမားသော ခြိမ်းခြောက်မှုဖြစ်သည်ဟု အနောက်တိုင်းမီဒီယာများက ထောက်ပြရေးသားထားကြသည်။

Drel လေဟုန်စီးဗုံးကို ၁၉၉၀ ပြည့်နှစ်များတွင် ထုတ်လုပ်ရန် စိတ်ကူးပုံဖော်ထားသော်လည်း ၂၀၂၄ ခုနှစ်မှသာ ထုတ်လုပ်မှုများ စတင်နိုင်ခဲ့သည်။ လိုအပ်သော အခြေခံအဆောက်အအုံများ အကောင်အထည်ဖော်ရန် လွန်ခဲ့သောဆယ်စုနှစ် ၃၀ ခန့်က အထမမြောက်ခဲ့ပေ။ ပစ်မှတ်ထားတိုက်ခိုက်ရန် ဂြိုဟ်တုလမ်းညွှန်စနစ်ကို အသုံးပြုထားသည်။ ပင်မသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဆင့်ကို ၂၀၁၆ ခုနှစ်တွင် အပြီးသတ်နိုင်ခဲ့ကြောင်း သတင်းများထွက်ပေါ်ခဲ့သော်လည်း စစ်မြေပြင်စမ်းသပ်စစ်ဆေးမှုများပြုလုပ်ရန် နှောင့်နှေးခဲ့ရသည်။ ၂၀၁၈ ခုနှစ်တွင် စမ်းသပ်မှုများ အောင်မြင်စွာလုပ်ဆောင်ခဲ့ပြီးနောက် ရုရှားလေကြောင်းနှင့်အာကာသတပ်ဖွဲ့သို့ တပ်တော်ဝင်အသုံးပြုရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

Drel လေဟုန်စီးဗုံးကို တီထွင်ခဲ့သော ကာကွယ်ရေးဆိုင်ရာ အင်ဂျင်နီယာဓာတ်ခွဲခန်းမှ Bazalt က ၎င်းကို အဆင့်မြင့်အစုလိုက်အပြုံလိုက် တိုက်ခိုက်ရေးလက်နက်တစ်ခုအဖြစ် ကြေညာခဲ့သည်။ အလေးချိန် ကီလို ဂရမ် ၅၄၀ ရှိ ဗုံးတစ်လုံးစီတွင် သီးခြားစီ ပစ်မှတ်ထားတိုက်ခိုက်နိုင်မည့် လေထီးဖြင့်သယ်ဆောင်၍ ပေါက်ကွဲခဲယမ်း ၁၅ ခုစီ ပါဝင်ဖွဲ့စည်းထားသည့်အတွက် တင့်ကား၊ သံချပ်ကာယာဉ်များ သို့မဟုတ် ရေဒါစခန်းများကဲ့သို့သော သီးခြားပစ်မှတ်များကို တိုက်ခိုက်ရန်အတွက် အံဝင်ခွင်ကျဖြစ်စေနိုင်သည်။

၎င်းတို့တွင် စစ်ဘက်မဟုတ်သော ပစ်မှတ်များကို ထိခိုက်ပျက်စီးမှုမှ ကာကွယ်ရန် အထူးထည့်သွင်းရေးဆွဲထားသော ပရိုဂရမ်ပါရှိပြီး အရပ်သားများကို အန္တရာယ်ဖြစ်စေသောခဲယမ်းများ မကျန်ရှိစေရန် ပြုလုပ်ထားသည်။

Drel လေဟုန်စီးဗုံးကို အမြင့်ပေ မီတာ ၁၀၀ မှ ၁၄ ကီလိုမီတာကြား အမြန်နှုန်း တစ်နာရီ ကီလိုမီတာ ၇၀၀ မှ ကီလိုမီတာ ၁၁၀၀ ကြား ပျံသန်းနိုင်သော လေယာဉ်ဖြင့် သယ်ဆောင်တိုက်ပွဲဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ Drel ဗုံး၏ အမြင့်ဆုံးတိုက်ပွဲဝင်နိုင်သော အကွာအဝေးသည် ကီလိုမီတာ ၃၀ ဖြစ်သည်။ ရုရှားနိုင်ငံ Rostec ကုမ္ပဏီလက်အောက်ခံ Bazalt ဓာတ်ခွဲခန်းပိုင်ရှင် Tecmash ကုမ္ပဏီက Drel ဗုံးသစ်တွင် ထည့်သွင်းအသုံးပြုထားသော နည်းပညာသည် အရပ်ဘက်အသုံးချမှုများအတွက် ပြန်လည်အသုံးပြုနိုင်မည်ဖြစ်ပြီး ဝေးလံခေါင်သီသော ဒေသများသို့ အရေးပေါ်ထောက်ပံ့ပို့ဆောင်ရေးများလုပ်ဆောင်ရန် လေကြောင်းမှ ရိက္ခာချခြင်းများအပါအဝင် လေကြောင်းသယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ရေးအတွက် တိကျစွာဆောင်ရွက်နိုင်သည့် နည်းပညာဖြစ်ကြောင်း သိရသည်။

**Russia's new gliding bomb to go into serial production – media ကို ဘာသာပြန်ဆိုထားပါသည်။**

## တူကီယဲနိုင်ငံ ကာကွယ်ရေးကုမ္ပဏီတစ်ခုက ဗုံးပစ်လောင်ချာတပ်ဆင်ထားသောဒရုန်းကို စမ်းသပ်ခဲ့

တူကီယဲနိုင်ငံ ကာကွယ်ရေးကုမ္ပဏီတစ်ခုသည် ဗုံးပစ်လောင်ချာ တပ်ဆင်ထားသောဒရုန်းကို စမ်းသပ်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါဒရုန်းကို တူကီယဲနိုင်ငံ Asisguard ကုမ္ပဏီကထုတ်လုပ်ထားပြီး Songar ဟုအမည်ပေးထားသော ဒရုန်းတွင် ပြောင်းခြောက်လုံးပါ RDS40-MGL ဗုံးပစ်လောင်ချာကို တွဲချိတ်အသုံးပြုကာ ပစ်ခတ်စမ်းသပ်ခဲ့ခြင်းဖြစ်သည်။

အလေးချိန် ၅ ဒသမ ၄ ကီလိုဂရမ်ရှိသော ၄၀ မီလီမီတာဗုံးပစ်လောင်ချာသည် အလားတူ လက်နက်စနစ်များထက် ၁ ဒသမ ၅ ကီလိုဂရမ် ပိုမိုပေါ့ပါးသည်ဟု ဗုံးပစ်လောင်ချာထုတ်လုပ်သည့် Repkon Defence ကုမ္ပဏီက ဆိုသည်။ ၎င်းသည် ၄၀ × ၄၆ မီလီမီတာ ခဲယမ်းအမျိုးအစားကို အကွာအဝေး မီတာ ၄၀၀ ထိပစ်ခတ်နိုင်ပြီး ၄၀ × ၅၃မီလီမီတာ ခဲယမ်းအမျိုးအစားကို အကွာအဝေး မီတာ ၈၀၀ ထိပစ်ခတ်နိုင်သည်။

တူကီယဲနိုင်ငံ Asisguard နှင့် Repkon ကုမ္ပဏီတို့သည် ၂၀၂၂ ခုနှစ်က သဘောတူညီချက်တစ်ခု ရရှိခဲ့ပြီးနောက် ပေါင်းစပ်လေ့လာမှုတစ်ရပ်ကို ပြုလုပ်ခဲ့ပြီး စမ်းသပ်မှုများပြုလုပ်သည်ထိ ပါဝင်ခဲ့သည်။ Songar ဒရုန်းသည် ယခင်က ၅ ဒသမ ၅၆ မီလီမီတာ သေနတ်တစ်လက်၊ ခဲယမ်းနှင့် Payload အမျိုးမျိုးတပ်ဆင်၍ စမ်းသပ်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့များနှင့်အတူ တပ်ဖြန့်အသုံးပြုနိုင်ခဲ့ပြီးနောက် ကျည်နှင့် Payload မျိုးစုံ ပေါင်းစည်းတပ်ဆင်ခြင်းဖြင့် လက်နက်ခဲယမ်းတပ်ဆင်မှုကို တိုးချဲ့လုပ်ဆောင်နိုင်ရန် ရည်ရွယ်ထားသည်ဟု Asisguard ကုမ္ပဏီ၏ CEO Baris Duzgun က ပြောကြားခဲ့သည်။ ၎င်းသည် ဒရုန်းအမျိုးအစားများစွာကို ဒီဇိုင်းထုတ်ရန်မလိုအပ်ဘဲ ခဲယမ်းမီးကျောက်များနှင့် Payload များကို တွဲဖက်အသုံးပြုနိုင်ရန် ရည်ရွယ်ထားကြောင်း ၂၀၂၃ ခုနှစ်အတွင်း ကတည်းက Duzgun ၏ပြောကြားချက်ကို ကိုးကား၍ တူကီယဲနိုင်ငံပိုင် Anadolu Agency သတင်းအေဂျင်စီက ရေးသားဖော်ပြခဲ့ဖူးသည်။ ၎င်းဒရုန်းကို လေဆာလက်နက်၊ ဒုံးကျည်များ တပ်ဆင်အသုံးပြုနိုင်ရန် စတင်လေ့လာနေပြီလည်းဖြစ်သည်။

အလေးချိန် ၂၅ ကီလိုဂရမ်ရှိ Multi-copter အမျိုးအစားဒရုန်းသည် အကွာအဝေး ၁၆ ကီလိုမီတာ၊ အမြင့် ၂ ဒသမ ၈ ကီလိုမီတာထိ ပျံသန်းနိုင်စွမ်းရှိသည်။ ၎င်းတွင် အချိန်နှင့်တစ်ပြေးညီ ဗီဒီယိုများ ထုတ်လွှင့်ရန်အတွက် ကင်မရာတစ်လုံးနှင့် လေဆာအကွာအဝေးရှာဖွေသည့်ကိရိယာ တပ်ဆင်ထားပြီး အုပ်လိုက်ပျံသန်းမောင်းနှင်၍လည်း တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်သည်။



**Turkish Firm Tests Grenade Launcher-Armed Drone ကိုဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၃၅၉၁ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ထောပတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို ဇန်နဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၃၅၉၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ဧက ၄၄၃၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၅၉၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ရွှေဘိုခရိုင်မှာ ထောပတ်ပဲ ဧက ၄၄၃၀ စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိအချိန်ထိတော့ ၃၅၉၁ ဧက စိုက်ပျိုးပြီးပါပြီ။ လျာထားချက်ကေပြည့်မီစွာစိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ထောပတ်ပဲစိုက်ပျိုးမှုကတော့ ဖြစ်ထွန်းအောင်မြင်ကြပါတယ်။ ထောပတ်ပဲဟာ ဈေးကောင်းရရှိတဲ့အတွက် အားထားစိုက်ပျိုးကြပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် မြို့နယ်အလိုက် ထောပတ်ပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၅၁၉ ဧက၊ ခင်ဦးမြို့နယ်တွင် ၇၀၃ ဧက၊ ဝက်လက်မြို့နယ်တွင် ၁၃၅၅ ဧကနှင့် ကျောက်မြောင်းမြို့နယ်ခွဲတွင် ၁၀၁၄ ဧက စုစုပေါင်း ၃၅၉၁ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၅၄၄ ဧက၊ ခင်ဦးမြို့နယ်တွင် ၆၄၁ ဧက၊ ဝက်လက်မြို့နယ်တွင် ဧက ၂၂၃၀၊ ကျောက်မြောင်းမြို့နယ်ခွဲတွင် ၁၀၁၅ ဧက စုစုပေါင်းဧက ၄၄၃၀ ဖြစ်ကြောင်း သိရသည်။

ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများက ထောပတ်ပဲများကို သီးသန့်စိုက်ပျိုးကြသလို အချို့တောင်သူများက အပိုဝင်ငွေရရှိစေရန်အတွက် သီးညှပ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ရွှေဘိုခရိုင်တွင် ပဲမျိုးစုံစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်းတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးကြရေးနှင့် လိုအပ်သည့်နည်းပညာများကို ပံ့ပိုးကူညီပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# လှိုင်းဘွဲ့မြို့နယ် ကမော့ကချူးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**လှိုင်းဘွဲ့ ဇန်နဝါရီ ၁၂**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကမော့ကချူးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကမော့ကချူးကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။



ကမော့ကချူးကျေးရွာ၌ လမ်းအရှည် ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်းငွေကျပ် သိန်း ၁၆၀ အသုံးပြုကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် အောက်တိုဘာလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် ကျေးရွာရှိ အိမ်ခြေ ၂၄၅ အိမ်၊ လူဦးရေ ၁၁၂၀ တို့အတွက် လမ်းပန်းဆက်သွယ်ရေး လွယ်ကူအဆင်ပြေနေပြီဖြစ်ကြောင်း သိရသည်။ **ဆက်လူ**

# နတ်မောက်မြို့နယ် န/လက္ခပွင်ကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်မောက် ဇန်နဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက န/လက္ခပွင်ကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၁ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်းရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၉ ဒသမ ၂၅သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက န/လက္ခပွင်ကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၃ ဦးကို ငွေကျပ် ၂၉ ဒသမ ၅၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၅ ဒသမ ၂၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၄ ဒသမ ၄၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၄၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၉ ဒသမ ၂၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သူသူ(နတ်မောက်)**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၂-၁-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၀၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၈၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၃၂၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၅၆၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၆၇၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ပန်းတနော်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**ပုသိမ် ဇန်နဝါရီ ၁၂**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ပန်းတနော်မြို့နယ် ချောင်းကလေးကျေးရွာအုပ်စု အိုးဘို-ချောင်းကလေးလမ်းပေါ်ရှိ ကျုံပတောတံတား တည်ဆောက်ခြင်းလုပ်ငန်း(ပထမပိုင်း) A1 bore pile ငါးလုံး၊ A2 bore pile ငါးလုံး ဆောင်ရွက်ပြီးစီးမှုနှင့် P1 bore pile တူးရန် ဆက်လက်ဆောင်ရွက်မည့်အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လုပ်ငန်းများ အရည်အသွေးပြည့်မီစေရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးစေရေး မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ကျုံတုန်းကြီးကျေးရွာအုပ်စု ဇီးဖြူစုကျေးရွာ ရန်ကုန်-ပုသိမ်ကားလမ်းဘေး ကျုံတုန်းကြီးကွင်း ကွင်းအမှတ် ၅၃၄(က)ရှိ ဆင်းရွှေကြာ ၂၊ နေကြာစံပြ (၁၀)ဧက စိုက်ခင်းအောင်မြင်ဖြစ်ထွန်းနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး နေကြာစိုက်တောင်သူများနှင့် တွေ့ဆုံ၍ ဆီထွက်သီးနှံ နေကြာစိုက်ပျိုးခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးကာ အောင်မြင်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ခိုလမ်မြို့ရှိ အခြေခံပညာကျောင်းများနှင့် မြိတ်မြို့ အခြေခံပညာအထက်တန်းကျောင်း (ကျွဲကူး)တို့၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲများကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ အခြေခံပညာကျောင်းများ၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် ခိုလမ်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများတက်ရောက်ကြသည်။

ဦးစွာ ခိုလမ်မြို့ရှိ အခြေခံပညာကျောင်းများ၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ကျောင်းသား၊ ကျောင်းသူများက တိုင်းရင်းသားရိုးရာအကဖြင့် ဖွင့်လှစ်သည်။ ထို့နောက် တိုင်းမှူးက ကျောင်းသား၊ ကျောင်းသူများကို ပညာရေးနှင့်ပတ်သက်၍ အားပေးစကားပြောကြားပြီး ကျောင်းအသီးသီးမှ ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ရိုးရာနှင့် ခေတ်ပေါ် တေးသီချင်းများ၊ တိုင်းရင်းသားရိုးရာအကများ၊ ပြဇာတ်သရုပ်ဖော်ခြင်းများဖြင့် တီးခတ်သီဆိုဖျော်ဖြေခဲ့ကြသည်။

ယင်းနောက် တိုင်းမှူးက ခိုလမ်မြို့ အခြေခံပညာ ကျောင်းများအတွက် ထောက်ပံ့ငွေများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။ ထို့နောက် ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် အင်္ဂလိပ်စာ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲများ၊ စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွင်း ကျောင်းသား၊ ကျောင်းသူများ၏ တီထွင်ပြုလုပ်ထားသော စက်မှုလက်မှုလက်ရာများ၊ သင်ထောက်ကူပစ္စည်းများပြခန်းများနှင့် သိပ္ပံလက်တွေ့ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ထူးချွန်ကျောင်းသူတစ်ဦးကို ဆုချီးမြှင့်ပေးအပ်စဉ်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အခြေခံပညာအထက်တန်းကျောင်း(ကျွဲကူး)၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ ပုလဲရွှေရည်ခန်းမ၌ ပြုလုပ်ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းတေးသီချင်းဖြင့် သီဆိုဖျော်ဖြေ၍ ပညာရေးစုံညီပွဲတော်ကို ဖွင့်လှစ်ပြီး တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ခရိုင်ပညာရေးမှူးက ပညာရေးဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခွင့်ရက်မပျက်ဆုရ ဆရာ၊ ဆရာမများနှင့် တိုင်းဒေသကြီးအဆင့် အားကစားထူးချွန်ဆုများ၊ မြို့နယ်အဆင့် စာစီစာကုံးထူးချွန်ဆုရကျောင်းသား၊ ကျောင်းသူများ၊ Grade-9 အတန်းတွင် တိုင်းဒေသကြီးစစ် စာမေးပွဲတွင် (A)အဆင့်ရရှိအောင် သင်ကြားပေးသော ဆရာ၊ ဆရာမများနှင့် Grade အတန်းများအလိုက် ပညာရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပညာရေးငွေပဒေသာပင်အလှူငွေများကိုပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများကလက်ခံရယူပြီး ကျောင်းသား၊ကျောင်းသူများက ဇာတိမာန်တေးသီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။

# ဦးကျော်စိုးမင်းအား ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် ဇန်နဝါရီ ၁၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးကျော်စိုးမင်းအား ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့မှ အသက် ၈၀ နှစ်နှင့်အထက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များကို ထောက်ပံ့ငွေများပေးအပ်



**နေပြည်တော် ဇန်နဝါရီ ၁၂**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့မှ အသက် ၈၀ နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုဌာနချုပ် ညီလာခံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း(အငြိမ်းစား)က ယခင်က အသက် ၇၅ နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် တစ်ကြိမ်ထောက်ပံ့ပေးခဲ့ပြီး ယခု ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစတင်၍ အသက် ၈၀ နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို တိုးမြှင့်ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း(အငြိမ်းစား)က နေပြည်တော် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးယုလွင်(အငြိမ်းစား)ထံသို့ ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်ခဲ့ပြီး အသက် ၈၀နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် အငြိမ်းစားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့အခမ်းအနားတွင် အသက် ၈၀ နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၄၇၈၁ ဦးကို တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၂၃၉ ဒသမ ၀၅ သန်းကို ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဇန်နဝါရီ ၁၂**

ကချင်ပြည်နယ် တနိုင်းမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားစဉ်။

# ခရမ်းမြို့နယ်နှင့် ဥက္ကံမြို့နယ်တို့ရှိ ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ညောင်ပင်ကွင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ သာသနာ့ဝေပုလ္လကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ ဖျားနာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ သံဃာတော် သုံးပါးနှင့် ဒေသခံပြည်သူ ၁၈၁ ဦးတို့ကို လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့နယ် ချောင်းစောက်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများကို တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ချောင်းစောက်ကျောင်းတိုက်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ ဖျားနာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ သံဃာတော် လေးပါးနှင့် ဒေသခံပြည်သူ ၁၃၂ ဦးတို့ကို လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်း စစ်ဌာနချုပ် နယ်လှည့် ဆေးကုသရေး အဖွဲ့က ဒေသခံ ပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



# မန္တလေးတိုင်းဒေသကြီးရှိ မြို့နယ်၂၈ မြို့နယ်တွင် ဥပ္ပါတသန္တိပရိတ်တော်အား တစ်ချိန်တည်းတစ်ပြိုင်တည်း ရွတ်ဖတ်ပူဇော်

**မန္တလေး ဇန်နဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးပြီး ဥပ္ပါတသန္တိပရိတ်တော်အား ၂၇ ရက်တိုင်တိုင် အသံမစဲရွတ်ဖတ်ပူဇော်ပွဲကို တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်တွင် ဇန်နဝါရီ ၉ရက် နံနက် ၉ နာရီမှစတင်၍ တစ်ချိန်တည်းတစ်ပြိုင်တည်း ရွတ်ဖတ်ပူဇော်လျက်ရှိသည်။

အောင်မြေသာစံခရိုင် အောင်မြေသာစံမြို့နယ်ရှိ မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရားတွင်လည်း မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရားဂေါပကအဖွဲ့၏ဩဝါဒါစရိယ အောင်မြေသာစံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တပညာသိရီဘိဝံသအမှူးပြုပြီး အသံမစဲ ရွတ်ဖတ်ပူဇော်သည့် သံဃာတော် ၂၇ ပါးတို့က အလှည့်ကျရွတ်ဖတ်ပူဇော်ကြသည်။

ထိုသို့ ဆရာတော်များနှင့် ၂၇ ရက်တိုင်တိုင် အသံမစဲအလှည့်ကျ ရွတ်ဖတ်ပူဇော်ရာတွင် သီတင်းသုံးနေထိုင်ရေး၊ ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေး သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ချော်တွင်းကုန်းတုလွတ်အောင်မြေကျောင်းဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တဝိလာသ (သာသနဓဇဓမ္မာစရိယ) ဘဝနတ်ထံပျံလွန်တော်မူ

**ရန်ကုန် ဇန်နဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁၀)ရပ်ကွက် ချော်တွင်းကုန်းတုလွတ် အောင်မြေကျောင်းဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တဝိလာသ(သာသနဓဇဓမ္မာစရိယ) သက်တော် ၉၄ နှစ်၊ သိက္ခာတော် ၇၄ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၅ ခုနှစ် ပြာသိုလဆန်း ၂ ရက် ယနေ့ နံနက် ၇ နာရီ မိနစ် ၂၀ တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။



**(သတင်းစဉ်)**

# သဇင်(FM) အသံလွှင့်အစီအစဉ်

**၁၃-၁-၂၀၂၄ (စနေနေ့)**

| | | |
|---|---|---|
| ၁။ | ၀၆း၃၀ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ၁၁း၀၀ | စိုက်မွေးသုတ |
| ၃။ | ၁၃း၀၀ | တိုင်းရင်းသားစကား ပြောကြရအောင် |
| ၄။ | ၁၄း၃၀ | ဖတ်သမျှ မှတ်သမျှ |
| ၅။ | ၁၆း၀၀ | First Step |
| ၆။ | ၁၈း၂၀ | Thazin Request Song |

**သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းပြေ၏**

# ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ကန့်ကွက်ရှုတ်ချပွဲများ ပြုလုပ်





ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် နေပြည်တော်ကောင်စီနယ်မြေရှိ မြို့တော်ခန်းမရှေ့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် မျိုးချစ်ပြည်သူများက ကန့်ကွက်ရှုတ်ချပွဲပြုလုပ်စဉ်။



ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် မိတ္ထီလာမြို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် မျိုးချစ်ပြည်သူများက ကန့်ကွက်ရှုတ်ချပွဲပြုလုပ်စဉ်။



ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် တောင်ကြီးမြို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် မျိုးချစ်ပြည်သူများက ကန့်ကွက်ရှုတ်ချပွဲပြုလုပ်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၂**

အကြမ်းဖက်သောင်းကျန်းသူများက ဘုရားစေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များ ဖျက်ဆီးစော်ကားမှုအား ကန့်ကွက်ရှုတ်ချပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ကျင်းပပြုလုပ်လျက်ရှိသည်။

ထိုသို့ ပြုလုပ်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေရှိ မြို့တော်ခန်းမရှေ့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာဘုရားစေတီရင်ပြင်၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ခရိုင်အားကစားကွင်း၌ လည်းကောင်း၊ ကျောက်ဆည်မြို့ ရွှေသိမ်တော်ဘုရားဝင်းအတွင်း၌လည်းကောင်း၊ ကျောက်ပန်းတောင်းမြို့ မြို့နယ်အားကစားကွင်း၌ လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့ ကန်သာရပ်ကွက် ကန်သာကန်၌လည်းကောင်း အသီးသီးကျင်းပပြုလုပ်ကြရာ သတ်မှတ်နေရာအသီးသီးမှ ချီတက်စုဝေးကြပြီး သံဃာတော်များနှင့် မျိုးချစ်ပြည်သူဦးဆောင်သူများက ဗုဒ္ဓဘာသာအပေါ် ဖျက်ဆီးရန် လုပ်ဆောင်နေမှုများကို ကန့်ကွက်ကြောင်း ဟောပြောကြသည်။

ထို့နောက် ကန့်ကွက်ရှုတ်ချပွဲသို့ တက်ရောက်လာကြသူများက "သာသနာကိုဖျက်ဆီးနေသော အကြမ်းဖက်သူပုန်များအား ရှင်းလင်းရေး(ဒို့အရေး)၊ ဗုဒ္ဓသာသနာအား အကြမ်းဖက်ဖျက်ဆီးနေသော သူပုန်များ(ကျရှုံးပါစေ)၊ လူသတ်အကြမ်းဖက်သူပုန်မှန်သမျှ(ဆန့်ကျင်ကြ)၊ ဗုဒ္ဓသာသနာကို အကြမ်းဖက်ဖျက်ဆီးနေသော လူသတ်မိစ္ဆာသူပုန်များအား ရှင်းလင်းရေး(ဒို့အရေး)၊ မြန်မာနိုင်ငံသားဗုဒ္ဓဘာသာဝင် တိုင်းရင်းသားများ ကိုးကွယ်ယုံကြည်သည့် ဘုရား၊ စေတီ၊ ဆင်းတုတော်များအား ဖျက်ဆီးသူ (ဒို့ရန်သူ)၊ ဘုရား၊ စေတီ၊ ဆင်းတုတော်များကို ဖျက်ဆီးနေသော ပြည်ဖျက်မိစ္ဆာသောင်းကျန်းသူများ(ကျရှုံးပါစေ)၊ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီများအား စော်ကားဖျက်ဆီးသူ(ဒို့ရန်သူ)၊ ဒို့ဘာသာ၊ ဒို့သာသနာ၊ ဒို့ယဉ်ကျေးမှုဖျက်ဆီးစော်ကားသူများအား (ဆန့်ကျင်ကြ)၊ အကြမ်းဖက်အားပေး လောက်ကောင်များအား(အလိုမရှိ)၊သာသနာဖျက်အကြမ်းဖက်သမားများ(အလိုမရှိ)" စသည့် ကြွေးကြော်သံများ၊ ဆိုင်းဘုတ်များ ကိုင်ဆောင်၍ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ကြသည်။

အဆိုပါ ကန့်ကွက်ရှုတ်ချပွဲများသို့ သက်ဆိုင်ရာမြို့နယ်အသီးသီးမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မျိုးချစ်ပြည်သူများ တစ်ခဲနက် တက်ရောက် ကန့်ကွက်ရှုတ်ချခဲ့ကြကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ဇန်နဝါရီ ၁၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Min Khant" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် မြို့သာကျေးရွာနေ မျိုးမင်းခန့်(ခ) အူဝဲကို မွန်းလွဲ ၁၂ နာရီခွဲတွင် မြို့သာနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် ရဟန်းရှင်လူပြည်သူများက ပြင်းထန်စွာကန့်ကွက်ရှုတ်ချလျက်ရှိ












ဒီဇင်ဘာ ၄ ရက်တွင် MNDAA ပူးပေါင်းအကြမ်းဖက်သောင်းကျန်းသူများက ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ရှိ ရပ်တော်မူဘုရားနှင့် မိဂဒါဝမဟာစေတီကို Drone များအသုံးပြု၍ Drop Bomb ဖြင့်ပစ်ချ ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





၂၀၂၄ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် MNDAA ပူးပေါင်းအကြမ်းဖက်သောင်းကျန်းသူများက ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့နယ် စီအောကျေးရွာ၏ မြောက်ဘက် မိုင်-၂၂၀၂ တောင်ကုန်း (ဆင်ဦးကင်းကုန်း)ပေါ်ရှိ စေတီတစ်ဆူကို သံတူဖြင့်ထုရိုက်ဖျက်ဆီးနေသည့် မှတ်တမ်းဓာတ်ပုံ။




ဒီဇင်ဘာ ၂၅ ရက်တွင် AA အကြမ်းဖက်သောင်းကျန်းသူများက မြောက်ဦးမြို့ပေါ်ရှိ မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုပြတိုက်ကို လက်နက်ကြီးများဖြင့် ပစ်ခတ်ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





ဇူလိုင် ၂ ရက်တွင် KNLA နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ဥဿရစ်ထနယ်မြေအတွင်းရှိ စေတီပုထိုးနှင့် ဘာသာရေးအဆောက်အအုံများအတွင်း ဝင်ရောက်နေရာယူကာ ဆက်သွယ်ရေးမြောင်းများ၊ ပစ်ကျင်းများပြုလုပ်၍ ခံစစ်စခန်းပြုလုပ်ခဲ့သည့်မှတ်တမ်းဓာတ်ပုံ။





ခွန် ၁၅ ရက်တွင် KKO(ခွဲထွက်)အဖွဲ့နှင့် PDFအမည်ခံအကြမ်းဖက်သမားများက ကော့ကရိတ်မြို့ ဓာတိရာမပင်မကျောင်းကို လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဆရာတော်တစ်ပါး ထိခိုက်ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





ဒီဇင်ဘာ ၁၃ ရက်တွင် TNLA အကြမ်းဖက်သောင်းကျန်းသူများက နမ့်ခမ်းမြို့ ပေါက်တိုက်မရပ်ကွက်ရှိ ဓမ္မသုခဘုန်းတော်ကြီးကျောင်းကို လက်နက်ကြီးများဖြင့် ပစ်ခတ်ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဇန်နဝါရီ ၁၂**

အကြမ်းဖက်သောင်းကျန်းသူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ဗုဒ္ဓဘာသာ မြန်မာနိုင်ငံသားများ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများ အပါအဝင် အခြားဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ ဘုရားရှိခိုးကျောင်းများကို Drone များ အသုံးပြု၍ Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများအတွင်းသို့ဝင်ရောက်နေရာယူ၍ အခိုင်အမာခံစစ်စခန်း ပြုလုပ်ခြင်းစသည့်အဖျက်အမှောင့်လုပ်ငန်းများဖြင့် ဗုဒ္ဓဘာသာအပေါ် ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားတိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။

**စာမျက်နှာ ၂၂ သို့**






စက်တင်ဘာ ၂၆ တွင် KNPP နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကယားပြည်နယ် ပန်တိန်းမြို့ရှိ ကက်သလစ်ဘုရားရှိခိုးကျောင်းကို လက်နက်ကြီးများဖြင့် ပစ်ခတ်ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။









၂၀၂၃ ခုနှစ် မေ ၂၁ ရက်တွင် PDFအမည်ခံအကြမ်းဖက်သမားများက စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ပဒီကြီးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းအတွင်းသို့ဝင်ရောက်နေရာယူကာ ဆက်သွယ်ရေးမြောင်းများ၊ ပစ်ကျင်းများပြုလုပ်၍ ခံစစ်စခန်းပြုလုပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

**စာမျက်နှာ ၂၁ မှအဆက်**

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ၂၀၂၃ ခုနှစ် မေ ၂၁ ရက်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ပဒီကြီးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းအတွင်းသို့ ဝင်ရောက်နေရာယူကာ ဆက်သွယ်ရေးမြောင်းများ၊ ပစ်ကျင်းများ ပြုလုပ်၍ ခံစစ်စခန်းပြုလုပ်ခဲ့ခြင်း၊ ဇွန် ၁၅ ရက်တွင် KKO(ခွဲထွက်) အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကော့ကရိတ်မြို့ ဇေတိရာမပင်မကျောင်းကို လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဆရာတော်တစ်ပါး ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်း၊ ဇူလိုင် ၂ ရက်တွင် KNLA နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ဥထရစ်ထနယ်မြေအတွင်းရှိ စေတီပုထိုးနှင့် ဘာသာရေးအဆောက်အအုံများ အတွင်း ဝင်ရောက်နေရာယူကာ ဆက်သွယ်ရေးမြောင်းများ၊ ပစ်ကျင်းများ ပြုလုပ်၍ ခံစစ်စခန်းပြုလုပ်ခဲ့ခြင်း၊ စက်တင်ဘာ ၂၆ ရက်တွင် KNPP နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကယားပြည်နယ် ပန်တိန်းမြို့ရှိ ကက်သလစ်ဘုရားရှိခိုးကျောင်းကို လက်နက်ကြီးများဖြင့် ပစ်ခတ်ဖျက်ဆီးခဲ့ခြင်း၊ ဒီဇင်ဘာ ၄ ရက်တွင် MNDAA ပူးပေါင်းအကြမ်းဖက်သောင်းကျန်းသူများက ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ရှိ ရပ်တော်မူဘုရားနှင့် မိဂဒါမဟာစေတီကို Drone များအသုံးပြု၍ Drop Bomb ဖြင့် ပစ်ချဖျက်ဆီးခဲ့ခြင်း၊ ဒီဇင်ဘာ ၁၃ ရက်တွင် TNLA အကြမ်းဖက်သောင်းကျန်းသူများက နမ့်ခမ်းမြို့ ပေါက်တိုက်မရပ်ကွက်ရှိ ဇေယျသုခဘုန်းတော်ကြီးကျောင်းကို လက်နက်ကြီးများဖြင့် ပစ်ခတ်ဖျက်ဆီးခဲ့ခြင်း၊ ဒီဇင်ဘာ ၂၅ ရက်တွင် AA အကြမ်းဖက်သောင်းကျန်းသူများက မြောက်ဦးမြို့ပေါ်ရှိ မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုပြတိုက်ကို လက်နက်ကြီးများဖြင့်ပစ်ခတ်ခဲ့သဖြင့် ကျောက်စာချပ်များပျက်စီးခဲ့ခြင်းနှင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် MNDAA ပူးပေါင်း အကြမ်းဖက်သောင်းကျန်းသူများက ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့နယ် စီအောကျေးရွာ၏ မြောက်ဘက် ပွိုင့်-၂၂၀၂ တောင်ကုန်း (ဆင်ဦးကင်းကုန်း) ပေါ်ရှိ ဒေသခံပြည်သူများနှင့် ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာစေတီတစ်ဆူကို အကြမ်းဖက်သမားများက သံတူဖြင့်ထု၍ စေတီအားဖြိုချဖျက်ဆီးခဲ့ခြင်း စသည်ဖြင့် ဘာသာတရားအပေါ် အကြမ်းဖက်မှုများ ပြုလုပ်လာသည်ကို တွေ့ရှိရသည်။

ယင်းသို့ အကြမ်းဖက်သောင်းကျန်းသူများ၏ ဘုရားစေတီများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို မိုက်ရိုင်းစော်ကားစွာဖျက်ဆီးလျက်ရှိသဖြင့် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ ပြည်သူများအနေဖြင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် လုံးဝလက်မခံနိုင်ဘဲ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ပြင်းထန်စွာကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိသည်။


The Tanintharyi Times
18h
တနင်္သာရီတိုင်းမ်၊ ဇန်နဝါရီ ၁၁
FAKE NEWS

# တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ တောင်ပုရွာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ရွာသားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် ဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တောင်ပုကျေးရွာကို ဇန်နဝါရီ ၁၀ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များ ကျေးရွာအတွင်း ဝင်ရောက်လာပြီး တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ခြင်းကြောင့် ဒေသခံရွာသား နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ဒေသခံများထံမှ ငွေကြေးများ ခြိမ်းခြောက်ယူဆောင်သွားကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မြေပြင်သတင်းအရင်းအမြစ်များနှင့် သက်ဆိုင်ရာ နယ်မြေ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဇန်နဝါရီ ၁၀ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ တောင်ပုကျေးရွာသို့ သွားရောက်ခဲ့ခြင်းမရှိကြောင်းနှင့် လက်နက်ကြီးပစ်ခတ်မှုမရှိကြောင်း၊ ၎င်းရက်တွင် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက မြိတ်မြို့ မဇော ကျေးရွာအုပ်စု လက်မဲကျေးရွာရှိ ဒေသခံနေအိမ်များကို မီးရှို့ဖျက်ဆီးသွားခဲ့ကြောင်း သိရသည်။

ထိုသို့ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်တွင် ရည်ရွယ်ချက်ရှိရှိ ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

# စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့အနီး ကြက်ရိုးကုန်းရွာကို တပ်မတော်စစ်ကြောင်းတစ်ခုက တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ရွာကိုအကြောင်းမဲ့လာရောက်မီးရှို့ခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့အနီး ကြက်ရိုးကုန်းရွာကို ယနေ့နံနက် ၇ နာရီတွင် တပ်မတော်စစ်ကြောင်း တစ်ခုက တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ရွာကို အကြောင်းမဲ့လာရောက် မီးရှို့ခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် Khit Thit က လူမှုကွန်ရက်စာမျက်နှာတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့ ကြက်ရိုးကုန်းကျေးရွာသို့ PDF အမည်ခံ အကြမ်းဖက်သမားများ ရောက်ရှိလာပြီး လူသစ်စုဆောင်းခြင်း၊ ခြိမ်းခြောက်ငွေတောင်းခံခြင်းများ ပြုလုပ်နေကြောင်း အကြမ်းဖက်မှုကိုမလိုလားသည့် ဒေသခံပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့သဖြင့် အကြမ်းဖက်သမားများက ကျေးရွာရှိ လူနေအိမ်အချို့ကို မီးရှို့ထွက်ပြေးသွားခဲ့ကြောင်း သက်ဆိုင်ရာ နယ်မြေလုံခြုံရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများ အနေဖြင့် ယခုကဲ့သို့ လူနေအိမ်များမီးရှို့ခြင်းကို မကြာခဏလုပ်ဆောင်လျက်ရှိပြီး အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများက တပ်မတော်က လုပ်ဆောင်သည်ဟု လုပ်ကြံရေးသားကာ ဒေသခံပြည်သူများက တပ်မတော်သားများအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

➤ ➤ ➤


Khit Thit Media
18m
ရန်ကုန်၊ ဇန်နဝါရီ ၁၂
FAKE NEWS

# အာဖဂန်နစ္စတန်နိုင်ငံတွင် ငလျင်လှုပ်ခတ်မှုကြောင့် နေအိမ်အများအပြားပျက်စီး



**ကဘူးလ် ဇန်နဝါရီ ၁၂**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် ဇန်နဝါရီ ၁၁ ရက်က ပြင်းအား ၆ ဒသမ ၄ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုကြောင့် နေအိမ်အများအပြား ထိခိုက်ပျက်စီးခဲ့ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ ဘဒက်ရှန်းပြည်နယ် ဂျုန်းခရိုင်အတွင်း ဟင်ဒူကတ်ရှ်တောင်တန်းဒေသတွင် ဇန်နဝါရီ ၁၁ ရက်က ပြင်းအား ၆ ဒသမ ၄ မဂ္ဂနီကျူရှိငလျင်လှုပ်ခတ်ခဲ့ရာ အိမ်နီးချင်း ပါကစ္စတန်နိုင်ငံ အစ္စလာမ်မာဘတ်မြို့ရှိ အဆောက်အအုံများပါ လှုပ်ယမ်းခဲ့ကြောင်း သိရသည်။

"ငလျင်လှုပ်ခတ်မှုကြောင့် နေအိမ်တွေ အသေးစားပျက်စီးမှုဖြစ်ပေါ်တာရှိပေမဲ့ လူထိခိုက်သေဆုံးမှုသတင်းတော့ မရရှိသေးပါဘူး။ ဝေးလံတဲ့ဒေသ ဖြစ်တဲ့အတွက် အသေးစိတ်စာရင်းတွေရရှိဖို့ ငလျင်ဗဟိုချက်နဲ့ နီးတဲ့နေရာတွေကို ဆက်လက်စစ်ဆေးနေပါတယ်"ဟု ပြည်နယ် သတင်းအချက်အလက်နှင့် ယဉ်ကျေးမှုညွှန်ကြားရေးမှူး မိုဇက်ဒင်အက်မက်ဒီက ပြောကြားခဲ့သည်။

ငလျင်သည် ဂျုန်းခရိုင်မှ မိုင် ၁၈၀ ခန့်အကွာ မြေအောက်အနက် ၁၂၅ မိုင်ခန့်တွင် ဇန်နဝါရီ ၁၁ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခန့်က လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ထိခိုက်ပျက်စီးမှုနှင့် သေဆုံးမှုအခြေအနေများကို အသေးစိတ်သတင်း ထုတ်ပြန်နိုင်ခြင်း မရှိသေးသော်လည်း ဂျုန်းခရိုင်အတွင်းရှိ စကူးကျေးရွာတွင် နေအိမ်အများအပြား နံရံများကွဲအက်ခြင်းနှင့် အမိုးပြိုကျခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : AZH**

# ဘွန်နဲကျွန်းဒေသခံများက နယ်သာလန်အစိုးရကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေဖြင့် တရားစွဲဆိုမှု ပြုလုပ်

**အမ်စတာဒမ် ဇန်နဝါရီ ၁၂**

ကာရစ်ဘီယံပင်လယ်အတွင်းရှိ နယ်သာလန်နိုင်ငံပိုင် ဘွန်နဲကျွန်းမှ ဒေသခံများသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေဖြင့် နယ်သာလန်အစိုးရကို ဇန်နဝါရီ ၁၁ ရက်က တရားစွဲဆိုမှုပြုလုပ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

တရားစွဲဆိုခဲ့သူများမှာ ဘွန်နဲကျွန်းမှ ဒေသခံများဖြစ်ကြပြီး The Hague မြို့ တရားရုံးချုပ်၌ တရားစွဲဆိုမှုပြုလုပ်ခဲ့ကြောင်း၊ နယ်သာလန်နိုင်ငံအနေဖြင့် ၂၀၄၀ ပြည့်နှစ်အရောက်တွင် ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ ရောက်ရှိရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသော်လည်း နယ်သာလန်အစိုးရ၏ ဆောင်ရွက်မှုများမှာ သတ်မှတ်ထားသည့်အတိုင်း ဖြစ်မြောက်လာနိုင်အောင် ဆောင်ရွက်နေသည့် လုပ်ဆောင်ချက်များ မတွေ့ရသည့်အတွက် တရားစွဲဆိုခြင်းဖြစ်ကြောင်း၊ ထို့ပြင် ဘွန်နဲကျွန်းတွင် ရေမျက်နှာပြင်ပမာဏမြင့်တက်နေခြင်းအပေါ် နယ်သာလန်အစိုးရအနေဖြင့် တားဆီးပေးနိုင်သည့် စီမံချက်များကို ဆောင်ရွက်ပေးခြင်းမရှိသည့်အတွက်ကြောင့်လည်း တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း ဘွန်နဲကျွန်းအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"နယ်သာလန်နိုင်ငံရဲ့ ကာရစ်ဘီယံကျွန်းတွေဟာ အမှေ့လျော့ခံဖြစ်နေတယ်။ ရေပမာဏမြင့်တက်နေတာတွေကို တားဆီးပေးနိုင်မဲ့ စီမံချက်တွေကို နယ်သာလန်အစိုးရအနေနဲ့ ဆောင်ရွက်ပေးတာမျိုးမရှိခဲ့ဘူး။ နယ်သာလန်နိုင်ငံဟာ ကာဗွန်ထုတ်လွှတ်မှု သုညမှတ်ရောက်ရှိရေး စီမံချက်ကို အကောင်အထည်ဖော်နေတယ်လို့ ထုတ်ပြန်ထားပေမဲ့ ဆောင်ရွက်ချက်တွေဟာ ရည်မှန်းချက်အတိုင်း ဆောင်ရွက်နိုင်လောက်တဲ့ လုံလောက်မှုမျိုးမတွေ့ရပါဘူး။ ဒါကြောင့် အစိုးရအဖွဲ့ကို တရားစွဲဆိုမှုပြုလုပ်ဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်"ဟု ဘွန်နဲကျွန်းအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဒန်နီကိုမာတစ်က ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# တောင်အမေရိကတိုက်တွင် ဖြစ်ပေါ်နေသည့် အယ်လ်နီညိုရာသီဥတု လာမည့် ပြေီလမှ ဇွန်လအတွင်း ကျဆင်းသွားဖွယ်ရှိ

**ဝါရှင်တန် ဇန်နဝါရီ ၁၂**

တောင်အမေရိကတိုက်တွင် အယ်လ်နီညို ရာသီဥတုသည် ၂၀၂၃ ခုနှစ်အတွင်းမှစတင်၍ ဖြစ်ပေါ်နေခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ် ဧပြီလမှဇွန်လအတွင်း အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်မှု ကျဆင်းသွားဖွယ်ရှိနေကြောင်း အမေရိကန်နိုင်ငံ အခြေစိုက် ရာသီဥတုပြောင်းလဲမှု ခန့်မှန်းရေးစင်တာ(CPC)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောင်အမေရိကတိုက်တွင် အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်မှုကာလကြာမြင့်နေပြီဖြစ်ပြီး အယ်လ်နီညိုရာသီဥတုကြောင့် သဘာဝဘေးဒဏ်များဖြင့် ဆိုးရွားစွာ ရင်ဆိုင်နေရကြောင်း၊ CPC ၏ ခန့်မှန်းတိုင်းတာချက်အရ အယ်လ်နီညိုရာသီဥတု ကျဆင်းဖွယ်ရာခိုင်နှုန်းမှာ ၇၃ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

"အယ်လ်နီညိုရာသီဥတုရဲ့ သဘောတရားအရ ပူနွေးမှုနှုန်းမြင့်တက်လေ့ရှိသလို ဆောင်းကာလဆိုရင်လဲ စိုစွတ်မှုနှုန်းမြင့်မားတယ်။ ရာသီဥတုလွှမ်းမိုးမှုတွေ ဖြစ်ပေါ်စေတဲ့အတွက်ကြောင့် လျှပ်စစ်မီးပြတ်တောက်မှုပြဿနာတွေနဲ့ကတော့ တောက်လျှောက် ရင်ဆိုင်နေရမှာဖြစ်ပါတယ်"ဟု အမေရိကန်အခြေစိုက် Generac လျှပ်စစ်စွမ်းအင်ကုမ္ပဏီ၏ အမှုဆောင်ချုပ် အာရွန်ဂျက်ဂီက ပြောကြားခဲ့သည်။

အယ်လ်နီညိုရာသီဥတုကြောင့် တောင်အမေရိကတိုက်ရှိ နိုင်ငံများတွင် ရေကြီးရေလျှံမှု၊ ရေခန်းခြောက်မှုနှင့် တောမီးလောင်ကျွမ်းမှု အစရှိသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ကာ ရာသီဥတုလွှမ်းမိုးမှုလည်း ဆိုးရွားစွာဖြစ်ပေါ်လျက်ရှိကြောင်း၊ အယ်လ်နီညိုရာသီဥတုကြောင့် ဘရာဇီးနိုင်ငံတွင် ကောက်ပဲသီးနှံစိုက်ခင်းများ ပျက်စီးခဲ့ရကြောင်း သိရသည်။



အီကွေဒေါနိုင်ငံတွင်လည်း မြစ်ရေပမာဏကျဆင်းကာ လည်ပတ်မှုရပ်ဆိုင်းထားရသည့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ အမြောက်အမြားရှိနေပြီး လျှပ်စစ်မီးလိုအပ်ချက်မြင့်မားနေကြောင်း၊ အလားတူ ကိုလံဘီယာနိုင်ငံတွင်လည်း ရေခန်းခြောက်သည့် ပြဿနာကြောင့် စိုက်ပျိုးရေးကဏ္ဍနှင့် လျှပ်စစ်စွမ်းအင်ကဏ္ဍ အခက်တွေ့နေကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

# အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်လည်ပတ်ကြမည့် ဩစတြေးလျနိုင်ငံသားများအတွက် မီးတောင်ဆိုင်ရာသတိပေးချက် ထုတ်ပြန်

**ကင်ဘာရာ ဇန်နဝါရီ ၁၂**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း၌ တည်ရှိသော Lewotobi Laki-Laki မီးတောင်သည် ပေါက်ကွဲမည့်လက္ခဏာများ ပြသနေသဖြင့် ဩစတြေးလျနိုင်ငံမှ အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်လည်ပတ်ကြမည့် ဩစတြေးလျနိုင်ငံသားများအတွက် မီးတောင်ဆိုင်ရာသတိပေးချက်ကို ဩစတြေးလျအာဏာပိုင်များက ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း၌ တည်ရှိသော Lewotobi Laki-Laki မီးတောင်သည် ယခုသီတင်းပတ်များအတွင်း ပြင်းထန်စွာပေါက်ကွဲမည့်လက္ခဏာများ ပြသလျက်ရှိကြောင်း၊ ပြီးခဲ့သည့်ရက်သတ္တပတ်များအတွင်း ငလျင်လှုပ်ခတ်ခြင်းနှင့် သေးငယ်သောပေါက်ကွဲမှုများ မကြာခဏ ဖြစ်ပေါ်ခဲ့ပြီးနောက် ဩစတြေးလျ အာဏာပိုင်များက အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်လည်ပတ်ကြမည့် ၎င်းတို့၏ နိုင်ငံသားများကို မီးတောင်ဆိုင်ရာ အမြင့်ဆုံး သတိပေးချက်တစ်ရပ် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ MAGMA Indonesia မီးတောင်နှင့် ငလျင်များစောင့်ကြည့်ရေးအဖွဲ့၏သတင်းများအရ အဆိုပါမီးတောင်သည် မီးခိုးပြာနှင့် ချော်ရည်များ မကြာခဏ ထုတ်လွှတ်မှုကြောင့် မီးတောင်ဆိုင်ရာ အန္တရာယ်ကို အဆင့်(၄)သို့ တိုးမြှင့်ထားရကြောင်း၊ မီးတောင်လှုပ်ရှားမှုမှာလည်း အဆက်မပြတ်တိုးလာနေကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ ဘာလီပြည်နယ်ရှိ ဘာလီကျွန်းနှင့် အရှေ့နူဆာတန်ဂါရာပြည်နယ်ရှိ Lewotobi Laki-Laki မီးတောင်တည်ရှိရာ Lewotobi တောင်တို့သည် ဩစတြေးလျနိုင်ငံသားများ အများဆုံးလာရောက် လည်ပတ်လေ့ရှိသည့် နာမည်ကြီး ခရီးသွားဒေသများဖြစ်ရာ မီးတောင်လှုပ်ရှားမှုတိုးလာခြင်းကြောင့် အင်ဒိုနီးရှားခရီးသွားလုပ်ငန်းကိုလည်း များစွာထိခိုက်လျက်ရှိကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : AZH**

# အမေရိကန်နိုင်ငံ မိန့်ပြည်နယ်တွင် ရေဘေးအန္တရာယ် အရေးပေါ်အခြေအနေအဖြစ်သတ်မှတ်

**ဝါရှင်တန် ဇန်နဝါရီ ၁၂**

အမေရိကန်နိုင်ငံ မိန့်ပြည်နယ်ရှိ ကမ်းခြေဒေသများတွင် မြစ်ရေလျှံတက်မှု စိုးရိမ်မှတ်ကိုကျော်လွန်လာသည့်အတွက် မိန့်ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ယနေ့မှစတင်၍ ရေဘေးအန္တရာယ်အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရေဘေးအန္တရာယ် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားသည့်ကောင်တီများမှာ ကမ်ဘာလန်ကောင်တီ၊ ဟန်ကော့ကောင်တီ၊ ကနေဘ့ကောင်တီ၊ လင်ကွန်းကောင်တီ၊ ဆာဂါဒါဟော့ကောင်တီ၊ ဝယ်လ်ဒိုကောင်တီ၊ ဝါရှင်တန်ကောင်တီနှင့် ယောက်ခ်ကောင်တီတို့ဖြစ်ကြောင်း၊ မြစ်ရေလျှံတက်မှု အခြေအနေဆိုးရွားနေသောကြောင့် ပျက်စီးမှုများပြားလာနိုင်ပြီး အရေးပေါ်ကယ်ဆယ်ရေးဝန်ထမ်းများကို ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန် မိန့်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"မိန့်ပြည်နယ် ကမ်းခြေဒေသတွေမှာ ဆိုးရွားတဲ့ရေဘေးအန္တရာယ်နဲ့ရင်ဆိုင်နေရပါတယ်။ မြစ်ရေလျှံတက်မှုတွေကလဲ စိုးရိမ်ရတဲ့အခြေအနေကို ရောက်နေပါတယ်။ ရေဘေးအန္တရာယ် ဆိုးရွားတဲ့အတွက် ပြည်နယ်အဆင့် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ခဲ့တာဖြစ်ပါတယ်။ ဆီးနှင်းထုထပ်စွာ ကျဆင်းနေပေမဲ့ မိုးရွာသွန်းမှုတွေ ဖြစ်ပေါ်လာတော့မှာဖြစ်တဲ့အတွက် ရေကြီးရေလျှံမှုအခြေအနေဟာ ပိုဆိုးသွားနိုင်ပါတယ်"ဟု မိန့်ပြည်နယ်ဝန်ကြီးချုပ် ဂျန်နက်မီလ်လက ပြောကြားခဲ့သည်။

ကောင်တီတချို့တွင် ရေကြီးရေလျှံမှုစတင်နေပြီဖြစ်သကဲ့သို့ ပျက်စီးမှုတချို့ဖြင့်လည်း ရင်ဆိုင်နေရပြီဖြစ်ကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် ကောင်တီများသို့ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ပျက်စီးဆုံးရှုံးမှုများကို မိန့်ပြည်နယ် အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းထံ အသိပေးရန်လည်း မိန့်ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# သံသယဆူး

ရွှေညာ (ရွာတန်းရှည်)




(၁)

" သား ကြီးလာရင် အမေ့အနားမှာနေပြီး အမေ့ကို ပြုစုလုပ်ကျွေးမှာပါအမေရဲ၊ ဘာမှမပူနဲ့နော်။ အမေ့ သားကြီးလို ထန်းရည်သမားမဖြစ်စေရဘူးလို့ ကတိပေးတယ်"

သားငယ် ဖြိုးညီညီ၏စကားကြောင့် ဒေါ်တင်သန်း သည် ဖြိုးညီညီကို ကြည့်လိုက်သည်။

"ဒါကြောင့်မို့လို့ အမေက သားလေးကို ပိုချစ် ရတာ။ လိမ္မာလိုက်တဲ့ငါ့သားလေး"

ဒေါ်တင်သန်းသည် သားနှစ်ယောက်ရှိရာ သားငယ် ဖြိုးညီညီသည် စကားပြောရာ၌ ယဉ်ကျေး ချိုသာစွာပြောတတ်သူဖြစ်သည်။ သားကြီး ဖြိုးကိုကို သည်ကား ဖြိုးညီညီကဲ့သို့ ချိုချိုသာသာမပြောတတ်ပေ။ ပွင့်ပွင့်လင်းလင်းပြောတတ်သူဖြစ်ပြီး အမေမုဆိုးမနှင့် ညီဖြစ်သူ ဖြိုးညီညီတို့ကို တစ်ဖက်တစ်လမ်းက ကူညီ လုပ်ကိုင်ပေးနေသူဖြစ်သည်။

"ဟာ ဒါဆိုအမေက ကျုပ်ကိုမချစ်ဘူးပေါ့နော်"

"ဟဲ့ နင့်လိုထန်းရည်သမားငမူးကို ငါက ဘာလို့ ချစ်ရမှာလဲ။ အချစ်ခံချင်ရင် ထန်းရည်မသောက်နဲ့ဟဲ့"

"မဟုတ်သေးပါဘူးအမေရာ။ ကျုပ်က ထန်းရည် သာ သောက်တာနော် အမေ့ဝေယျာဝစ္စတွေဆို အကုန် လုပ်ပေးနေရတာ။ အမေမအားရင် ထမင်းလဲဝိုင်းကူ ချက်ရတယ်။ ဟော ထမင်းစားပြီးရင်ထန်းခေါက်တောင်း က ရက်ရအုံးမှာ။ ဒါတောင် အမေက ကျုပ်ကို ဘယ် တော့မှ အကောင်းမမြင်ဘူး။ ကျုပ်ထန်းရည်သောက် တယ်ဆိုတာကလဲ တစ်လမှ တစ်ခါလောက်ပါအမေရဲ့"

ဖြိုးကိုကို ပြောစကားများသည် မှန်နေသော ကြောင့် ဒေါ်တင်သန်း စိတ်မကောင်းဖြစ်ရသည်။ ဖြိုးကိုကို ပင်ပန်းမှန်း ဒေါ်တင်သန်း သိသည်။

"အမေက သားကြီးကိုချစ်လို့စတာပါကွယ်။ နှစ် ယောက်စလုံး အမေကမွေးထားတာ သားကြီးကိုလဲ ချစ်တယ်၊ သားငယ်ကိုလဲချစ်တယ်။ အတူတူပဲ ဟုတ်ပြီလား"

"ကျုပ်လဲ လုပ်ပေးချင်ပါတယ် အမေရာ ကျုပ်က စာကျက်နေရလို့ပါ"

"အေးလေ မင်း အဲဒီလို အေးအေးဆေးဆေး စာကျက်နေလို့ရအောင် အလုပ်တွေအကုန်လုံး ငါလုပ် ပေးနေတာပဲ။ ငါ့မှာတော့ မင်းလိုတောင် ကျောင်း တက်ခွင့်ရခဲ့တာမဟုတ်ဘူး။ ခုနစ်တန်းနဲ့ကျောင်းထွက် ခဲ့ရတာ။ မင်းသာ ဘွဲ့ရအောင်လုပ်။ ငါ ပင်ပန်း ရကျိုးနပ်တယ်"

"ကဲ ကဲ တော်ကြတော့၊ ဖြိုးကိုကို နင်လဲ ထမင်းကို မြန်မြန်စား။ ပြီးရင် ထန်းခေါက်တောင်းရက်ရမှာ။ မှာ ထားတဲ့သူလာယူရင် ကိုယ်ကအဆင်သင့်ပြီးနေနှင့်မှ။ အငယ်ကောင် နင်လဲ ကိုယ် ကျက်ရမဲ့စာကိုသာ ကျက်၊ ဒါနဲ့ပဲ တော်ကြာ ညီအစ်ကိုနှစ်ယောက် ရန်ဖြစ်နေ ကြအုံးမယ်"

ဒေါ်တင်သန်း၏ စကားအဆုံးတွင် ညီအစ်ကို နှစ် ယောက် တိတ်ဆိတ်သွားကြပါတော့သည်။

(၂)

"ဘကြီးပုရေ နောက်ထပ် လေးငါးပင်လောက်ချ ပြီးရင် တော်ပြီဗျာ။ ကျုပ် ရွာထဲလှည့်ရောင်းလိုက် အုံးမယ်။ ဒီရက်ပိုင်း ထန်းရည်က အရောင်းပါးတယ်"

ဖြိုးကိုကိုသည် ဦးဘပုချပေးထားသည့် ခံအိုးထဲမှ ပင်ကျရည်များကို ခေါင်းရွက်အိုးထဲ ပြောင်းထည့် လိုက်သည်။ ထန်းရည်ချိုများကို နေမကျော်ခင် ရွာထဲ သို့ လှည့်လည်ရောင်း၍ ထန်းရည်ခါးများကို ညနေ ခင်း၌သာ ရောင်းလေ့ရှိသည်။ ထန်းတောသို့လာရောက် သောက်သူများရှိသော်လည်း နည်းသည်။

"အေးအေး မင်းသဘောပဲ။ အရင်နေ့တွေတုန်းကလဲ ကုန်တာမဟုတ်ဘူးကွ။ သာအောင်တို့ ထန်းတောကလဲ အတက်သမားနှစ်ယောက်ခေါ်ထားတော့ ထန်းရည် တွေက ရွာမှာအီနေပြီ"

"ဘကြီးပုရေ ကျုပ်ပြန်နှင့်ပြီဗျို့"

"အေး ပြန်နှင့် ပြန်နှင့်"

ဖြိုးကိုကိုသည် ဦးဘပုကိုနှုတ်ဆက်ကာ ထန်းရည် အိုး နှစ်လုံးကို ဆိုင်းဖြင့်ထမ်း၍ ရွာကိုပြန်လာခဲ့သည်။

"သားကြီးရေ ပြန်လာပြီလားကွဲ့။ နင့်ညီကတော့ ကျောင်းကကို ပြန်မလာသေးဘူး"

ဒေါ်တင်သန်းသည် ကျောင်းဆင်းချိန်ဖြစ်သော် လည်း ဖြိုးညီညီ အိမ်ပြန်မလာသေးသောကြောင့် ပြောလိုက်ခြင်းဖြစ်၏။

"ဟုတ်ကဲ့ အမေ။ သူ့သူငယ်ချင်းတွေအိမ် ဝင် နေလို့ဖြစ်မှာပါအမေရဲ ပူစရာမလိုပါဘူး"

ပြောသာပြောလိုက်ရသည် ညီလေးတစ်ယောက် သာရှိသည့်အတွက် ဖြိုးကိုကိုလည်း စိတ်ပူမိသည်။ ဖြိုးကိုကိုသည် ဖြိုးညီညီကို သူ့လို ထန်းတက်သမားတစ် ယောက် မဖြစ်စေချင်ပေ။ ဖြိုးကိုကို ကိုယ်၌ကပင် ထန်းတက်သည့်အလုပ်သည် ဖခင်ဖြစ်သူဦးမိုးကောင်း ၏ လက်ငုတ်လည်းဖြစ်၊ အခြားလုပ်ငန်းပြောင်းလုပ်ရန် ကလည်းမဖြစ်နိုင်သောကြောင့်သာ မေးလုပ်နေရခြင်း ဖြစ်သည်။ ဖြိုးညီညီ ဆယ်တန်းအောင်ပြီးနောက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးလျှင် ထန်းတောကို ရောင်းချ၍ လယ်ယာများဝယ်ကာ တောင်သူလုပ်ငန်း ကိုပဲ ဇောက်ချလုပ်ဖို့ဆုံးဖြတ်ထားသည်။

"သားကြီးရေ နေတောင်ဝင်တော့မယ်။ နင့်ညီ ကလဲပြန်မလာသေးဘူး။ မိုးမချုပ်ခင် နင့်ညီကို သွား ရှာလိုက်ပါအုံးကွယ်"

"ဟုတ်ကဲ့အမေ ကျုပ် သွားရှာလိုက်မယ်"

ဖြိုးကိုကိုသည် ကျောင်းရှိရာသို့ ထွက်လာခဲ့သည်။ ရွာလမ်းအတိုင်းလျှောက်လာကာ ဖြိုးညီညီ သွားတတ် သည့်အိမ်များကို မေးကြည့်သော်လည်း ဖြိုးညီညီ မလာကြောင်းသာ သိရသည်။ ဖြိုးကိုကိုသည် ရှာရင်း ဖွေရင်းဖြင့် ကျောင်းအဝင်ပေါက်ရောက်လာခဲ့သည်။ ကျောင်းထဲကိုကြည့်သော်လည်း ကျောင်းသားတစ် ယောက်တလေမျှမတွေ့ရ။

"ဦးဖြိုး ဘာလုပ်နေတာလဲဗျ"

"ဘာမှမလုပ်ပါဘူးကွာ။ ငါ့ညီကိုလာရှာတာကွ။ မင်း မတွေ့မိဘူးလားဖိုးထောင်"

"တွေ့တယ်ဗျ ဟိုစာသင်ကျောင်းနောက်က မန် ကျည်းပင်အောက်မှာ ဖဲရိုက်နေကြတာ"

ဖိုးထောင်စကားကြားရသည့်အခါ ဖြိုးကိုကိုသည် ကိုယ့်နားကိုပင်မယုံချင်သလို အံ့ဩတကြီးဖြစ်ရသည်။ ဖြိုးကိုကိုသည်ပင် သည်အသက်အရွယ်ရောက်လာ သည်ထိ ဖဲမရိုက်ဖူးခဲ့။ ယုတ်စွအဆုံး ဖဲချပ်ကိုပင် မကိုင်ဖူးခဲ့။

"ဟုတ်လို့လား ဖိုးထောင်ရ၊ ငါ့ညီက ဖဲရိုက်တတ် တာမဟုတ်ဘူးနော်"

" ဟာ ဦးဖြိုးကလဲ ဟုတ်ပါတယ်ဗျ။ ဦးဖြိုးရဲ့ညီက ကျောင်းထမင်းစားချိန်ဆိုရင်လဲ ဖဲပဲရိုက်နေတာ နေ့တိုင်းပဲ"

ဖိုးထောင်ညွှန်ပြသည့် မန်ကျည်းပင်ဘက်ကိုထွက် လာခဲ့သည့်အခါ ကျောင်းသားလေး၊ ငါးယောက်ကို တွေ့ရသည်။ ဖြိုးညီညီ၏လက်ကြား၌လည်း သောက် လက်စဆေးလိပ်ကိုတွေ့ရသည်။ သည်လိုမြင်ကွင်းမျိုး ကိုမြင်ရသည်မှာ ဖြိုးကိုကို ရင်နာသည်။ ပညာသင် ရမည့်အရွယ်တွင် ပညာကိုတလေးတစားမသင်ယူဘဲ ကျောင်းသားဖြစ်သူ ဖြိုးညီညီတစ်ယောက် ဖဲထိုင်ရိုက် နေသည်ကို မြင်ရသောအခါ ဖြိုးကိုကို ဘဝင်မကျ ဖြစ်ရသည်။

"ဟော့ကောင် ဖြိုးညီညီ အဲဒါဘာလုပ်နေတာလဲ"

"ဟာ ဘာ ဘာမှမလုပ်ပါဘူးအစ်ကို၊ အပျင်းပြေ ဖဲရိုက်နေကြတာပါ"

"ဘာကွ ဖဲရိုက်တာအပျင်းပြေလားကွ။ မင်းအရွယ် က ဖဲရိုက်ရမဲ့အရွယ်မဟုတ်ဘူးလေ။ ဖဲရိုက်ဖို့ကျောင်း ထားတာလဲမဟုတ်ဘူးကွ။ ဘွဲ့ရပညာတတ် တစ် ယောက်ဖြစ်ဖို့ထားတာ။ မင်းပြောတော့ အမေ့ကို လုပ် ကျွေးမဲ့သူဆို။ မင်းလက်ထဲက ဘာလဲ"

"ဆေးလိပ်ပါ"

"လိပ်အုံးကွာ"

"ခွပ် ခွပ် ခွပ်"

"ဒါလားကွ ကျောင်းသားတဲ့။ မှတ်ထား နောက် ဒါမျိုးလုပ်ရင် ဒီထက်နာမယ်သာမှတ်"

ဖြိုးကိုကိုသည် ဖြိုးညီညီ၏ မျက်နှာကိုလက်သီးဖြင့် သုံးချက်ဆက်ထိုးလိုက်သည်။ ဖြိုးညီညီ၏ နှာခေါင်းမှ သွေးများ လျှံထွက်လာသည်။ မျက်လုံးအောက်နား စတွင်လည်း လက်သီးဒဏ်ကြောင့် ချက်ချင်းပင် ဖူးထွက်ရောင်ကိုင်းလာသည်။ ဖြိုးညီညီသည် ဖဲချပ်များ ကိုပစ်ချကာ အိမ်သို့ထွက်ပြေးသွားပါတော့သည်။

(၃)

"အကြီးဖြစ်ပြီး ညှာတာစိတ်ကိုမရှိဘူး။ ငါဒေါသ ထွက်မလာခင် နင် ငါ့ရှေ့ကထွက်သွားစမ်း။ ငါ့အိမ် မှာလဲမနေနဲ့ အခုထွက်သွား"

ဒေါ်တင်သန်းသည် ဖြိုးညီညီ၏မျက်နှာမှသွေး များကို ပုဆိုးစုတ်ဖြင့် သုတ်ပေးကာ ဖူးရောင်နေသည့် ဒဏ်ရာများကို ကြပ်ထုပ်ထိုးပေးနေသည်။

"ဟဲ့ ဖြိုးကိုကို ငါပြောနေတယ်နော်။ နင် ထွက်သွားလို့"

"အမေရယ် ကျုပ်တောင်းပန်ပါတယ်။ ကျုပ်က ညီလေးကိုချစ်လို့ လုပ်လိုက်မိတာပါ"

"ဘာချစ်တာလဲ။ လက်သီးနဲ့ထိုးတာ ချစ်တာ လားဟဲ့။ နင် သွားမှာလား၊ မသွားဘူးလား ပြော။ ငါ ဒေါသထွက်လာပြီနော်"

"အမေကလဲဗျာ ကျုပ် ပြောပြမယ်။ ကျုပ် စကားကိုဆုံး"

"ဖြန်း ဖြန်း ဖြန်း"

"ရှည်အုံးဟယ် ရှည်အုံးဟယ် ရှည်အုံး"

ဒေါ်တင်သန်းသည် ဒေါသထွက်လာရာမှ အနား၌ ရှိသည့်ထန်းပလပ်ဖြင့် ဖြိုးကိုကို၏ ကျောပြင်ကို သုံးချက်ခန့်ရိုက်လိုက်သည်။

"အား အား ကျွတ် ကျွတ်။ အမေ ကျုပ်ကို ရိုက်ရက်တယ်နော်။ ရိုက်ပါအမေ ရိုက်ပါ။ အီးဟီး ဟီး"

"အေး ရိုက်မယ် ရိုက်မယ် ကဲဟယ်"

ထိုအချိန်တွင် ဦးဘပုရောက်လာကာ ဒေါ်တင် သန်း၏လက်ကို အမိအရဆွဲယူ၍ ထန်းပလပ်ကိုလုယူ လိုက်သောကြောင့်သာ ဖြိုးကိုကိုသက်သာရာရသွားသည်။

"ရိုက် ရိုက် ရိုက်ပါအမေ။ အမေ ကျုပ်ကိုမုန်းနေ တယ်ဆိုတာ အစကတည်းက ကျုပ်သိပါတယ်"

"အေး မုန်းတယ် မုန်းတယ်ဟဲ့။ ငါ့သားကို အပြစ် မရှိ အပြစ်ရှာနေတဲ့ကောင်"

"ဟေ့ မိတင် တော်ပြီ တော်ပြီ နင်စိတ်လျှော့လိုက် တော့။ ကဲ ငါ့တူလဲလာ မင်းအမေစိတ်ဆိုးနေတုန်း ငါ့ အိမ်ခဏလိုက်ခဲ့ကွာ။ ဒဏ်ရာက နည်းနည်းများသွား တယ်။ ဘကြီးပု ဆေးထည့်ပေးမယ်"

ဦးဘပုသည် ဖြိုးကိုကို၏ ကျောမှဒဏ်ရာများကို ကြည့်လိုက်သည်။ ပြတ်ရှဒဏ်ရာများကိုလည်း တွေ့ရသည်။ ဖြိုးကိုကိုသည် ထိုညက ဦးဘပု၏အိမ် ၌ပင် အိပ်လိုက်တော့သည်။

(၄)

"ထန်းရည်ကောင်းကောင်းရဖို့ ထန်းတက်သမားက အခရာကျတယ် ဖြိုးကိုကိုရ"

"ဘာဖြစ်လို့လဲ ဘကြီးပု"

ဖြိုးကိုကိုသည် ပင်ကျရည်ထဲသို့ ထန်းချိုများကို ထည့်၍ မွှေလိုက်သည်။ ခဏနေမှ အုန်းမှုတ်ခွက်ဖြင့် ခပ်၍ သောက်လိုက်သည်။

"ထန်းတက်သမားက ထန်းနို့ကို မလှီးခင် အရင်ထု ရတယ်။ ထုချက်ညီမှ ထန်းရည်ကကောင်းတာ။ ထုချက် မညီရင် ထန်းရည်မကောင်းဘူးကွ "

စာမျက်နှာ ၂၅ သို့ ➤

# မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၆၆၄၁၄ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ ဇန်နဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၆၆၄၁၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၆၆၉၉၁ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၆၄၁၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မုံရွာခရိုင်မှာ ဆောင်းနှမ်း ၆၆၉၉၁ ဧက စိုက်ပျိုးဖို့ လျာထားတယ်။ ဒီနေ့ထိ ၆၆၄၁၄ ဧက စိုက်ပျိုးပြီးပါပြီ။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းစနစ်တွေနဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးပါတယ်"ဟု ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် မြို့နယ်အလိုက် နှမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင်၁၂၅၅၅ ဧက၊ ဘုတလင်မြို့နယ်တွင် ၁၃၈၇၅ ဧက၊ အရာတော်မြို့နယ်တွင်၂၄၇၂၇ ဧကနှင့် ချောင်းဦးမြို့နယ်တွင် ၁၅၂၅၇ ဧက စုစုပေါင်း ၆၆၄၁၄ ဧက၊ မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ဧက ၁၂၇၂၀၊ ဘုတလင်မြို့နယ်တွင် ၁၃၅၉၁ ဧက၊ အရာတော်မြို့နယ်တွင် ဧက ၂၅၀၀၀ နှင့် ချောင်းဦးမြို့နယ်တွင် ဧက ၁၅၆၈၀ စုစုပေါင်း ၆၆၉၉၁ ဧကဖြစ်ကြောင်း သိရသည်။

(၂၀၆)

# ချစ်ခြင်းမေတ္တာ ထားရှိပါ

\- မေတ္တာဟူ ငြိမ်းချမ်းရေး
စိမ်းလန်းသေး လွှဝန်းကျင်၊
သတ္တဝါ မှန်သမျှ
အေးမြစေချင်၊
အမုန်းမပွား ချစ်ချစ်ခင်
အပြစ်မမြင် မေတ္တာထား၊
စိတ်စေရာ ချင့်ချိန်တွေး
ငြိမ်းအေးစေသား။

\- ဆည်းကပ်မသွေ ဘုရား တရား
သံဃာအများ ပူဇော်ပါ၊
ပေးအပ်သူ ယူသူနှစ်ဦး
ကြည်နူးစေမှာ၊
မေတ္တာဖျန်းတော့ လန်းဆန်းကာ
စိတ်ချမ်းသာ ကိုယ်ချမ်းမြေ့၊
ငွေမကုန် လူမပန်းပါဘု
တင့်ဆန်းပါပေ့။

\- မနောလှဖြူ ယဉ်သိမ်မွေ့
သောကမတွေ့ စိတ်ရွှင်ပျော်၊
မေတ္တာမှန် ရောင်ပြန်ဟပ်
ကျေနပ်နှစ်ဖော်၊
အရာရာတိုင်း အဆင်ပြေသနော်
ကပ်ဆိုးကျော် နေထိုင်ရေး၊
လူဂုဏ်ရည် လွှသမိုင်း
မရိုင်းလို့လေး။

**ရှာန်လေး(ပညာရေး)**

➤ စာမျက်နှာ ၂၄ မှအဆက်

"ဘကြီးပုရေ ပြောလို့သာပြောရတာ ကျုပ်ကတော့ ဒီတစ်သက် ထန်းပင်တောင်တက်နိုင်မှာမဟုတ်တော့ပါဘူးဗျာ"

"အင်း မတက်တာဘဲကောင်းပါတယ် ငါ့တူရာ။ အန္တရာယ်များတယ်ကွ။ ထန်းတက်သမားဘဝက ပင်ပန်းသလောက် အဆင်မပြေပါဘူးကွာ။ ဒါကြောင့်မို့လို့လဲ ထန်းတက်သမားတွေမရှိတော့တာ"

ဖြိုးကိုကိုသည် နောက်ထပ် ထန်းရည်တစ်ခွက်ကိုခပ်၍သောက်လိုက်ပြန်သည်။ ဖြိုးကိုကိုသည် ထန်းရည်များကို တစ်ခွက်ပြီးတစ်ခွက်သောက်ရင်း အာလေးလျှာလေးဖြစ်လာသည်။

ဦးဘပုသည် ဖြိုးကိုကို၏ ရှေ့၌ချထားသည့် ထန်းရည်ခံအိုးထဲ၌ ထန်းရည်များကုန်နေသည်ကိုလည်း တွေ့လိုက်ရ၏။

" ဟာ ဒီကောင် ထန်းရည်သောက်နေတာများနေပြီ ဒုက္ခပါပဲကွာ"

"ဘာ ဘာမှ ဒုက် ဒုက္ခမဖြစ်ဘူး ဘ ဘပု။ သောက်မယ်ဗျာ ကျုပ် အိမ်မပြန်ချင်တော့ဘူး။ ကျုပ်သေချင်တယ်ဗျာ။ ကျုပ် သေမှအေးမယ်"

"ဒီကောင်ကွာ ငါလုပ်လိုက်ရရင်မကောင်းဘူး။ နေပါအုံး မင်းကဘာလို့သေချင်ရတာလဲ ဖြိုးကိုကိုရ"

"ဘ ဘကြီးပု မသိပါဘူးဗျာ။ ကျုပ်အမေက ကျုပ်ကို မချစ်တော့ဘူးဗျ။ ဟိုနေ့က ကျုပ်ကိုရိုက်တာ ကျုပ် ကျုပ် အခုအချိန်ထိနာတုန်းဗျ။ ကျုပ်ကျောက ဒဏ်ရာတွေပျောက်သွားရင်လဲ ကျုပ်ရင်ထဲက ဒဏ်ရာတွေကဘယ်တော့မှပျောက်မှာမဟုတ်ဘူး။ ကျုပ် ဒီနေ့ကစပြီး ထန်းရည်ပဲမူးအောင်သောက်တော့မယ်ဗျာ။ ဒီထန်းတောထဲမှာပဲနေမယ်။ သေရင်လဲ ဒီထန်းတောထဲမှာပဲ သေမယ်။ အမေနဲ့လဲ မတွေ့ချင်တော့ဘူး"

"မဟုတ်သေးပါဘူး ဖြိုးကိုကိုရာ မင်းတို့မိသားစုမှာ ဘာမှမဟုတ်တာလေးနဲ့ အဆင်မပြေဖြစ်နေကြတာ၊ မင်းအထင်မှားနေပြီ"

"အထင်မှားတာမဟုတ်ဘူး ဘကြီးပု။ ကျုပ်ဘဝမှာ အမေ့ဥပေက္ခာပြုခံရတာလောက် ဝမ်းနည်းစရာကောင်းတာ ဘာမှမရှိဘူး။ ကျုပ်အမေနဲ့ညီလေးကို ဘယ်လောက်ထိချစ်တယ်ဆိုတာ ဘကြီးပု သိပါတယ်။ ညီလေးကိုလဲ ကျုပ်က တော်စေတတ်စေချင်လို့ဆုံးမတာ။ အခုတော့ အမေ မုန်းတာပဲအဖတ်တင်တယ်။ ဘကြီးပုသိလား။ အမေ့အမုန်းက ကျုပ် အတွက် မိုးကြိုးအကြိမ်တစ်ရာအပစ်ခံလိုက်ရသလိုပဲဗျ။ ကျုပ်ခံစားနေရတာ"

"ကဲ ကဲ ဘကြီးပု ရှင်းပြမယ်။ တကယ်တော့ မင်းတို့မိသားစုမှာ တစ်ဦးစေတနာကို တစ်ဦးကနားမလည်ကြတာကွ။ မုန်းနေကြတာမဟုတ်ဘူး။ တစ်ယောက်နဲ့တစ်ယောက် သံသယတွေဝင်နေကြတာ။ အမှန်အတိုင်းပြောရရင် မိဘဆိုတာ သားသမီးတွေကိုမရိုက်ဘဲ သဘောပေါက်အောင် ပြောပြဆုံးမရမှာ။ နောက်ပြီး သားသမီးတွေကိုလဲ စကားပြောခွင့်၊ ဖြေရှင်းခွင့်ပေးရမှာ။ ကိုယ့်သားသမီးတွေရဲ့စကားကိုလဲ ဆုံးအောင်နားထောင်ပြီးမှ ဘယ်သူအမှား၊ ဘယ်သူအမှန်ဆိုတာ အေးအေးဆေးဆေးပြန်ရှင်းပြရမှာ။ ကျွန်ယုံတော့တစ်ဖက်ကမ်း သားသမီးယုံတော့ စုံလုံးကန်းတဲ့ကွ။ အခုတော့ ငါ့ညီမတင်သန်းကလဲ ဘာမသိညာမသိ မစူးစမ်းမဆင်ခြင်ဘဲ မင်းကိုရိုက်တယ်။ ဟို အငယ်ကောင်ကလဲ သူ ဖဲရိုက်တာ၊ ဆေးလိပ်သောက်တာကိုတော့ထည့်မပြောဘဲ ထိမ်ဝှက်ထားပြီး မင်းကပဲ မတရားလက်သီးနဲ့ ထိုးသလိုလိုပြောထားနှင့်တော့ ဒေါသထွက်ပြီး မင်းကိုရိုက်မိတာပါကွာ။ မိသားစုတိုင်းမှာ အချစ်ဆိုတာရှိပါတယ်။ မကြည့်လို့မမြင်၊ မမြင်လို့မသိတာပါ။ လောကမှာ အချစ်နဲ့တည်ဆောက်ထားတဲ့မိသားစုတွေကို ကြည့်လိုက်စမ်း။ ကြည်နူးစရာသိပ်ကောင်းတယ်။ စည်းစည်းလုံးလုံးနဲ့ အေးချမ်းသာယာပြီး မပြိုကွဲကြဘူးကွ။ အဲ တစ်ယောက်နဲ့ တစ်ယောက် သံသယတွေထားကြရင် အဲဒီသံသယကတစ်ဆင့် အမုန်းတွေ ဝင်ရောက်လာတတ်တယ်။ ဒါကြောင့်မို့လို့ တစ်ယောက်နဲ့ တစ်ယောက်သံသယတွေမဝင်အောင် မြင်အောင်ကြည့်တတ်ရတယ်ကွ။ မြင်အောင်မကြည့်တတ်ရင် သံသယဆိုတဲ့ဆူးကို တက်နင်းတတ်တယ်။ အေး သံသယဆူး စူးဝင်နေပြီဆိုရင်တော့ အဲဒီမိသားစု၊ အဲဒီအသိုင်းအဝိုင်းဟာ အချိန်မတန်ခင် ပြိုကွဲမှာပဲ။ ဆိုပါတော့ကွာ မင်းတို့မိသားစုမှာအမေကလဲ သားတွေကိုချစ်တယ်။ သားတွေကလဲ အမေကိုချစ်တယ်။ အဲဒီလို တစ်ယောက်နဲ့ တစ်ယောက်အချစ်တွေ၊ သံယောဇဉ်တွေရှိကြပါရဲ့နဲ့ သံသယတွေဝင်ကြတော့ အခု အမုန်းတွေ စဝင်လာကြပြီမဟုတ်လား။ မင်းတို့ မိသားစုလေးမပြိုကွဲခင် အဲဒီသံသယတွေကို နုတ်ပစ်ကြတာအကောင်းဆုံးပဲ ဖြိုးကိုကို။ မိသားစုအချင်းချင်း တစ်ဦးနဲ့တစ်ဦး ဖက်တွယ်ကြတဲ့အခါ သံသယကင်းဖို့လိုတယ်"

ဦးဘပုသည် ရေနွေးတစ်ခွက်ကိုသောက်ရင်း သက်ပြင်းချလိုက်သည်။ ဖြိုးကိုကိုကိုကြည့်လိုက်သောအခါ စိတ်ဝင်တစားနားထောင်နေသည် ကိုတွေ့ရသည့်အတွက် ဦးဘပုရှေ့ဆက်ပြောလိုက်သည်။

"အင်း ဘယ်မိဘပဲဖြစ်ဖြစ် သားသမီးတွေအပေါ်မှာ ဆိုးဆိုးကောင်းကောင်း အတူတူချစ်ကြတာချည်းပဲဆိုတာ မင်းတို့သားသမီးတွေဘက်ကလဲ သိထားရမှာကွ။ တောင်းဆိုးပလုံးဆိုးသာ ပစ်ရိုးထုံးစံရှိတာ။ သားဆိုးသမီးဆိုးကို ပစ်ရိုးထုံးစံမရှိဘူးတဲ့။ ပါးစပ်က ဘယ်လောက်ပဲဆိုဆိုဆဲဆဲ မိဘတွေရင်ထဲမှာတော့ ကိုယ့်သားသမီးကို မှဲ့တစ်ပေါက်တောင် မစွန်းစေချင်ဘူး။ အဲဒီအထဲမှာ မင်းအမေလဲပါတယ်"

ဦးဘပု၏စကားအဆုံးတွင် ဖြိုးကိုကိုသည် မျက်ရည်များကို လက်ဖမိုး ဖြင့်သုတ်လိုက်သည်။

"ဒါဆို ကျုပ်မှားသွားပြီထင်တယ် ဘကြီးပု"

"မင်း မမှားပါဘူး ဖြိုးကိုကို။ မင်းအမေလဲမမှားဘူး။ မင်းညီလဲမမှားဘူး။ အမှန်ကိုမမြင်တဲ့ မင်းတို့ရဲ့အမြင်တွေပဲမှားနေတာ။ ဒါကြောင့် မင်းတို့ရဲ့အမြင်မှာစိုက်ဝင်နေတဲ့ သံသယဆူးငုတ်ကို အရင်းကနေ အပြတ်နုတ်ပစ်ဖို့ ငါပြောနေတာကွ"

"ဟုတ်ကဲ့ ဘကြီးဖြိုး ကျုပ်သဘောပေါက်ပါပြီ။ ဒီနေ့ကစပြီး ကျုပ်ထန်းရည်ကိုလဲ ဘယ်တော့မှ မသောက်တော့ဘူး။ အမေ့ကိုလဲ ဘယ်တော့မှ အထင်မလွဲတော့ပါဘူး။ သံသယတွေလဲ ကင်းသွားပါပြီ"

"အေး ဒီလိုမှပေါ့ ဖြိုးကိုကိုရ။ မိသားစုဝင်အချင်းချင်း မကင်းနိုင်တော့ သံသယရှင်းဖို့လိုတယ်။ ဘယ်သူ့ကို ပိုချစ်တယ်။ ဘယ်ဝါကို ပိုချစ်တယ်ဆိုတာထက် ဘယ်သူက မိသားစုကိုပိုချစ်တယ်။ ဘယ်သူက မိသားစုအကျိုးကို ပိုပြီးရွက်ဆောင်နိုင်တယ်ဆိုတာက ပိုအရေးကြီးတယ် ဖြိုးကိုကို"

"ကျေးဇူးတင်လိုက်တာ ဘကြီးပုရာ။ တော်သေးတယ် ကျုပ် ကျုပ် ကံကြီးထိုက်တော့မလို့"

ဖြိုးကိုကိုသည် ဦးဘပုကို လက်အုပ်ချီ၍ ကန်တော့လိုက်သည်။ ဖြိုးကိုကိုသည် ရင်၌စိုက်ဝင်နေသော သံသယဆူးကိုလည်း နုတ်ပစ်လိုက်နိုင်သည်။ သာယာပျော်ရွှင်သောမိသားစုဘဝဆိုသည်မှာ တစ်ဦးနှင့်တစ်ဦး သံသယကင်းမှသာ ရရှိနိုင်မည်ဖြစ်ကြောင်းကိုလည်း ဖြိုးကိုကို ယုံကြည်နေပါတော့သည်။

# မောက်မယ်မြို့နယ် အနောက်ပူယာစန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မောက်မယ် ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာစေရန်ရည်ရွယ်၍ အနောက်ပူယာစန်းကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၁ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မောက်မယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရည်ရွယ်ချက်နှင့်အကျိုးကျေးဇူးများ၊ စီမံကိန်း ဝိသေသများ၊ စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မောက်မယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်းနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် သိန်း ၃၁၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အနောက်ပူယာစန်းကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ စုစုပေါင်း ၅၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၃၁၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# အင်အားကြီးသူများ၏လုပ်ရပ်များသာအမှန်ဖြစ်နေမည်ဆိုလျှင်

မောင်သောင်းဝင်း(တမန်ဟောင်း)



အရှေ့အလယ်ပိုင်းဒေသရှိ အစ္စရေး-ပါလက်စတိုင်းပဋိပက္ခသည် ဝမ်းနည်းဖွယ်ရာ တစ်ဖန်ပြန်လည်ဖြစ်ပေါ်လာပြီဖြစ်သည်။ ထိန်းမနိုင်သိမ်းမရဖြစ်လာသည့်အခြေအနေတွင် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်သည် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု၏ဖိတ်ကြားချက်အရ အောက်တိုဘာ ၁၈ ရက်တွင် အစ္စရေးနိုင်ငံသို့ အရေးပေါ်အလည်အပတ်ခရီးသွားရောက်ခဲ့သည်။

ဘိုင်ဒင်က အမေရိကန်အနေဖြင့် အစ္စရေးနိုင်ငံကိုထောက်ခံကြောင်း၊ ပါလက်စတိုင်း ပိုင်နက်နယ်မြေ၏ ဂါဇာကမ်းမြောင်ဒေသကိုအုပ်ချုပ်နေသော ဟားမတ်စ်အဖွဲ့ကို အပြီးသတ်ချေမှုန်းသွားရမည်ဖြစ်ကြောင်း၊ သို့သော် အစ္စရေးအနေဖြင့်ဂါဇာကမ်းမြောင်ဒေသကို ပြန်လည်သိမ်းပိုက်မည်ဆိုလျှင် မှားယွင်းလိမ့်မည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။ ဘိုင်ဒင်သည် အမေရိကန်အနေဖြင့် အရှေ့အလယ်ပိုင်းဒေသကို စစ်ပွဲစတင်ရန်စီမံထားသည်ဆိုသော ပြောဆိုချက်များကိုမူ ငြင်းဆိုသွားခဲ့သည်။

ဟားမတ်စ်အဖွဲ့ကို ပါလက်စတိုင်းအစ္စလာမ့်စ်တော်လှန်ရေးအဖွဲ့ဟုလည်းခေါ်ဆိုပြီး ဆွန်နီအစ္စလာမ့်စ်နိုင်ငံရေးနှင့် စစ်ရေးအဖွဲ့တစ်ဖွဲ့လည်းဖြစ်သည်။ အစ္စရေးနှင့် ဟားမတ်စ်တို့ကြား ပဋိပက္ခကို ရှုတ်တရက်အရှိန်မြှင့်တင်သည့်လုပ်ရပ်သည် ဆိုးမဆင့် ဝုံမဆင့်လုပ်ဆောင်လာခြင်းပင်ဖြစ်သည်။ အမှန်တော့ ဘိုင်ဒင်သည် သမ္မတတာဝန်စတင်ထမ်းဆောင်စဉ်ကတည်းက အစ္စရေးနှင့်အာရပ်ကမ္ဘာရှိ အဓိကကျသောနိုင်ငံများကြား သမိုင်းဝင်ပြန်လည်ရင်ကြားစေ့ခြင်းလုပ်ငန်းများမြှင့်တင်သွားရန် အခိုင်အမာဆုံးဖြတ်ထားလျက်ရှိသည်။ အမေရိကန်အစိုးရသည် ပါလက်စတိုင်းပြည်သူများ၏ စိုးရိမ်ပူပန်မှုများကို လျစ်လျူရှုလျက် အမေရိကန်၏ မဟာဗျူဟာမြောက် အာရုံစိုက်မှုကို အရှေ့အလယ်ပိုင်းမှသည် ဥရောပနှင့် အင်ဒို-ပစိဖိတ်ဒေသသို့ ပြောင်းလဲသွားရန်အတွက် အရှေ့အလယ်ပိုင်းဒေသရှိ ပထဝီနိုင်ငံရေးဆိုင်ရာအခင်းအကျင်းကို ပြန်လည်ပုံဖော်ရန် ကြိုးပမ်းလျက်ရှိသည်။

သို့သော် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်အစောပိုင်းတွင် ဟားမတ်စ်အဖွဲ့သည် အစ္စရေးတို့ကို ဒုံးကျည်များနှင့် တိုက်ခိုက်ခဲ့သည့်အပြင် အရပ်သားပြည်သူများကိုလည်း ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ အစ္စရေးတို့က တူညီသောရက်စက်ကြမ်းကြုတ်မှုပုံစံဖြင့်တုံ့ပြန်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ဂါဇာဒေသကို ဝိုင်းပတ်ပိတ်ဆို့ကာ လေကြောင်းမှထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။ အကျိုးဆက်အနေဖြင့် ပြည်သူထောင်ပေါင်းများစွာ သေကျေထိခိုက်ဒဏ်ရာရရှိခဲ့ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကျပ်အတည်းများဖြစ်ပေါ်စေခဲ့သည်။

အစ္စရေးနှင့်ပါလက်စတိုင်းတို့ကြား လက်ရှိဖြစ်ပေါ်လျက်ရှိသောပဋိပက္ခသည် ဆယ်စုနှစ်များစွာကြာနေပြီဖြစ်သည်။ သမိုင်းကြောင်းနှင့်အတွေးအခေါ်အယူအဆပိုင်းဆိုင်ရာများအပြင် စစ်ရေးဆိုင်ရာထိုးစစ်များ၊ အိမ်ရာများတိုးချဲ့နေရာချထားလာမှု၊ ဂါဇာဒေသကို လူနှင့်ကုန်စည်များဝင်ထွက်သွားလာမှုမလုပ်ဆောင်နိုင်ရန် ပိတ်ဆို့ကန့်သတ်ခြင်းစသည့် အစ္စရေးတို့၏ ဖိအားပေးလုပ်ဆောင်လာမှုများကြောင့် အစ္စရေးတို့အပေါ် ဟားမတ်စ်တို့၏ ရန်လိုမုန်းတီးမှုများ ထွက်ပေါ်လာခြင်းဖြစ်သည်။

ထိုသို့ပိတ်ဆို့ထားခြင်းသည် ဂါဇာပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဆိုးကျိုးများ ပြင်းပြင်းထန်ထန်ခံစားရလျက်ရှိသည်။ စားနပ်ရိက္ခာ၊ ဆေးဝါး၊ လောင်စာဆီ ကဲ့သို့သောအခြေခံလိုအပ်ချက်များ ကန့်သတ်ခံထားရသည့်အပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း နှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်စေလျက်ရှိသည်။ အခြေခံအဆောက်အအုံဖွံ့ဖြိုးတက်မှုမရှိခြင်းနှင့်အလုပ်လက်မဲ့ဦးရေမြင့်တက်လာခြင်းတို့သည် ဂါဇာရှိမူလကတည်းကလူနေမှုဘဝအကျပ်အတည်းဖြစ်နေမှုကိုပိုမိုဆိုးရွားလာစေခဲ့သည်။

သို့သော် ထိုသို့ပိတ်ဆို့မှုကို ထောက်ခံသူများက ဟားမတ်စ်အဖွဲ့အနေဖြင့် ဂါဇာမှနေ၍ အစ္စရေးကို တိုက်ခိုက်လျက်ရှိသဖြင့် လုံခြုံရေးအရ ပိတ်ဆို့မှုများလုပ်ဆောင်သွားရန်လိုအပ်ကြောင်း ပြောဆိုလျက်ရှိသည်။ ထိုသို့ပိတ်ဆို့ထားခြင်းသည် ရန်လိုသောလုပ်ရပ်များတွင်အသုံးပြုသည့် လက်နက်များနှင့်ပစ္စည်းများ မှောင်ခိုရောင်းဝယ်မှုကိုတားဆီးရန်အတွက် အထောက်အကူပြုသည်ဟု ပြောဆိုလျက်ရှိသည်။ ထိုသို့ပိတ်ဆို့မှုများအတွက် တရားမျှတမှုရှိကြောင်း ကြိုးပမ်းပြောဆိုလျက်ရှိသော်လည်း ဂါဇာရှိပြည်သူအများစုနှင့်ကမ္ဘာ့ကြီးကမူ ဖိနှိပ်မှုနှင့် တရားမျှတမှုမရှိသောထိန်းချုပ်မှုပုံစံအဖြစ် ရှုမြင်ထားပြီး ပါလက်စတိုင်းပြည်သူများကြားတွင် အစ္စရေးတို့အပေါ် မကျေနပ်ချက်များ ပိုမိုကြီးထွားလာလျက်ရှိသည်။

ပါလက်စတိုင်းနှင့် အစ္စရေးတို့ကြား နယ်မြေပိုင်းခြားမှုမဖြစ်နိုင်သေးသည့်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အကောင်အထည်ဖော်ရန် လွန်စွာခက်ခဲလျက်ရှိသည်။ ထို့ပြင် ဂါဇာရှိ ဟားမတ်စ်ထောက်ခံသူများသည် အစ္စရေးနှင့်ဖြစ်ပွားသည့် ပဋိပက္ခများတွင် သေကျေထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဆွေမျိုးနှင့်မိတ်ဆွေများရှိနေသောကြောင့် အမြစ်တွယ်လျက်ရှိသော နာကြည်းမုန်းတီးမှုကိုဖြေဖျောက်ရန် ခက်ခဲလျက်ရှိသည်။ ပြန်လည်ရင်ကြားစေ့ရေးအတွက် အမေရိကန်၏ဖိအားပေးမှုသည် ပါလက်စတိုင်းနယ်မြေအစိတ်အပိုင်းတချို့ကို စွန့်လွှတ်ခိုင်းမှုအဖြစ် ဟားမတ်စ်တို့က ရှုမြင်ထားရှိသောကြောင့် မီးကုန်ယမ်းကုန် ခုခံတိုက်ခိုက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

ထို့ကြောင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် အောက်တိုဘာ ၁၂ ရက်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဘရာဇီးသမ္မတ၏အကြံပေးဖြစ်သူ စီဆိုလူးဝစ်နှင့်တယ်လီဖုန်းပြောဆိုစဉ် ပါလက်စတိုင်းပဋိပက္ခသည် အရှေ့အလယ်ပိုင်း၏အဓိကပြဿနာတစ်ရပ်ဖြစ်ကြောင်း ထောက်ပြပြောဆိုသွားခဲ့သည်။ ၎င်းပြဿနာ၏အဓိကအချက်မှာ ပါလက်စတိုင်းပြည်သူများအပေါ် တရားမျှတစွာ ဆက်ဆံဆောင်ရွက်ပေးမှုမရှိခြင်းပင်ဖြစ်သည်။

တရုတ်နိုင်ငံသည် အစ္စရေး-ပါလက်စတိုင်းအရေးနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံအဖြေတစ်ရပ်ကို အခြေခံသည့်ပိုမိုကျယ်ပြန့်သောဘုံသဘောတူညီချက်တစ်ရပ် အလျင်အမြန်ရရှိရန်၊ အချိန်ကာလသတ်မှတ်ချက်နှင့်လမ်းပြမြေပုံချမှတ်နိုင်ရန် အင်အားကြီးသောနိုင်ငံများ၊ အာဏာပိုင်အဖွဲ့အစည်းများနှင့် နိုင်ငံတကာငြိမ်းချမ်းရေးညီလာခံတစ်ရပ် ကျင်းပသွားရန် တောင်းဆိုထားရှိသည်။

လက်ရှိအချိန်တွင် ကုလသမဂ္ဂ (UN)၊ ဥရောပသမဂ္ဂ(EU)၊ အမေရိကန်၊ ဗြိတိန်၊ တရုတ်နှင့် ရုရှားတို့အပါအဝင်နိုင်ငံတကာအဖွဲ့အစည်းများနှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများသည် နှစ်နိုင်ငံအဖြေတစ်ရပ်အကောင်အထည်ဖော်ရေးအတွက် တောင်းဆိုလျက်ရှိကြသည်။ ဆိုလိုသည်မှာ ၁၉၆၇ ခုနှစ် နယ်မြေသတ်မှတ်မှုများကိုအခြေခံလျက် လွတ်လပ်သောပါလက်စတိုင်းနိုင်ငံထူထောင်သွားရန်နှင့် အရှေ့ဂျေရုစလင်ကို မြို့တော်အဖြစ် သတ်မှတ်သွားရန်ပင်ဖြစ်သည်။ သို့သော် အစ္စရေးနိုင်ငံသည် ငြိမ်းချမ်းရေးအတွက် အပြန်အလှန်အားဖြင့် ၎င်းတို့သိမ်းပိုက်ထားသည့်နယ်မြေများ ပြန်လည်ပေးအပ်ရမည့်သဘောသဘာဝကိုအကြိမ်ကြိမ်ငြင်းဆိုလျက်ရှိသည်။

အစ္စရေးနိုင်ငံအတွက်မူ ၁၉၄၈ ခုနှစ်ကတည်းကပင် အာရပ်ကမ္ဘာတွင် ရန်လိုမှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ အာရပ်- အစ္စရေးပဋိပက္ခငါးကြိမ်ထက်မနည်းဖြစ်ပွားခဲ့သည်။ ထို့ကြောင့် အစ္စရေးပြည်သူများသည် ၎င်းတို့ပိုင်နက်နယ်မြေကို အသက်၊ သွေး၊ ချွေးများဖြင့် တည်ဆောက်ထားရသည့်နိုင်ငံအဖြစ် ရှုမြင်ထားရှိသည်။ လက်ရှိအချိန်တွင် အစ္စရေးနိုင်ငံသည် ကမ္ဘာ့မဟာအင်အားကြီး အမေရိကန်နိုင်ငံ၏ထောက်ပံ့ကူညီမှုဖြင့် အရှေ့အလယ်ပိုင်းဒေသတွင် စစ်ရေးအင်အားကြီးနိုင်ငံအဖြစ် ရပ်တည်လာပြီဖြစ်သည်။

အစ္စရေး-ဟားမတ်စ်ပဋိပက္ခ စတင်ဖြစ်ပွားပြီးမကြာမီအချိန်အတွင်းမှာပင် အမေရိကန်ကာကွယ်ရေးဝန်ကြီးလွိုက်အော်စတင်သည် ဒေသတွင်းရှိ အစ္စရေးနိုင်ငံအပေါ် ရန်လိုတိုက်ခိုက်လာနိုင်သည့်နိုင်ငံများကို ဟန့်တားနိုင်ရန် USS Eisenhower လေယာဉ်တင်သင်္ဘော တိုက်ခိုက်ရေးအုပ်စုကို မြေထဲပင်လယ်အရှေ့ပိုင်းရှိ USS Ford လေယာဉ်တင်သင်္ဘောတိုက်ခိုက်ရေးအုပ်စုနှင့် ပူးပေါင်းသွားရန် အမိန့်ပေးခဲ့သည်။

စင်စစ်အားဖြင့် အင်အားကြီးသူများ၏လုပ်ရပ်သည်သာလျှင် မှန်ကန်သည်ဆိုသော အမြင်သဘောထားသည် ဆွေးနွေးညှိနှိုင်းသည့် စားပွဲဝိုင်းဆီသို့မရောက်ရှိတော့ဘဲ ပဋိပက္ခများတွင်သာ လမ်းဆုံးနေတော့မည်ဖြစ်သည်။ ထိုသဘောတရားများသည် လက်ရှိနိုင်ငံတကာအခြေအနေများတွင် ဝရုန်းသုန်းကားဖြစ်ပေါ်နေမှုများအတွက် တာဝန်ရှိနေမည်ဖြစ်ပေသည်။

မည်သို့ပင်ဆိုစေ လက်ရှိဖြစ်ပွားလျက်ရှိသော အစ္စရေး-ဟားမတ်စ်ပဋိပက္ခ၌ နှစ်ဖက်စလုံးမှပြည်သူများသေကျေထိခိုက်မှုဖြစ်ပွားနေသည်ဆိုသော အချက်ကို မည်သူမျှငြင်းဆန်နိုင်မည်မဟုတ်ချေ။ နိုင်ငံတကာအဖွဲ့အစည်းများမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ပေးပို့နိုင်ရေးကြိုးပမ်းနေသည့်တိုင်အောင် သေကျေထိခိုက်မှုများဆက်လက်မြင့်တက်နေဆဲပင်ဖြစ်သည်။

ထို့ကြောင့် အင်အားကြီးနိုင်ငံများအနေဖြင့် ပဋိပက္ခကို အားပေးအားမြှောက် လုပ်ဆောင်နေသည်ထက် အပြစ်မဲ့ပြည်သူများအကျိုးကို မျော်တွေးကာ ယာယီပဋိပက္ခရပ်ဆိုင်းနိုင်မည့် ကြားဝင်စေ့စပ်ဆွေးနွေးမှုများ လုပ်ဆောင်သွားသင့်ပြီဖြစ်သည်။ ထိုသို့လုပ်ဆောင်နိုင်ခြင်းမရှိလျှင် စစ်လက်နက်ပစ္စည်းထုတ်လုပ်ရောင်းချနေသောကုမ္ပဏီကြီးများကိုသာ ပိုမိုအကျိုးဖြစ်ထွန်းလာစေမည်ဖြစ်ပြီး အနာဂတ်တွင် အလားတူပဋိပက္ခများကို ထပ်မံဖန်တီးလာနိုင်သည်။ အထူးသဖြင့် အစ္စရေး-ပါလက်စတိုင်းပဋိပက္ခတွင်အင်အားကြီးသူ၏လုပ်ရပ်သည်သာ မှန်ကန်သည်ဆိုသောအယူအဆသည် အရှေ့အလယ်ပိုင်းဒေသတွင် တည်ငြိမ်အေးချမ်းမှုဖော်ဆောင်နိုင်မည်မဟုတ်ဘဲ နာကြည်းမုန်းတီးမှုများ နှင့်လက်တုံ့ပြန်တိုက်ခိုက်မှုများသာ ဆက်လက်အရှိန်မြင့်တက်လာနိုင်ပေသည်။

**❖ စင်စစ်အားဖြင့် အင်အားကြီးသူများ၏လုပ်ရပ်သည်သာလျှင် မှန်ကန်သည်ဆိုသော အမြင်သဘောထားသည် ဆွေးနွေးညှိနှိုင်းသည့် စားပွဲဝိုင်းဆီသို့မရောက်ရှိတော့ဘဲ ပဋိပက္ခများတွင်သာ လမ်းဆုံးနေတော့မည်ဖြစ်သည်။ ထိုသဘောတရားများသည် လက်ရှိ နိုင်ငံတကာအခြေအနေများတွင် ဝရုန်းသုန်းကားဖြစ်ပေါ်နေမှုများအတွက် တာဝန်ရှိနေမည်ဖြစ်ပေသည်။ မည်သို့ပင်ဆိုစေ လက်ရှိဖြစ်ပွားလျက်ရှိသော အစ္စရေး-ဟားမတ်စ်ပဋိပက္ခ၌ နှစ်ဖက်စလုံးမှပြည်သူများသေကျေထိခိုက်မှုဖြစ်ပွားနေသည်ဆိုသောအချက်ကို မည်သူမျှငြင်းဆန်နိုင်မည်မဟုတ်ချေ။ ❖**

**ကိုးကား**

- **Might Makes Right; By Beijing Review.**

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ဆန်ကြမ်း ၂၄ ပြည်ဝင်အိတ်ရေ ၈၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**မအူပင် ဇန်နဝါရီ ၁၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ဆန်ကြမ်း ၂၄ ပြည်ဝင် အိတ်ရေ ၈၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ဒေသထွက်စပါးများကိုဝယ်ယူကြိတ်ခွဲပြီး ဆန်အဖြစ် ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ဆန်ကြမ်း ၂၄ ပြည်ဝင်အိတ်ရေ ၇၅၀၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ဆန်ကြမ်း ၂၄ ပြည်ဝင်အိတ်ရေ ၈၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ဒီကနေ ရန်ကုန်ဆန်ဈေးကွက်ကို ဆန်အပါအဝင် လယ်ယာထွက်ကုန်တွေကိုတင်ပို့ရောင်းချလျက်ရှိပါတယ်။ ဒီဇင်ဘာလအတွင်းမှာ ဆန်ကြမ်း ၂၄ ပြည်ဝင်အိတ်ရေ ၈၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ဒေသမှာမိုးစပါးအသစ်တွေစတင်ပေါ်နေပါပြီ။ ဒါကြောင့် စပါးအသစ်တွေပါဝယ်ယူကြိတ်ခွဲပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ဆန်ဈေးကတော့နည်းနည်းငြိမ်နေပါတယ်။ ဆန်တွေ အရောင်းအဝယ်ကောင်းလာတဲ့အတွက် တောင်သူတွေ၊ ကုန်သည်တွေ၊ ကုန်တင်ကုန်ချလုပ်သားတွေ၊ ကုန်တင်ယာဉ်အငှားလိုက်လုပ်ငန်းရှင်တွေ အလုပ်အကိုင် အခွင့်အလမ်းကောင်းနေပါတယ်"ဟု မအူပင်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဆန်ကြမ်း အမျိုးအစားများမှာ မနောသုခ၊ ထိုင်းဘေးကျား၊ ရက်၉၀၊ သီးထပ်ရင်၊ နံ့ကား၊ ဧရာမင်း၊ ဆင်းသုခ၊ ပခမ်း၊ နယူးဧရာစသည့် ဆန်ကြမ်းများကို အများဆုံး တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ ဆန်ကြမ်းများမှာ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၇၂၀၀၀ မှ ၇၅၀၀၀ ထိဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းဆတ်မြို့နယ် နားယန်း(၁)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းဆတ် ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုး စိုက်ပျိုးရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကျတီကျေးရွာအုပ်စု နားယန်း(၁) ကျေးရွာ၌ တတိယအကြိမ်မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဆတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဒေါ်မြင့်သီတာဟန်က နားယန်း(၁) ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နားယန်း(၁) ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၃၀ ကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၈၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရှိုသန်းဦးနံ့**

# ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၅၁၈ ဧကစိုက်ပျိုးပြီးစီး

**ဝက်လက် ဇန်နဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၅၁၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၅၁၅ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၅၁၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ပဲတီစိမ်း ၄၅၁၅ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၄၅၁၈ ဧက စိုက်ပျိုးပြီးနေပြီ။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေ၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

ဝက်လက်မြို့နယ်တွင် ၂၀၂၂ ခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီက ပဲတီစိမ်းစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ ၄၅၁၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ဝက်လက်မြို့နယ်တွင် ပဲတီစိမ်း စိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)

# တောင်တွင်းကြီးမြို့နယ် ကံကြီးကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**တောင်တွင်းကြီး ဇန်နဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံကြီးကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီးနှင့် တောင်တွင်းကြီးမြို့နယ်မှ အင်ဂျင်နီယာဝန်ထမ်းများက တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ ကံကြီးကုန်းကျေးရွာ၌ ကုန်ထုတ်လမ်း အရှည် ခုနစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မ အောက်ခံလွှာကျောက်ရောမြေခင်းခြင်းနှင့် မြေနီကျောက်ရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တောင်တွင်းကြီးမြို့နယ် ကံကြီးကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၅၉ ဒသမ ၃၃၉ သန်းဖြင့် Magway S Three ကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၃ ခုနှစ် ဇွန် ၂၄ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ကံကြီးကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ လယ်ယာဧက ၂၅၀ မှ ထွက်ရှိသည့် ထုတ်ကုန်၊ ထွက်ကုန်များ ရာသီမရွေး ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အိမိုးမိုး**

# ကြံခင်းမြို့နယ် လယ်ကြီးကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြံခင်း ဇန်နဝါရီ ၁၂**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လယ်ကြီးကွင်းကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့တွင် အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။


ရှေးဦးစွာ ကြံခင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လယ်ကြီးကွင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၂ ဦးကို ငွေကျပ် ၂၈ ဒသမ ၀၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ် ၅ ဒသမ ၂၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၁ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၅ ဦးကို ငွေကျပ် ၃၅ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# စင်တင်ပြဇာတ်

ကိုဇော်ဌေး(ယဉ်ကျေးမှု)

ယနေ့စင်တင်ပြဇာတ်တို့ကို အပြောပြဇာတ်ဟု ပြောရမည်ဖြစ်သည်။ ၎င်းကို နေ့စဉ်အရပ်သုံးစကားတို့ဖြင့် ရေးသီဖွဲ့ကုံးပေးထားသည်။ အပြောစကားတို့သည် မရှည်လျားဘဲ လိုရင်းတိုရှင်းဖြင့် ကျစ်ကျစ်လျစ်လျစ်ရှိရုံမက ပရိသတ်အတွက် အကြားအာရုံနှင့်ခံစားမှုအရိပ်အထင်၊ တစ်မုဟုတ်ချင်းလည်းရရှိစေသည်။ ပြဇာတ်စကားတို့သည် ပွင့်လင်းသည်၊ ရှင်းလင်းပြတ်သားသည်။ နားထောင့်စရာ အခက်အခဲတို့မပါရှိကြဘဲ ဇာတ်လမ်းပါဇာတ်ရုပ်တို့၏ လူထုလူတန်းစားအလွှာအလိုက်၊ လုပ်ငန်းအလိုက်၊ အသက်အရွယ်ပုဂ္ဂိုလ်အဆင့်အတန်း ဘဝအခြေအနေအလိုက်သာ ကိုယ်စားပြုထားကြောင်း တွေ့ရသည်။

ပြဇာတ်ရေးသူသည် ခေတ်၏ဝေါဟာရအသုံးအနှုန်း၊ ခေတ်၏ပြောဟန်၊ ဆိုပေါက်၊ အသံနေအသံထား၊ ကာလ၊ ဒေသပတ်ဝန်းကျင်၊ ထုံးဓလေ့တို့ကို တိကျစွာလေ့လာပြီးမှ ဇာတ်ရုပ်ဇာတ်ဆောင်ကို ကိုယ်စားပြုပြောခိုင်းခြင်းဖြစ်သည်။ စကားလုံးသုံးစွဲမှုရသသည် ပရိသတ်က အိမ်ပြန်လက်ဆောင်အဖြစ် သယ်ဆောင်သွားစေသည်ထိ သက်ရောက်သည်။ ထူးခြားချက်မှာ ဇာတ်ရုပ်ဇာတ်ဆောင်တို့သည် ပြင်ပရှိ တကယ့်လူသားတို့နှင့် မိတ္တူတစ်ထပ်တည်းကူးထားသည့်ဟန်ဖြစ်မနေကြဘဲ သဏ္ဍာန်လုပ်သရုပ်တူဖြစ်စေသည့် ပြဇာတ်သုံးနှုတ်မှုပညာဖြင့် သရုပ်ဆောင်နိုင်ကြခြင်းပင်ဖြစ်သည်။ ဇာတ်သဘင်များတွင်ရှေ့ပိုင်းပြဇာတ်သည် အဓိကမဏ္ဍိုင်ဖြစ်နေသည်မှာ နှုတ်မှုစွမ်းရည် ပြည့်စုံကုံလုံလာကြခြင်းကြောင့်ဖြစ်သည်။

စင်တင်ပြဇာတ်ကို သရုပ်ဆောင်ကြသည့် ဇာတ်ဆောင်တို့ကလည်း ဇာတ်ညွှန်းပါစကားကို မိမိ၏ကိုယ်ခံအသံထွက်အခြေအနေနှင့် ထိုက်လျောက်အောင် ထားသိုသုံးစွဲတတ်လာကြသည်။ စကားလုံး၏ပီသသဲကွဲမှု၊ ကြည်လင်ပြေချောမှု၊ လိုအင်ရောက်ရသမြောက်မှုရှိစေရန် ကိုယ်ပိုင်အချိန်၌ အကြိမ်ကြိမ်ပြောဆိုလေ့ကျင့်နေတတ်မှုတို့သည် ပြဇာတ်သရုပ်ဆောင်၏ ကြိုးပမ်းမှုကြောင့်ဖြစ်သည်။ ထိုသို့ကြိုးပမ်းမှုကပင် ပြဇာတ်၏အောင်မြင်ခြင်းကို ယူဆောင်ပေးလာနိုင်တော့သည်။ စင်တင်ပြဇာတ်လာ စကားလုံးတို့ကို ဇာတ်ဆောင်၏ အာတွေ့မှုအလိုက် ဖန်တီးခဲ့ကြရသည်။ တန်ဖိုးမဲ့ရာကို တန်ဖိုးရှိသယောင်ပြောလာသူကို "နွားမကိုရှို့ပိတ်၊ တံဆိပ်ကပ်ပြီး မဏ္ဍပ်ထိပ်ကို တက်ပြချင်လို့လား"ဟူသည့်ပြဇာတ်ကြည့်သူတို့ရင်ထဲ စွဲငြိစေမည့် စကားမျိုး။ စားပြီးနားမလည်ကြသူမျိုးကို "ဒံပေါက်စားပြီး ချပါတီဖိုးတောင့်မရှင်းနဲ့လေ၊ စားပြီးနားမလည်တဲ့ လူအနွံ့ရဲ့"ဟူသည့် စကားမျိုးဖြင့် ရေးသားဖန်တီးပြောဆိုလာကြသည်။

ပြဇာတ်ရေးသူသည် ပြဇာတ်ပါစကားလုံးများကို ထိုသို့နှယ် ရေးသားဖန်တီးလာကြသည်။ ခေတ်၏စကားလုံးများဖြစ်သဖြင့် ပြဇာတ်ကြည့်သူ၏ရင်ထဲသို့ တန်းရောက်လေတော့သည်။ စာမျက်နှာအထက်မှတ်တမ်းစွက်ခြင်းဖြင့် စင်တင်ပြဇာတ်လာစကားလုံးများသည် ပိုမိုဖွံ့ဖြိုးလာကြသည်။ ပြဇာတ်၏အခန်းတစ်ခန်းလာ နောက်ဆုံးစကားလုံးသည် နောက်တစ်ခန်း၏ စကားအဖွင့်ဖြစ်သည်ထိ ရှုဖောက်နိုင်ခဲ့ကြသည်။ ဥပမာအားဖြင့် ဇာတ်ဆောင်တစ်ယောက်က "စိတ်ပျက်စရာကြီးပါလားကွာ"ဟူသော လက်ရှိအခန်း၏ နောက်ဆုံးစကားလုံးကိုပြောလိုက်ပြီး Scene Change တီးလုံးဝင်ကာ အခန်းကူးပြောင်းလိုက်သည်။ နောက်တစ်ခန်း၏စကားအဖွင့်အဖြစ် ဇာတ်ဆောင်တစ်ယောက်က "စိတ်ပျက်စရာကြီးလို့ ညည်းနေလို့ ပြီးမှာလားမဝေ"ဟု "စိတ်ပျက်စရာကြီး"ဟူသည့် စကားလုံးကိုနင်း၍ ပရိသတ်၏နားထဲသို့ ခပ်ပြင်းပြင်းသွတ်သွင်းလိုက်ခြင်းမျိုးဖြစ်သည်။ စကားလုံးအပိတ်အဖွင့်ချိတ်ဆက်မှုပညာကို ပြဇာတ်ရေးသူတို့က အစွမ်းပြခဲ့ကြသည်။ ကရင်းပြင်ရင်း ချိတ်ဆက်သည့် စကားလုံးတို့သည် စူးနစ်ကြတော့သည်။

❖ စင်တင်ပြဇာတ်ကို သရုပ်ဆောင်ကြသည့် ဇာတ်ဆောင်တို့ကလည်း ဇာတ်ညွှန်းပါစကားကို မိမိ၏ကိုယ်ခံအသံထွက်အခြေအနေနှင့် ထိုက်လျောက်အောင် ထားသိုသုံးစွဲတတ်လာကြသည်။ စကားလုံး၏ပီသသဲကွဲမှု၊ ကြည်လင်ပြေချောမှု၊ လိုအင်ရောက်ရသမြောက်မှုရှိစေရန် ကိုယ်ပိုင်အချိန်၌ အကြိမ်ကြိမ်ပြောဆိုလေ့ကျင့်နေတတ်မှုတို့သည် ပြဇာတ်သရုပ်ဆောင်၏ ကြိုးပမ်းမှုကြောင့်ဖြစ်သည်။ ထိုသို့ကြိုးပမ်းမှုကပင် ပြဇာတ်၏ အောင်မြင်ခြင်းကို ယူဆောင်ပေးလာနိုင်တော့သည်။ စင်တင်ပြဇာတ်လာ စကားလုံးတို့ကို ဇာတ်ဆောင်၏အာတွေ့မှုအလိုက် ဖန်တီးခဲ့ကြရသည်။ ❖

ဦးစွာနှစ်များက ပြဇာတ်ဇာတ်စီးတို့၏နှုတ်ညွှန်းပြောဆိုမှုအတိုင်း ဇာတ်ဆောင်တို့က ကျရာဇာတ်ရုပ်အလိုက် ကပြသရုပ်ဆောင်ခဲ့ကြသည်။ ဇာတ်သိမ်းခန်းထိ ကိုယ့်ဝမ်းစာကိုယ့်အားကိုးပြီး ဇာတ်ရုပ်တစ်ရုပ်နှင့်တစ်ရုပ် ဆီလျော်အောင် အကင်းပါးပါး အပေးအယူမျှမျှတတဖြင့် ဆက်ဆံသရုပ်ဆောင်ကြရင်း ပုဂ္ဂိုလ်စွမ်းရည်ပြလုပ်ငန်းသဘောဖြစ်ခဲ့လေသည်။ မြန်မာတို့၏ ဘိုးဘေးပြဇာတ်ရေးဆရာ၊ ပြဇာတ်ဇာတ်စီးတို့သည် ၎င်းပုံစံအတိုင်း ကပြချိန်နီးမှသာ ပြဇာတ်အမည်ပြောသည်။ ဇာတ်ရုပ်ခွဲသည်။ လိုအပ်သောစကား၊ သီချင်းများကိုညွှန်ပြသည်။ ပြဇာတ်ဆရာများသည် များသောအားဖြင့် ဇာတ်ညွှန်းကို အပြည့်မရေးကြသည်က များသည်။ အခန်းခွဲပြီး ဇာတ်တိုက်ရင်းမှ ပြဇာတ်စကားတို့ဖြစ်လာကြရသည်။ ဇာတ်စကားများသည် ဇာတ်ဆောင် သရုပ်ဆောင်သူများ၏ ပါးစပ်ထဲတွင်သာရှိသည်။ ဇာတ်ညွှန်းသည် ဇာတ်ဆရာ၏ ဖိုင်ထဲတွင်သာ ဟိုတစ်စ၊ သည်တစ်စရှိခဲ့သည်။ ပြဇာတ်ရေးသူသည် ပြဇာတ်အတွင်းက လိုအပ်သောသီချင်းကိုသာ ချရေးကြသည်။ တေးဂီတပညာရှင်တို့က စင်ပေါ်ကို ကြည့်၍ ပံ့ပိုးတီးခတ်ပေးကြသည်။ သဘင်မှုနယ်ပယ်၌ အမြစ်စွဲခဲ့သော ထိုဓလေ့သည် ပြဇာတ်ထွန်းကားချိန်ရောက်သည့်ကာလတိုင် ဖြစ်ထွန်းတည်တံ့နေတော့သည်။ ဤသဘောကို မြန်မာသာမဟုတ် ဥရောပအလယ် ခေတ်သဘင့်သမိုင်းတွင်လည်း တွေ့ရသည်။ ၁၆ ရာစုနှစ် အီတလီနိုင်ငံတွင် "ကော်မဒီယာဒဲလာ့" ခေါ် ပြဇာတ်တစ်မျိုး အလွန်ခေတ်စားခဲ့ဖူးသည်။ ၎င်းပြဇာတ်ကို သမ္မာရင့်ပြဇာတ်ပညာရှင်ကြီးများသာ ကပြနိုင်သည်။ ပြဇာတ်မကမီ ဇာတ်စီးဒါရိုက်တာလုပ်သူက ဇာတ်လမ်းကို ရှင်းလင်းပြောပြသည်။ ပြောဆိုသရုပ်ဆောင်ရမည့် သဘာဝကိုလည်း ပြောပြသည်။ ဇာတ်ဆောင်သူတို့ကလည်း မိမိကိုခွဲဝေပေးသည့် ဇာတ်ရုပ်အလိုက် မိမိကျရာ ဇာတ်ရုပ်နှင့်ဆိုင်ရာ ဝမ်းစာပါရမီဓာတ်ခံရှိသလောက် ပြဇာတ်ကနေစဉ်အတွင်း မီးစဉ်ကြည့်ကပြ ပြောဆိုသရုပ်ဆောင်ကြသည်။ ဇာတ်သိမ်းသည်ထိ ဇာတ်ဆောင်အချင်းချင်း အရိပ်အခြေကြည့်ဆင်ခြင်သတိချပ်လျက် ထိန်းကျောင်း ကပြသွားကြသည်။ လူသစ်များနှင့် ပြဇာတ်ပညာဝမ်းစာ နည်းပါးသူတို့ မဝင်ဝံ့သောနေရာပင်ဖြစ်သည်။

မှတ်တမ်းမှတ်ရာကို အားကိုးသော သဘင်တစ်ခေတ် ဖွံ့ဖြိုးအားယူလာချိန်ဝယ် စင်တင်ပြဇာတ်၏ ခေတ်ရောက်သွင်ပြင်သည် ပီပြင်လာခဲ့သည်။ ဇာတ်ညွှန်းဖြင့် စနစ်တကျ တင်ဆက်ကပြလာသောခေတ်တွင် ပြဇာတ်စင်များ၌ ပြဇာတ်ပုံစံကို ခွဲခြားသတ်မှတ်လာသည်ထိ စင်တင်ပြဇာတ်ကိုစူးစိုက်လာကြသည်။

**အလွမ်းဇာတ်**

လူသား၏ ဘဝရှန်းကန်လှုပ်ရှားမှုအတွင်း ကြုံကြိုက်ရသည့် ဘေးဆိုးအန္တရာယ်များကြောင့် ပူဆွေးဒုက္ခရောက်ရပုံ၊ စုန်းတစ္ဆေနတ်ကဝေစသည်တို့ အနှောင့်အယှက်ခံရ၍ အကြောင်းမလှဖြစ်ရပုံတို့ကို ဖန်တီးတင်ဆက်ကပြသည့် အလွမ်းပြဇာတ်ပုံစံများ တင်ဆက်ကပြခြင်းမျိုးဖြစ်သည်။ စိတ်ဝိညာဉ်ပိုင်းဆိုင်ရာအခြေခံသောဇာတ်လမ်းများနှင့် အဓိကဇာတ်ဆောင်၏ဘဝအခက်အခဲများကို ရင်ဆိုင်ရပုံ၊ ရင်ဆိုင်ခြင်းဖြင့် လွမ်းဆွတ်ကြရပုံတို့ကို အလွမ်းပြဇာတ်အသွင် ကပြခဲ့ကြသည်။ မြန်မာ့ဇာတ်သဘင်၌ "မပဋ္ဌာကိုဒါသ" ဇာတ်မျိုးဖြစ်သည်။

**အလွမ်းအသောဇာတ်**

အလွမ်းချည်း၊ အသောချည်း သတ်သတ်မခွဲခြားဘဲ သင့်မျှသလို မွှေစပ်ကာ တင်ဆက်ကပြခြင်းမျိုးဖြစ်သည်။ မင်းသား၊ မင်းသမီးတို့၏ သရုပ်ဆောင်မှု၊ ဝန်းကျင်ပံ့ပိုးထားမှုတို့ကြောင့် ပရိသတ်တို့မှာ အသက်ရှူရန် မေ့သည်ထိ ထွက်ပေါက်မဲ့နေချိန်တွင် လူရွှင်တော်တို့၏ ပြက်လုံးကြောင့် ပရိသတ်တို့မှာ ထွက်ပေါက်ရလာကာ တစ်မုဟုတ်ချင်းရယ်မောရသည့်အဖြစ်သို့ ပို့ဆောင်နိုင်သည့် ဇာတ်မျိုးဖြစ်သည်။

**အသောဇာတ်**

လောကကြီး၏ အမြင်မတော်ဖောက်ပြန်မှုများ၊ လူသားမဆန်မှုများကို ဝေဖန်သရော်သည့် ပြဇာတ်မျိုးဖြစ်သည်။ ပရိသတ်က ဟက်ဟက်ပက်ပက် ရယ်မောစွဲလန်းကြရသည်။ မှုမမှန်သော လူအလွှာကမူ ထိုပြဇာတ်မျိုးကို လက်မခံကြပေ။ မြန်မာ့ဇာတ်သဘင်၌ တင်ဆက်ကပြခဲ့ကြသည့် ဖတတ်လုံးခေါင်းကျားပြဇာတ်မျိုးဖြစ်သည်။

**ဟာသဇာတ်**

အသောဇာတ်ထက်သာလွန်ကာ ပရိသတ်က ခွက်ထိုးခွက်လန် ရယ်မောရသည့် ပြဇာတ်မျိုးဖြစ်သည်။ ပွင့်လင်းရုံမက အတုံးလိုက်အတစ်လိုက်၊ ကွက်ကွက်ကွင်းကွင်း၊ စကားဖန်များနှင့် ပရိသတ်ကို ကလိထိုးသည့် ပြဇာတ်ဖြစ်သည်။ ယုတ္တိမတန်ခြင်း၊ ဒေါသသင့်-မသင့်၊ အခြားဆင်ခြင်ဖွယ်တို့ကို ဥပေက္ခာပြုထားသည်။ မြန်မာပြဇာတ်၌ သိဝိမင်း၊ ကုသမင်းဇာတ်မျိုးဖြစ်သည်။

**သရုပ်လွန်ဇာတ်**

ဇာတ်နာစေရန် မင်းသမီးကို အကြမ်းဖက်ပြခြင်း၊ အကြမ်းဖက်သူ၏ မိဘများက မင်းသမီးကို နှိပ်စက်ခြင်း၊ ရင်မောစရာများထပ်တလဲလဲပြခြင်း၊ ယုတ္တိမတန်သော အသုံးအပုတ်များထည့်သွင်းခြင်း၊ ခေတ် စနစ်ကို မြောက်ပင့်လွန်ခြင်းစသည်ဖြင့် လွန်လွန်ကဲကဲဖော်ဆောင်ကပြသော ပြဇာတ်မျိုးကိုခေါ်သည်။

ထိုနည်းလမ်းများဖြင့် စင်တင်ပြဇာတ်ခေတ်ကို ထိုးဖောက်ကာ ထူးခြားဆန်းသစ်သော တီထွင်မှုများဖြင့် ယနေ့ပြဇာတ်သဘင်သို့ ရောက်ရှိလာခဲ့တော့သည်။ ထိုပြဇာတ်မျိုးကို ဖန်တီးရေးသားသူသည် ခွင့်ပြုချိန်နှင့် လိုက်ဖက်တိကျစွာ ပြဇာတ်ဇာတ်ညွှန်းကို ရေးသားကြရသည်။ မိမိတင်ဆက်မည့် ပြဇာတ်သည် တစ်ခန်းရပ်လား၊ ပြဇာတ်ရှည်လားဟုလည်း စဉ်းစားရသည်။ ပြဇာတ်အမျိုးအစားကိုလည်း သတ်မှတ်ရသည်။ ပင်ကိုရေးသားဖန်ဖွဲ့မည့် ထိုးဇာတ်လား၊ သမိုင်းနောက်ခံပြဇာတ်လား၊ လူတန်းစားတစ်ရပ်ရပ်ကို ဖော်ညွှန်းပြဆို သိစေလိုသည့် ပြဇာတ်လား၊ ခေတ်စကားလုံးအသုံးအနှုန်းတို့ဖြင့် မွမ်းထုံချယ်သခွင့်ရသည့် ပြဇာတ်လား၊ ကဗျာ၊ လင်္ကာနဘေတို့ဖြင့် ရိုးရာကို ထိန်းသိမ်းစေလိုသည့် စေတနာပြ ပြဇာတ်လားဟူသည့် မေးခွန်းများကိုကျော်ဖြတ်ကြရသည်။

ပြဇာတ်ဇာတ်ညွှန်းသည် ရုပ်ရှင်ဇာတ်ညွှန်းနှင့် မတူပါချေ။ ရုပ်ရှင်က ကြိုက်နှစ်သက်ရာ သရုပ်ဆောင်ကိုခေါ်ယူနိုင်သည်။ ပြဇာတ်မှာကား မိမိအဖွဲ့သားတို့အတွင်းမှ ပုံသေလူနှင့် လိုက်ဖက်အောင် စီရင်ဖန်ဖွဲ့ရသည်။ ရုပ်ရှင်ကား "ကဒ်"ဆိုလျှင် သရုပ်ဆောင်ပြီးသည်။ ပြဇာတ်မှာကား နောက်ဆုံးစကားဆုံးသော်လည်း ရုပ်တာကျချိန်၊ ပိတ်ချိန်အထိစောင့်ရသည်။ ထို့ကြောင့် ပြဇာတ်သရုပ်ဆောင်ကို စဉ်းစားကြရာ၌ ဇာတ်ဆောင်တို့၏ အင်္ဂါလက္ခဏာများကိုများပြားစွာစဉ်းစားကြရသည်။ ပြဇာတ်ရေးသူသည် ပြဇာတ်တစ်ထုပ်ကို စင်အထက် တင်ဆက်ကပြနိုင်ရေးအတွက် အဓိကဇာတ်ဆောင်နှင့် အရန်ဇာတ်ဆောင်များကို ခွဲခြားကြရသည်။ ဇာတ်အိမ်တည်ရာဌာနကိုလည်း ပြဆိုရသည်။ ဇာတ်ကွက်ဇာတ်လမ်းအချိတ်အဆက်စေ့စပ်၍ ဆွဲဆောင်မှုရှိ၊ မရှိ စိတ်ကူးဉာဏ်ဖြင့် တင်ဆက်ပြသရသည်။ ပြဇာတ်တစ်ပုဒ်ကို ဖန်ဖွဲ့ရာ၌ ဇာတ်အိမ်တည်၍ ဇာတ်လမ်းအစဖော်ခြင်း၊ ဇာတ်လမ်းဇာတ်ကွက်ဆင့်ကာတက်၍ အကြောင်းအရာအဖြစ်အပျက်များ ပွားများလာခြင်း၊ ဇာတ်လမ်းအကွက်ဆိုက်၍ နှစ်သိမ့်လောက်သော အခန်းသို့ ရောက်ရှိစေခြင်း၊ ဇာတ်ကိုပေါင်းစေခြင်းတို့ဖြင့် စုံလင်စွာတင်ဆက်ကပြကြသည်။ ပြဇာတ်အတွင်း မြုပ်ကွက်ဖော်ကွက်တို့ကိုလည်း ထည့်သွင်းပေးရ သည်။

ပြဇာတ်ကိုကကြခဲ့ရာဝယ် ပြဇာတ်မစမီ ဇာတ်ဝင်နိဒါန်းကိုထွက်ပြောပြီးမှ ပြည်ဖုံးကားတင်၍ ပြခန်းစထွက်သောနည်း၊ ဇာတ်လမ်းအစမှ အဆုံးတိုင် ပြခန်းတစ်ခန်းပြီးလျှင် ပြည်ဖုံးကားတစ်ခါချရသောနည်း၊ ပြည်ဖုံးကားတင်ပြီး အဆက်အစပ်နှင့် အစအဆုံးပြသောနည်း၊ ပြခန်းတစ်ခန်းမှ နောက်တစ်ခန်း အကူးစပ်ကြားတွင် ဆက်စပ်စေရန် ပေါင်းကူးစကား ထွက်ပြောသောနည်း၊ ပြခန်းများ မရပ်မနား အစအဆုံးကူးဆက်ပြသောနည်းတို့ဖြင့် ကပြခဲ့ကြသည်။ လက်ရှိကာလတွင် ပြည်ဖုံးကားတင်ပြီး အဆက်အစပ်နှင့် အစအဆုံးပြသောနည်းဖြင့်သာ ကပြလျက်ရှိသည်။ သင့်လည်းသင့်၍ ခေတ်လည်းမြင်သော တင်ဆက်ကပြနည်းဖြစ်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ ပြဇာတ်ပြိုင်ပွဲ၌ ပြဇာတ်စတင်ချိန်တွင် ပြည်ဖုံးကားဖွင့်ပြီး၊ ပြဇာတ်ပြီးဆုံးချိန်တွင် ပြည်ဖုံးကားပိတ်ခြင်း (ပြည်ဖုံးကားကို တစ်ကြိမ်တည်းဖွင့်ခြင်း၊ ပိတ်ခြင်း)ဖြင့် ယှဉ်ပြိုင်တင်ဆက်ကပြကြသည်ကို တွေ့ရသည်။

ပြဇာတ်ဟူသောစကားလုံးသည် မြန်မာ့ယဉ်ကျေးမှုနယ်ပယ်အတွင်း၌ ရှည်ကြာစွာ ရပ်တည်နေခဲ့ပြီးဖြစ်သည်။ ပြဇာတ်စာပေ၊ စင်တင်ပြဇာတ်တို့ ရှည်ကြာစွာဆက်လက်ရပ်တည်ရေးအတွက် ဤဆောင်းပါးဖြင့် အားပေးလိုက်ရခြင်းသာ ဖြစ်ပါတော့သည်။

**ကိုးကား**

**၁။ ပွဲဦးရွှေအလကာ်(ဗိုလ်ကျော်ဆန်း)**

**၂။ ပြဇာတ်နှင့် ပြဇာတ်စာပေ နီးနှောဖလှယ်ပွဲ စာတမ်းများ)စာပေဗိမာန်**

# တနင်္ဂနွေနေ့ညကစားမဲ့ အမှတ်ပေးပြိုင်ပွဲတွေထဲက အစဉ်အလာအရအသာစီးရထားတဲ့ မန်ယူအသင်း၊ ကာဒီဇက်အသင်း၊ အေစီမီလန်အသင်းတို့နဲ့ လက်တွဲရမှာပါ

ML




တနင်္ဂနွေနေ့ညမှာကစားမဲ့ အမှတ်ပေးပြိုင်ပွဲတွေကတော့ အသင်းကြီး ထိပ်တိုက်တွေ့ဆုံမှုရှိနေတာကြောင့် အကြိတ်အနယ်ရှိလာမှာ သေချာပါတယ်။ ကြားရက်မှာ ဖလားပြိုင်ပွဲကစားခဲ့ရတဲ့အသင်းတွေကိုတော့ ဒဏ်ရာရပွဲပန်းမှုတွေရှိနေမှာဖြစ်လို့ သတိထားစောင့်ကြည့်ရမှာပါ။ ဒါ့ပြင် တချို့အသင်းတွေဟာ အာဖရိကဖလားနဲ့ အာရှဖလားပွဲတွေမှာ အဓိက ကစားသမားတွေ စေလွှတ်ပေးခဲ့ရတာကြောင့် ခြေစွမ်းပိုင်းကျဆင်းသွားနိုင်မှာဖြစ်လို့ အသင်းကြီးတွေ့ဆုံမှုတွေမှာ ဒီအချက်တွေကိုလဲ ထည့်သွင်းစဉ်းစားရမှာပါ။ တနင်္ဂနွေနေ့ညမှာတော့ အိမ်ကွင်းကစားအားကောင်းပြီး ထိပ်တိုက်တွေ့ဆုံမှုမှာ အသာစီးရထားတဲ့အသင်းတွေနဲ့သာ လက်တွဲသွားရမှာဖြစ်ပါတယ်။

## မန်ယူအသင်းကို ရွေးချယ်ရမှာပါ

ပရီးမီးယားလိဂ်ပွဲစဉ် (၂၁) မှာ အကြိုက်တွေ့မိတာကတော့ မန်ယူအသင်းနဲ့ စပါးအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ မန်ယူအသင်းဟာ ပြီးခဲ့တဲ့ အက်ဖ်အေဖလားပွဲစဉ်မှာ ဝီဂန်ကို နှစ်ဂိုးပြတ်အနိုင်ရခဲ့ပေမဲ့ ကစားကွက်ပိုင်းကတော့ အားရစရာမကောင်းပါဘူး။ အခုရာသီအမှတ်ပေးပွဲ ၂၀ ကစားအပြီးမှာ ၁၀ ပွဲနိုင်၊ တစ်ပွဲသရေ၊ ကိုးပွဲရှုံးရလဒ်နဲ့ ရမှတ် ၃၁ မှတ်သာရခဲ့ပြီး အဆင့်(၈) မှာ ရောက်ရှိနေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ ချဲလ်ဆီးအသင်းကို နှစ်ဂိုးတစ်ဂိုး၊ လီဗာပူးအသင်းကိုဂိုးမရှိသရေ၊ အေဗီလာအသင်းကို သုံးဂိုးနှစ်ဂိုးနဲ့ အနိုင်ရခဲ့တဲ့ ပွဲစဉ်တွေကတော့ ပုံစံကောင်းရခဲ့တယ်လို့ ဆိုရမှာပါ။ အခုပွဲစဉ်မှာတော့ ပထမအကျော့က ရှုံးထားတဲ့စပါးအသင်းနဲ့ တွေ့ဆုံနေပေမဲ့ စပါးဟာ ကစားသမားအများစု ဒဏ်ရာရနေသလို အာဖရိကနဲ့ အာရှဖလားပြိုင်ပွဲတွေကိုလဲ အဓိကကစားသမားတွေ စေလွှတ်ခဲ့ရတာကြောင့် မန်ယူအသင်းအိမ်ကွင်းမှာတော့ ရှုံးကန်ရဖို့များပါတယ်။

စပါးအသင်းဟာ နည်းပြပိုစတီကိုဂလူလက်ထက်မှာ ခြေစွမ်းပိုင်းတိုးတက်လာခဲ့ပြီး အမှတ်ပေးဇယားထိပ်ကို တက်ရောက်နိုင်ခဲ့တဲ့အသင်းလဲဖြစ်ပါတယ်။ ဒါပေမဲ့ အဓိကကစားသမားတွေဖြစ်တဲ့ မက်ဒီဆင်၊ ဗန်ဒီဗန်၊ ရိုမီယိုတို့ ဒဏ်ရာရပွဲပယ်ခံရချိန်မှာ ရလဒ်ပိုင်းဆက်တိုက်ဆိုးရွားသွားခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့်(၅) ထိ ကျဆင်းသွားတာကိုတွေ့ရမှာပါ။ ဒါပေမဲ့ နောက်ပိုင်းပွဲစဉ်တွေမှာ ရစ်ချာလီဆန်၊ ကူလူဆက်စကီးတို့ ပြန်လည်ပါဝင်နိုင်ခဲ့လို့ တိုက်စစ်ပိုင်းထက်မြက်လာပြီး ပုံစံကောင်းပြန်ရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ပွဲစဉ် ၂၀ အပြီးမှာ ရမှတ် ၃၉ မှတ်ရခဲ့ပြီး အဆင့်(၅)ရောက်ရှိလာခဲ့သလို အဆင့်(၁) လီဗာပူးနဲ့ ခြောက်မှတ်သာကွာဟနေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ အက်ဖ်အေပွဲမှာလဲ ဘန်လေကို အိမ်ကွင်းမှာ အကြိတ်အနယ်ကစားခဲ့ရပြီး တစ်ဂိုးနဲ့ကပ်နိုင်ခဲ့တာကို သတိပြုရမှာပါ။ မန်ယူအသင်းအနေနဲ့ စပါးကို ဧည့်ခံကစားရတဲ့ နောက်ဆုံးနှစ်ပွဲမှာလဲ အနိုင်ရထားသလို လက်ရှိ အကျောပေးထားမှုလဲရှိတာကြောင့် ကစားသမားအင်အားနည်းပါးနေတဲ့ စပါးအသင်း ရှုံးပွဲကြုံနိုင်တာကြောင့် မန်ယူအသင်းကိုပဲ ရွေးချယ်ရမှာပါ။

### မန်ယူအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လီဗာပူး | ၀ | - | ၀ | မန်ယူ |
| ဝက်စ်ဟမ်း | ၂ | - | ၀ | မန်ယူ |
| မန်ယူ | ၃ | - | ၂ | အေဗီလာ |
| နော်တင်ဟမ် | ၂ | - | ၁ | မန်ယူ |
| ဝီဂန် | ၀ | - | ၂ | မန်ယူ |

### စပါးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| နော်တင်ဟမ် | ၀ | - | ၂ | စပါး |
| စပါး | ၂ | - | ၁ | အဲဗာတန် |
| ဘရိုက်တန် | ၄ | - | ၂ | စပါး |
| စပါး | ၃ | - | ၁ | ဘုန်းမောက် |
| စပါး | ၁ | - | ၀ | ဘန်လေ |

## ကာဒီဇက်အသင်းနဲ့ လက်တွဲရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ကာဒီဇက်နဲ့ ဗလင်စီယာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ကာဒီဇက်အသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ ဂရန်နာဒါအသင်းကို နှစ်ဂိုးဂိုးမရှိနဲ့ရှုံးခဲ့တာကြောင့် တန်းဆင်းဇုန်က ရုန်းကန်ဖို့ အခက်တွေ့ခဲ့ရတာပါ။ လက်ရှိအမှတ်ပေးပွဲ ၁၉ ပွဲအပြီးမှာ ရမှတ် ၁၅ မှတ်သာ ရရှိခဲ့တာကြောင့် အဆင့်(၁၈) မှာ ရောက်ရှိနေတာဖြစ်ပါတယ်။ ဒါပေမဲ့ အဆင့်(၁၅) က အလာဗက်၊ အဆင့်(၁၆)က ဆီဗီလာ၊ အဆင့်(၁၇)က ဆဲလ်တာဗီဂိုတို့နဲ့ ရမှတ်ကွာဟမှု ကျဉ်းမြောင်းနေတာကြောင့် အခုပွဲကိုအနိုင်ရရင် တန်းဆင်းဇုန်က လွတ်မြောက်မှာသေချာပါတယ်။ သူတို့အသင်းဟာ အဝေးကွင်းကစားပုံဆိုးရွားပေမဲ့ အိမ်ကွင်းပွဲစဉ်ကိုးပွဲမှာ နှစ်ပွဲသာရှုံးခဲ့ပြီး နှစ်ပွဲနိုင်၊ ငါးပွဲသရေရလဒ်ရခဲ့တာကိုသတိပြုရမှာပါ။ ဒါကြောင့် ကာဒီဇက်ရဲ့ အိမ်ကွင်းကစားအားဟာအသင်းကြီးတွေတောင် ကစားရခက်တဲ့ အခြေအနေမှာ ဗလင်စီယာလို တိုက်စစ်ပိုင်းကျဆင်းနေတဲ့ အသင်းအတွက်တော့ ခက်ခဲမှုရှိမှာသေချာပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းပွဲစဉ်မှာလဲ ဆိုစီဒက်ကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ခဲ့ပြီး ထိရောက်တဲ့ဂိုးပေါက်ခြိမ်းခြောက်မှုတွေ ပြုလုပ်နိုင်ခဲ့တဲ့ ခြေစွမ်းပိုင်းက အားရစရာဖြစ်ပါတယ်။

ဗလင်စီယာအသင်းဟာ နည်းပြဘာရာဂျာလက်ထက်မှာ ခြေစွမ်းပိုင်းတည်ငြိမ်လာတာကြောင့် အမှတ်ပေးပွဲ ၁၉ ပွဲအပြီးမှာ ရမှတ် ၂၆ မှတ်နဲ့ အဆင့်(၉) ထိရောက်ရှိခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ တိုက်စစ်ကစားပုံကတော့ ရုန်းကန်နေရဆဲဖြစ်ပြီး ၁၉ ပွဲမှာ ၂၂ ဂိုးသာ သွင်းယူနိုင်ခဲ့သလို ခံစစ်က ၂၃ ဂိုးထိခွင့်ပြုခဲ့ရတာကို တွေ့ရမှာပါ။ လက်ရှိ အဝေးကွင်း ၁၀ ပွဲကစားအပြီးမှာတော့ နှစ်ပွဲသာအနိုင်ရခဲ့ပြီး သုံးပွဲသရေ၊ ငါးပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး ခံစစ်ကပေးဂိုး ၁၈ ဂိုးထိရှိခဲ့တာကို သတိပြုရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ အဝေးကွင်းအားနည်းတဲ့အသင်းတွေထဲမှာ ပါဝင်နေပြီး အဝေးကွင်းမှာ အယ်မာရီယာ၊ အလာဗက်၊ မာယော့ကာ၊ ဂီတာဖေးတို့လိုအသင်းတွေကိုတောင် နိုင်ပွဲမရခဲ့တာကို တွေ့ရမှာပါ။ အခုပွဲစဉ်မှာ ကာဒီဇက်နဲ့ ဗလင်စီယာဟာကစားသမားစုဖွဲ့မှုကွာဟချက်မရှိတော့ဘဲ ကာဒီဇက်က အိမ်ကွင်းအားသာချက်ပိုနေသလို ထိပ်တိုက်တွေ့ဆုံမှုမှာလဲ အိမ်ကွင်းပွဲစဉ်တွေမှာ ရှုံးနိမ့်ခဲ့ခြင်းမရှိပါဘူး။ ဒါကြောင့် တန်းဆင်းဇုန်ကရုန်းထွက်ဖို့ ရမှတ်ရှာဖွေလာမဲ့ ကာဒီဇက်အသင်းနဲ့ လက်တွဲရမှာပါ။

### ကာဒီဇက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အာရန်ဒီနာ | ၂ | - | ၁ | ကာဒီဇက် |
| ကာဒီဇက် | ၁ | - | ၁ | အိုဆာဆူနာ |
| လက်ပါးမက် | ၁ | - | ၁ | ကာဒီဇက် |
| ကာဒီဇက် | ၀ | - | ၀ | ဆိုစီဒက် |
| ဂရန်နာဒါ | ၂ | - | ၀ | ကာဒီဇက် |

### ဗလင်စီယာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဂီတာဖေး | ၁ | - | ၀ | ဗလင်စီယာ |
| ဗလင်စီယာ | ၁ | - | ၁ | ဘာစီလိုနာ |
| ဗယ်လ်ကာနို | ၀ | - | ၁ | ဗလင်စီယာ |
| ဗလင်စီယာ | ၃ | - | ၁ | ဗီလာရီးရဲလ် |
| ကာနာဂျီနာ | ၁ | - | ၂ | ဗလင်စီယာ |

## အေစီမီလန်အသင်း ရလဒ်ကောင်းမှာပါ

တနင်္ဂနွေနေ့ည စီးရီးအေပွဲစဉ်တွေထဲက အကြိုက်တွေ့တာကတော့ အေစီမီလန်နဲ့ ရိုးမားအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အေစီမီလန်ဟာ ပြီးခဲ့တဲ့ ဖလားပွဲမှာ အတ္တလန်တာကိုရှုံးခဲ့ပြီး ပြိုင်ပွဲကထွက်ခဲ့ရတာကြောင့် အမှတ်ပေးပွဲကိုသာအာရုံစိုက်ဖို့ ပြင်ဆင်လာမှာဖြစ်ပါတယ်။ အမှတ်ပေးပွဲ ၁၉ ပွဲအပြီးမှာ ရမှတ် ၃၉ မှတ်ထိရခဲ့တာကြောင့် အဆင့်(၃) မှာရောက်ရှိနေပေမဲ့ အဆင့်(၁)က အင်တာမီလန်နဲ့ ကိုးမှတ်ကွာဟနေတာကို တွေ့ရမှာပါ။ ဒါကြောင့် ချန်ပီယံဆုနဲ့ ဥရောပဝင်ခွင့်သေချာဖို့အတွက် လာမဲ့ပွဲစဉ်တွေကို ရလဒ်ကောင်းဖို့ကြိုးစားရမှာဖြစ်ပါတယ်။ အေစီမီလန်ဟာ အခုရာသီမှာ အိုကာဖော်၊ ပူလီဆစ်၊ ချူကွယ်ဇီ၊ လော့တပ်ချိခ်၊ မူဆာတို့လို ကစားသမားတွေခေါ်ယူခဲ့တာကြောင့် အမှတ်ပေးပြိုင်ပွဲမှာ ရလဒ်ကောင်းတဲ့အသင်းတွေထဲ ပါဝင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ ခံစစ်က တိုမိုရီ၊ ဟာနန်ဒက်ဇ်နဲ့ တိုက်စစ်က ချူကွယ်ဇီ၊ ဘန်နာဆာတို့ ပါဝင်နိုင်ခြင်းမရှိပေမဲ့ နောက်ဆုံး ၁၃ ပွဲဆက်ထိ တိုက်စစ်ကဂိုးရခဲ့တာကို တွေ့ရမှာပါ။ ခံစစ်ကလဲ နောက်ဆုံးငါးပွဲမှာ ပေးဂိုးသုံးဂိုးသာရှိခဲ့တာကြောင့် နည်းပြပိုင်အိုလီအနေနဲ့ အသင်းရဲ့ချို့ယွင်းချက်တွေကို ပြင်ဆင်လာတာကို သတိပြုရမှာပါ။ လက်ရှိ တိုက်စစ်ပိုင်းကိုတော့ ဂီရော့ဒ်က ဦးဆောင်နေပြီး သွင်းဂိုးကိုးဂိုးထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

နည်းပြမော်ရင်ဟိုရဲ့ ရိုးမားအသင်းဟာ ခံစစ်အသားပေးကစားပြီး တန်ပြန်တိုက်စစ်ကနေ လူကာကူရဲ့ သွင်းဂိုးတွေနဲ့ ရလဒ်ကောင်းနေတဲ့အသင်းဖြစ်ပါတယ်။ လက်ရှိ ၁၉ ပွဲကစားအပြီးမှာ ရမှတ် ၂၉ မှတ်သာရခဲ့တာကြောင့် အဆင့်(၈) မှာရောက်နေပေမဲ့ အဆင့်(၄) က အသင်းနဲ့ ရမှတ်လေးမှတ်သာကွာဟနေလို့ ဥရောပဝင်ခွင့်အတွက် အခွင့်အရေးရှိနေတာကိုတွေ့ရမှာပါ။ ဒါပေမဲ့ အဝေးကွင်းကစားပုံဆိုးရွားနေဆဲဖြစ်လို့ ပြီးခဲ့တဲ့ဖလားပွဲမှာ လာဇီယိုကို တစ်ဂိုး ဂိုးမရှိနဲ့ ရှုံးခဲ့ပြီး အဓိကကစားသမားမန်စီနီလဲ အနီကတ်နဲ့ထုတ်ပယ်ခံရတာကြောင့် အသင်းခံစစ်ပိုင်းအားနည်းသွားမှာ သေချာပါတယ်။ ဒါ့ပြင် ရိုးမားရဲ့တိုက်စစ်က နောက်ဆုံးအဝေးကွင်းသုံးပွဲမှာ တစ်ဂိုးမှသွင်းယူနိုင်ခြင်းမရှိတာကြောင့် ခံစစ်အသားပေးကစားလွန်းတဲ့ မော်ရင်ဟိုရဲ့ နည်းစနစ်ပိုင်းက အလုပ်မဖြစ်တော့ဘဲ ရလဒ်တွေကျဆင်းနေတယ်လို့ ဆိုရမှာပါ။ လူကာကူအနေနဲ့ အသင်းအတွက် သွင်းဂိုးရှစ်ဂိုးသွင်းယူထားပေမဲ့ နောက်ဆုံးအဝေးကွင်းခြောက်ပွဲဆက် ဂိုးသွင်းယူနိုင်ခြင်းမရှိပါဘူး။ သူတို့နှစ်သင်းနောက်ဆုံးတွေ့ဆုံမှုရှစ်ကြိမ်မှာလဲ အေစီမီလန်က ငါးပွဲနိုင်၊ သုံးပွဲသရေရလဒ်နဲ့ အသာရခဲ့သလို လက်ရှိကစားသမားစုဖွဲ့မှုကလဲ အသာရနေတာကြောင့် အိမ်ရှင် အေစီမီလန်အသင်းပဲ ရလဒ်ကောင်းမှာပါ။

### အေစီမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆလာနီတာနာ | ၂ | - | ၂ | အေစီမီလန် |
| အေစီမီလန် | ၁ | - | ၀ | ဆက်ဆူအိုလို |
| အေစီမီလန် | ၄ | - | ၁ | ကက်ဂလီယာရီ |
| အမ်ပိုလီ | ၀ | - | ၃ | အေစီမီလန် |
| အေစီမီလန် | ၁ | - | ၂ | အတ္တလန်တာ |

### ရိုးမားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ရိုးမား | ၂ | - | ၀ | နာပိုလီ |
| ဂျူဗင်တပ် | ၁ | - | ၀ | ရိုးမား |
| ရိုးမား | ၂ | - | ၁ | ခရီမိုနန်စီ |
| ရိုးမား | ၁ | - | ၁ | အတ္တလန်တာ |
| လာဇီယို | ၁ | - | ၀ | ရိုးမား |

# ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလထိ ရန်ကုန်တိုင်းဒေသကြီးသို့ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၆၂ ခုဝင်ရောက်ခဲ့



**ရန်ကုန် ဇန်နဝါရီ ၁၂**

၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလထိ ရန်ကုန်တိုင်းဒေသကြီးသို့ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၆၂ ခု ဝင်ရောက်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏သတင်းများအရ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် အစည်းအဝေးများ ကျင်းပပြုလုပ်ကာ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ခွင့်ပြုပေးလျက်ရှိကြောင်း၊ ထိုသို့ ခွင့်ပြုပေးရာတွင် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၅ ရက်က ပြုလုပ်ခဲ့သည့် (၁/ ၂၀၂၃)အစည်းအဝေးတွင် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တစ်ခုနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ကိုးခု၊ ဖေဖော်ဝါရီ ၂၂ ရက်တွင် ပြုလုပ်ခဲ့သည့်(၂/ ၂၀၂၃) အစည်းအဝေးတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တစ်ခု၊ မတ် ၂၉ ရက်တွင် ပြုလုပ်ခဲ့သည့် (၃/ ၂၀၂၃) အစည်းအဝေးတွင် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်း နှစ်ခုနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ကိုးခု ခွင့်ပြုပေးခဲ့ပြီး ဧပြီ ၂၆ ရက်တွင် ပြုလုပ်ခဲ့သည့် (၄/ ၂၀၂၃)အစည်းအဝေးတွင် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခု ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် မေ ၂၆ ရက်တွင် ပြုလုပ်ခဲ့သည့် (၅/ ၂၀၂၃)အစည်းအဝေးတွင် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တစ်ခု၊ ဇွန် ၂၇ ရက်တွင် ပြုလုပ်ခဲ့သည့်(၆/ ၂၀၂၃) အစည်းအဝေးတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ခုနစ်ခု၊ ဇူလိုင် ၂၆ ရက်တွင် ပြုလုပ်ခဲ့သည့်(၇/ ၂၀၂၃) အစည်းအဝေးတွင် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တစ်ခု၊ ဩဂုတ် ၃၀ ရက်တွင် ပြုလုပ်ခဲ့သည့်(၈/ ၂၀၂၃) အစည်းအဝေးတွင် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၁ ခု ခွင့်ပြုပေးခဲ့ပြီး စက်တင်ဘာ ၂၇ ရက်တွင် ပြုလုပ်ခဲ့သည့် (၉/ ၂၀၂၃) အစည်းအဝေးတွင် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်း နှစ်ခု၊ အောက်တိုဘာ ၂၅ ရက်တွင် ပြုလုပ်ခဲ့သည့် (၁၀/ ၂၀၂၃) အစည်းအဝေးတွင် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှစ်ခုနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ငါးခု ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

ထို့အတူ နိုဝင်ဘာ ၂၂ ရက်တွင် ပြုလုပ်ခဲ့သည့် (၁၁/ ၂၀၂၃) အစည်းအဝေးတွင် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှစ်ခုနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခု၊ ဒီဇင်ဘာ ၂၇ ရက်တွင် ပြုလုပ်ခဲ့သည့် (၁၂/ ၂၀၂၃) အစည်းအဝေးတွင် ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း သုံးခုနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှစ်ခု ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

(၃၃၆)

# မိုင်းရယ်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပန်းနှမ်း ၁၄၀၅ ဧက စိုက်ပျိုးပြီးစီး

**လားရှိုး ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းခရိုင် မိုင်းရယ်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပန်းနှမ်း ၁၄၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုင်းရယ်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ပန်းနှမ်း ၁၂၅၅ ဧကကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလ တတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပန်းနှမ်း ၁၄၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်၍ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ ဒေသတွင်း စားသုံးဆီဖူလုံစေဖို့အတွက် ဆောင်းရာသီ ဆီထွက်သီးနှံ ပန်းနှမ်းအပါအဝင် မြေပဲ၊ နေကြာ၊ မုန်ညင်းစေ့တွေကို မြို့နယ်အလိုက် စိုက်ပျိုးနေပါတယ်။ မိုင်းရယ်မြို့နယ်အနေနဲ့ ပန်းနှမ်းကို ဒီနှစ်မှာ လျာထားချက်ထက် ကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ပန်းနှမ်းအထွက်နှုန်း တိုးတက်ကောင်းမွန်စေဖို့အတွက် ပန်းနှမ်းစံပြစိုက်ကွက်တွေကို ဖော်ဆောင် စိုက်ပျိုးပေးနေပါတယ်။ စိုက်နည်းစနစ်ဆိုင်ရာ တောင်သူပညာပေးသင်တန်းတွေ၊ ရာသီအလိုက်ကျရောက်တတ်တဲ့ ပိုးမွှားအန္တရာယ် ကာကွယ်ရေးသင်တန်းတွေကိုလဲ သက်ဆိုင်ရာမြို့နယ်အလိုက် ဖွင့်လှစ်ပို့ချပေးနေပါတယ်" ဟု ရှမ်းပြည်နယ် (မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်နွယ်ဝင်းက ပြောပြသည်။

မိုင်းရယ်မြို့နယ်တွင် ၂၀၂၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက ဆီထွက်သီးနှံပန်းနှမ်း ၁၅၂၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၁-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၁၅ | ၂၅၆၅ | ၂၅၆၀ | ၂၅၂၅ | ၂၅၆၅ | ၂၅၈၅ | ၂၅၇၀ | ၂၅၅၀ | ၂၆၄၅ | ၂၆၆၅ | ၂၅၅၅ | ၂၅၆၅ | ၂၆၀၀ | ၂၆၀၀ | ၂၆၀၅ | ၂၈၃၅ | ၂၉၀၀ |
| 95 Ron | ၂၆၂၅ | ၂၆၇၅ | ၂၆၇၅ | ၂၆၃၅ | ၂၆၇၅ | ၂၆၉၅ | ၂၆၈၀ | ၂၆၆၀ | ၂၇၅၅ | ၂၇၇၅ | ၂၆၆၅ | ၂၆၈၀ | ၂၇၁၀ | ၂၇၁၀ | ၂၇၁၅ | ၂၉၄၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၃၆၀ | ၂၄၀၅ | ၂၄၀၀ | ၂၃၆၅ | ၂၄၀၅ | ၂၄၃၀ | ၂၄၂၅ | ၂၃၉၀ | ၂၅၁၀ | ၂၅၀၅ | ၂၄၀၀ | ၂၄၀၅ | ၂၄၄၅ | ၂၄၄၅ | ၂၄၄၅ | ၂၆၇၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၄၃၀ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၀ | ၂၄၇၅ | ၂၅၀၀ | ၂၄၉၅ | ၂၄၆၀ | ၂၅၈၀ | ၂၅၇၅ | ၂၄၇၀ | ၂၄၈၀ | ၂၅၁၅ | ၂၅၁၅ | ၂၅၂၀ | ၂၇၄၅ | ၃၂၄၅ |
| HSD (10 ppm) | ၂၄၄၀ | ၂၄၈၅ | ၂၄၈၅ | ၂၄၄၅ | ၂၄၈၅ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၀ | ၂၅၉၀ | ၂၅၈၅ | ၂၄၇၅ | ၂၄၉၀ | ၂၅၂၅ | ၂၅၂၅ | ၂၅၂၅ | ၂၇၅၅ | ၃၂၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၉၇ | ၂၄၇၈ |
| 95 Ron | ၂၅၀၄ | ၂၅၈၇ |
| HSD (500 ppm) | ၂၂၄၅ | ၂၃၁၉ |
| HSD (50 ppm) | ၂၃၁၃ | ၂၃၈၉ |
| HSD (10 ppm) | ၂၃၂၁ | ၂၃၉၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၈၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော



“ မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင် ”



# ရတနာပုံ ခန်းမ





**ရရှိနိုင်သောဝန်ဆောင်မှုများ**

ဗိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊
အစည်းအဝေးများ၊ရှင်ပြုရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊
မင်္ဂလာဆောင်ပွဲများ၊မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ၊
ဈေးရောင်းပွဲတော်များ၊အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊
အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊
အလှဓာတ်ပုံရိုက်ကူးခြင်းများအတွက် ခန်းမများ ငှားရမ်းခြင်းနှင့်
ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ

၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။
ဖုန်း - ၀၉ ၆၉၅၀၀၈၆၈၀၊ ၀၉ ၆၆၇၈၉၉၉၉၁၊ ၀၉ ၆၆၇၈၉၉၉၉၂၊ ၀၂ ၄၀၃၀၄၃၈၊ ၀၂ ၄၀၃၀၄၃၉ ။

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော



အရေးပါးကားကော်ဖီစေ့စစ်စစ်ကိုသာ
အသုံးပြုထားကြောင်း အာမခံပါသည်။

ပြင်ဦးလွင်

# နန်းမြိုင်ကော်ဖီ




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## ဝန်ထမ်းအလိုရှိသည်

မန္တလေးမြို့ ပင်လယ်စာဆိုင်တွင် တာဝန်ထမ်းဆောင်ရန်
**ကုန်တင်ကုန်ချလုပ်သား (၇) ဦး အလိုရှိသည်**
- နေစရာပေးသည်။ စားစရာမပေးပါ။
- မှတ်ပုံတင်ရှိရမည်။
- အလုပ်ကြိုးစားလုပ်နိုင်သူဖြစ်ရမည်။
- အခြေခံလစာ 290,000
- ရက်မှန်ကြေး 30,000
- တစ်လ (၂) ရက် နားရက်ရှိသည်။

ဆက်သွယ်ရန် 09-254552882 , 09-440899996

## ပျောက်ဆုံးကြောင်း

ကျောက်မဲမြို့နယ်၊ ပန်ဟတ်ရွာနေ မစုမာကလာ (ဘ) ဦးချာဘီလာလ် (၁၃/ကမန(နိုင်)၁၃၉၃၂၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၉၁၃၀၁၉၁

## ဝန်ထမ်းအလိုရှိသည်

မန္တလေးမြို့ လမ်း60, 109လမ်း ကုန်ခြောက်ဆိုင်တွင်
**စာရေးမ (၂) ဦး အလိုရှိသည်**
- အထက်တန်းအောင်မြင်သူဖြစ်ရမည်။
- နေစရာပေးသည်။ မှတ်ပုံတင်ရှိရမည်။
- အခြေခံလစာ 200,000
- ရက်မှန်ကြေး 20,000
- ဆက်သွယ်ရန် 09-408564881

## ဖခင်အမည်မှန်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(၄၄၈)၊ သံလျှက်မော်တောင်၊ ဒေါနခြံ အ. ထ. က(၃၄)Grade-11(A) တွင် ပညာသင်ကြားနေသော မငွေရီဖူး ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးနေဇော်လင်း ဖြစ်ပါကြောင်း။ **ဦးနေဇော်လင်း (၉/ကဆန(နိုင်)၁၈၀၆၄၆)**



**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက်ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခြေခံအကျဆုံးဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်...

❖ MSME လုပ်ငန်းများသည် မိမိတို့နိုင်ငံစီးပွားရေးလုပ်ငန်းများတွင် အခြေခံအကျဆုံးလုပ်ငန်းများဖြစ်သဖြင့် ကုန်ကြမ်းသေချာသည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော MSME လုပ်ငန်းများကို ဆောင်ရွက်ရမည်ဆိုပါက ပြည်နယ်အစွန်အဖျားပါမကျန် နိုင်ငံတစ်ဝန်း အကြားအလပ်မရှိဆောင်ရွက်နိုင်မည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဩဂုတ် ၃၀ ရက်တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၄/၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ရပေါင်းတံခွန်ဆိုက်ဆုဖလားရရှိသည့် ကချင်ပြည်နယ်အသင်းကို တံခွန်ဆိုက်ဆုဖလားပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၂**

၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ပိုးရယ်အောင်သိန်း၊ ဒေါက်တာဘရွေ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ အသင်းလိုက် ဗိုလ်လုပွဲစဉ်အဖြစ် ကချင်ပြည်နယ်အသင်းနှင့် ရေဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၅ ☆**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီများ တွေ့ဆုံ** စာမျက်နှာ - ၁၇

**တောင်သမန်တံတားနှင့် အင်းသို့ လာရောက်လည်ပတ်သည့် ပြည်တွင်း၊ပြည်ပခရီးသွားဦးရေများပြားလျက်ရှိ** စာမျက်နှာ - ၂

**အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် ရဟန်းရှင်လူပြည်သူများက ပြင်းထန်စွာကန့်ကွက်ရှုတ်ချလျက်ရှိ** စာမျက်နှာ - ၂၀

OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la











Phone; 09973037364(Office), 09971922346(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar